# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**


### မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၂၉ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၀)၊ အမှတ် (၀၆၀)


## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး
အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာချက်
၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၈ ရက်)

Coronavirus Disease 2019 (COVID –19) ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID –19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့/တိုးမြှင့်ရန် လိုအပ်သည့် ကိစ္စရပ်များမပါ)အား ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# ပြည်ပနိုင်ငံများရောက် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့



**နေပြည်တော် နိုဝင်ဘာ ၂၈**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံ၌ အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၇၄ ဦးအား ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးက စီစဉ်သည့် (၃၄) ကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၅ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၀၉ ဦးအား ဂျကာတာမြို့ရှိ မြန်မာသံရုံးက ပထမဦးဆုံးအကြိမ် စီစဉ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေ ၆ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ **(အပေါ်ပုံ)**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ *စာမျက်နှာ ၃ ကော်လံ ၅* ✻

**ယနေ့ ဖတ်စရာ**

## ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ကနဦးမှတ်ပုံတင် ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်စတင်မည်

စာ ၃

## ရန်ကုန်တက္ကသိုလ်၊ ထီးတန်းကောလိပ်ကို သတိရမိသည်




ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ် ဆောင်းပါး

စာ ၈၊ ၉

## ရာပြည့်ကြုံသည့် ရန်ကုန်တက္ကသိုလ်

ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ် ဆောင်းပါး

စာ ၁၀၊ ၁၁




**မြန်မာ့အလင်း**

# မိုင်းရပ်စ်ပြန့်ပွားမှု ထိန်းသိမ်းကာကွယ်ရေး

နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်အရ ၂၄ နာရီအတွင်း ဓာတ်ခွဲစစ်ဆေးသူ ၁၇၉၂၄ ဦးအနက် ရောဂါပိုးရှိကြောင်း တွေ့ရှိသည့် ဓာတ်ခွဲအတည်ပြုလူနာ ၁၃၄၄ ဦးရှိ၏။ ၂၄ နာရီအတွင်း ကိုဗစ်ရောဂါကြောင့် တိမ်းပါးဆုံးရှုံးရသူ ၂၂ ဦးရှိ၏။ ကိုဗစ်စတင်ဝင်ရောက်ချိန်ကစ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်းမှာ ရှစ်သောင်းရှစ်ထောင်နီးပါး ရှိသည်။ ရောဂါပျောက်ကင်းကာ ဆေးရုံမှ ဆင်းခွင့်ရသူ ခြောက်သောင်းခုနစ်ထောင်ကျော် ရှိနေသည်။ စစ်ဆေးသူဦးရေနှင့် ရောဂါပိုးတွေ့ရှိသည်ဟု ဓာတ်ခွဲအတည်ပြုထားသူဦးရေအချိုးမှာ ရာခိုင်နှုန်းအားဖြင့် ၇ ဒသမ ၅ ရာခိုင်နှုန်းနီးပါးဖြစ်၏။ ထိုအချိုး ရာခိုင်နှုန်း ၅ ရာခိုင်နှုန်းအောက်သို့ရောက်အောင် အားလုံးသော ကျန်းမာရေးဝန်ထမ်းများက ကြိုးပမ်းနေကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ အထွေထွေအနေအထားကို ဆန်းစစ်ပြီး ရောဂါပြန့်ပွားမှုကို လျှော့ချနိုင်ရန်နှင့် လုံးဝကင်းရှင်းရန်ကို အစွမ်းကုန်ကြိုးပမ်းနေကြခြင်းဖြစ်၏။

ကမ္ဘာတစ်ဝန်းရှိ ကိုဗစ်ရောဂါပိုး ကူးစက်ပြန့်ပွားနေသည့် အရှိန်နှုန်းက ဒုတိယလှိုင်း၊ တတိယလှိုင်းအဖြစ် တိုးမြင့်နေဆဲဖြစ်လေရာ မြန်မာပြည်သူတို့အနေဖြင့် မည်သို့မှ ပေါ့ပေါ့ဆဆနေရန် မသင့်ပါ။ ကမ္ဘာတစ်ခုလုံးအနေဖြင့် ၆၂ သန်းနီးပါးသောသူတို့တွင် ရောဂါပိုးကူးစက်ခဲ့ပြီးဖြစ်သည်။ ကမ္ဘာတစ်လွှားတွင် ကိုဗစ်ကြောင့် သေဆုံးမှု ဦးရေသည် လူတစ်သန်းခွဲနီးပါး ဖြစ်နေပြီ။

ဤတွင် ရောဂါပိုး ကူးစက်ပြန့်ပွားနိုင်မှုသည် နေရာတိုင်းတွင် ဖြစ်နိုင်နေသည်ကို အချိန်ကြာလာသည်နှင့်အမျှ ပိုမိုသေချာလာနေကြောင်းကို အတွေ့အကြုံတို့က ဖော်ပြနေပေသည်။

အဓိကကျသည့်အချက်မှာ အပေါ်ယံကြည့်ကာမျှနှင့် မည်သူ့ထံတွင် ရောဂါပိုးရှိနေသည်ကို မည်သို့မှ မသိနိုင်ပါ။ နှာခေါင်းတွင်းနှင့် အာခေါင်တို့ဖတ်ယူကာ ဓာတ်ခွဲစမ်းသပ်မကြည့်ဘဲ တစ်ဦးတစ်ယောက်၏ ကိုယ်တွင်း၌ ရောဂါပိုးရှိမရှိကို မပြောနိုင်ပါ။ မည်မျှပင် သေချာသည်ဟု ဆိုနေစေကာမူ ရောဂါပိုးရှိနေသူ၊ ထိုသူမှတစ်ဆင့် ရောဂါပိုးကူးစက်မှု ဖြစ်နိုင်သည့်အတွက် မည်သူနှင့်မဆို အတတ်နိုင်ဆုံး ခြောက်ပေခွာ ပြောဆိုဆက်ဆံခြင်းက လိုအပ်ချက် ဖြစ်ပါသည်။

ကာကွယ်ဆေးတို့ စတင်ပေါ်ပေါက်နေပြီဖြစ်ပြီး အဆုံးသတ်အတည်ပြုကာ မကြာခင်တွင် နိုင်ငံအနှံ့သို့ ဖြန့်ဝေထိုးနှံရန် အစီအစဉ်များ ရေးဆွဲနေသည်ကိုလည်း သိနေရပါသည်။ ထိုသို့ ကာကွယ်ဆေးထိုးနှံနိုင်ပြီဆိုသည်နှင့် ကမ္ဘာတစ်လွှား ပျံ့နှံ့နေခြင်းကို များစွာထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

ကာကွယ်ဆေးထိုးနှံခြင်း၊ တစ်ကိုယ်ရေကျန်းမာရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု နည်းလမ်းများကို လိုက်နာနေထိုင်ခြင်း၊ ကိုယ်ခံအားကောင်းရန် ဂရုစိုက်ခြင်းတို့ဖြင့် ကိုဗစ်ရောဂါပိုးကို အနိုင်ရမည်ဟုလည်း ယုံကြည်မျှော်လင့်နေကြပြီဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်း ကိုဗစ်ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရန်ကိုလည်း စနစ်တကျ စီမံနေပြီဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီအမံ အကူအညီဖြင့် ဆေးကို အချိုးကျရရှိနိုင်ရေးကို ညှိနှိုင်းဆောင်ရွက်နေကြပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံသူ နိုင်ငံသားတို့ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဘတ်ဂျက်နှင့် ရန်ပုံငွေတို့ကို စတင်စီမံပြင်ဆင်နေပြီလည်း ဖြစ်ပါသည်။ သေချာလုံလောက်သော အကာအကွယ်ဖြစ်ရေးအတွက် ကြိုးပမ်းပြင်ဆင်နေသည်မှန်သော်လည်း အားလုံးအဆင်သင့်မဖြစ်သေးသည့်အခြေအနေတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်များ စည်းမျဉ်းစည်းကမ်းနှင့်ဥပဒေများကို လိုက်နာရင်း၊ အိမ်တွင်းနေ၊ လက်ဆေး၊ နှာခေါင်းစည်းတပ်ဆိုသည့် အခြေခံကာကွယ်ရေးနည်းလမ်းများကို မဖြစ်မနေ ကျင့်ဆောင်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါကြောင်း ။ ။




## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ခရမ်းမြို့နယ် ပိန်းကန်ဓာတ်အားခွဲရုံနှင့် ဖွဲ့ပလိုင်ဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားများ တက်ရောက်ဖွင့်လှစ်




ရန်ကုန် နိုဝင်ဘာ ၂၈

ရန်ကုန်လျှပ်စစ် ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ပိန်းကန်ဓာတ်အားခွဲရုံနှင့် ဖွဲ့ပလိုင်ဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အဆိုပါ ဓာတ်အားခွဲရုံများ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက် ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ခရမ်းမြို့နယ် 33/11 KV,5MVA ပိန်းကန်ဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာမော်ကွန်းကိုရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ခရမ်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအေးမင်းတို့က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြပြီး ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဖွဲ့ပလိုင် 33/11 KV, 10 MVA ဓာတ်အားခွဲရုံဖွင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရ၏ ရန်ပုံငွေအသုံးပြု၍ တိုင်းဒေသကြီး အတွင်းရှိ ကျေးလက်ဒေသများတွင် ဓာတ်အားခွဲရုံ ၁၃ ရုံ တည်ဆောက်ခဲ့ပြီး မြောက်ပိုင်းခရိုင်အတွင်း 33/11 KV, 5 MVA ဓာတ်အားခွဲရုံ ခြောက်ရုံဖြစ်သည့် မှော်ဘီမြို့နယ် ရေကျော်နှင့် ဝါးနက်ချောင်း၊ ထန်းတပင်မြို့နယ် ကျူတောနှင့် တက်သစ်ကျွန်း၊ တိုက်ကြီးမြို့နယ် ဂျိုးဖြူနှင့် သိမ်ကုန်းဓာတ်အားခွဲရုံများကို ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ တောင်ပိုင်းခရိုင်တွင် ခွဲရုံခုနစ်ရုံတည်ဆောက်နိုင်ခဲ့ပြီး တွံ့တေးမြို့နယ် ခလုပ်၊ ကော့မှူးမြို့နယ် ညောင်ကုန်း၊ သုံးခွမြို့နယ် ဒေါင့်ကြီး၊ ယခု ခရမ်းမြို့နယ် ပိန်းကန်နှင့် ဖွဲ့ပလိုင်ဓာတ်အားခွဲရုံတို့ကို ထပ်မံဖွင့်လှစ်ပေးခြင်းဖြင့် ဓာတ်အားခွဲရုံ ၁၁ ရုံ ဖွင့်လှစ်ပြီး ကျန်ရှိသော နှစ်ရုံကိုလည်း မကြာမီဖွင့်လှစ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလကုန်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးလက်နေပြည်သူများ ၁၀၀ ရာခိုင်နှုန်း လျှပ်စစ်ဓာတ်အားရရှိမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် လျှပ်စစ်ဓာတ်အား တည်ငြိမ်ပြည့်ဝစွာရရှိရေးတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဖွဲ့ပလိုင် 33/11 KV , 10 MVA ဓာတ်အားခွဲရုံ၏ ကမ္ပည်းကျောက်စာမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လှည်းကူးမြို့နယ် ပြည်တော်သာရပ်ကွက်ရှိ ငြိမ်းချမ်းရေးပန်းခြံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် ဖွင့်လှစ်ပေးကြသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

## စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုဓာတ်ခွဲခန်း နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် ရရှိခြင်းအခမ်းအနား ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၈

စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ဓာတ်ခွဲခန်း ( FIDSL ) သည် မြန်မာနိုင်ငံ၏ ပုဂ္ဂလိကစားသောက်ကုန် ဓာတ်ခွဲခန်းများတွင် ပထမဦးဆုံး နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် ISO / IEC 17025 : 2017 (အဏုဇီဝပိုးစစ်ဆေးရေး ဓာတ်ခွဲခြင်းလုပ်ငန်း) ရရှိခြင်း မိတ်ဆက်အခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် Virtual Meeting ပုံစံဖြင့် ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ဓာတ်ခွဲခန်းသည် မြန်မာနိုင်ငံ အမျိုးသားအသိအမှတ်ပြုလက်မှတ် ထုတ်ပေးရေးအဖွဲ့ (National Accreditation) နှင့် နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ထုတ်ပေးရေးအဖွဲ့ Singapore Accreditation Council တို့၏ ပူးပေါင်းအစီအစဉ်ဖြင့် စစ်ဆေးအတည်ပြုပေးသည့် နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် ISO/IEC 17025:2017 အား ၂၀၂၀ ပြည့်နှစ် မေလတွင် ရရှိခဲ့သည်။

စားသောက်ကုန် လုပ်ငန်းများအတွက် စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုဓာတ်ခွဲခန်းမှ ဆောင်ရွက်ပေးနေမှုများကို သိရှိနိုင်စေရန်အတွက် စားသောက်ကုန်လုပ်ငန်းရှင်များ တက်ရောက်သင့်ကြောင်း သိရသည်။

တက်ရောက်လိုသူများသည် https : bit . ly / FIDSL Event သို့ စာရင်းပေးပို့ပါက Meeting Link, Meeting ID နှင့် Passcode တို့ကို ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်သူရ**

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် နေပြည်တော်ကောင်စီနယ်မြေရှိ National Control Center (NCC)၊ ၂၃၀ ကေဗွီ နေပြည်တော်(၂) ပင်မဓာတ်အားခွဲရုံနှင့် ၂၃၀ ကေဗွီ ပျဉ်းမနား ပင်မဓာတ်အားခွဲရုံတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၈**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ နိုင်ငံတော်ဓာတ်အားစနစ်ကွပ်ကဲရေး ဗဟိုဌာန၊ ပုဗ္ဗသီရိ မြို့နယ်ရှိ ၂၃၀ ကေဗွီ နေပြည်တော် (၂) ပင်မဓာတ်အားခွဲရုံနှင့် ပျဉ်းမနားမြို့နယ်ရှိ ၂၃၀ ကေဗွီ ပျဉ်းမနား ပင်မဓာတ်အားခွဲရုံတို့သို့ သွားရောက်ပြီး နိုင်ငံတော်၏ တိုးတက်သုံးစွဲလျက်ရှိသော လျှပ်စစ်ဓာတ်အား သယ်ဆောင်ဖြန့်ဖြူးပေးမှုနှင့် တိုးတက်ထုတ်လုပ်လာမည့် လျှပ်စစ်ဓာတ်အားများကို သယ်ဆောင်ပေးနိုင်ရန်အတွက် ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)



### ရှင်းလင်းတင်ပြ

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နိုင်ငံတော်ဓာတ်အားစနစ် ကွပ်ကဲရေးဗဟိုဌာန National Control Center (NCC)သို့ ရောက်ရှိရာ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိမ်းသူရ က ဓာတ်အားစနစ်တည်ငြိမ်စွာ စဉ်ဆက်မပြတ် ဓာတ်အားပေးနိုင်ရေးအတွက် လက်ရှိဆောင်ရွက်နေမှု၊ အနာဂတ်တွင် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားစနစ်သို့ ဝင်ရောက်လာပါက ထိန်းညှိဆောင်ရွက်မည့် အစီအစဉ်၊ ဆက်လက်ဆောင်ရွက်မည့် အခြေအနေ၊ Smart Grid ဖြစ်ပေါ်လာစေရေးအတွက် ဆောင်ရွက်ထားရှိမှု ၊ အရည်အသွေးကောင်းမွန်သော ဓာတ်အားစနစ်နှင့် Voltage ပြည့်ဝစွာ ဓာတ်အားပို့လွှတ်နိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ဓာတ်အားစနစ်အတွင်းရှိ ခွဲရုံများအား SCADA System ဖြင့် Automation စနစ်မောင်းနှင်၍ Unmanned Sub-Station များအဖြစ် ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နိုင်ငံတော် ဓာတ်အားစနစ်ကွပ်ကဲရေးဗဟိုဌာန၏ လုပ်ငန်းများ လည်ပတ်နေမှုနှင့် ကွပ်ကဲဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ၂၃၀ ကေဗွီ နေပြည်တော် (၂) ပင်မ ဓာတ်အားခွဲရုံနှင့် ၂၃၀ ကေဗွီ ပျဉ်းမနား ပင်မဓာတ်အားခွဲရုံတို့သို့ ရောက်ရှိကြရာ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကျော် က နိုင်ငံတော်ဓာတ်အားစနစ်ရှိ အဓိကကျသော ခွဲရုံများ၏ လက်ရှိစွမ်းဆောင်နိုင်မှုနှင့် တိုးချဲ့ဆောင်ရွက်မှုများ၊ ပင်မဓာတ်အားခွဲရုံများမှ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးထားသော ဓာတ်အားလိုင်းများတွင် လိုင်းအပြစ်ကြောင့် ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့် ဓာတ်အားပျောက်ဆုံးမှု လျှော့ချနိုင်ရေး ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတိုးသွင်က အဓိကကျသည့် ဓာတ်အားခွဲရုံများမှ တစ်ဆင့် ပြန်လည်ဓာတ်အားဖြန့်ဖြူးပေးနိုင်မှု အခြေအနေကိုလည်းကောင်း၊ နေပြည်တော်(၂) ဓာတ်အားခွဲရုံမှူးနှင့် ပျဉ်းမနား ဓာတ်အားခွဲရုံမှူးတို့က ဓာတ်အားလက်ခံပို့လွှတ် ဖြန့်ဖြူးပေးနေမှုအခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

### ဓာတ်အားတိုးမြှင့် ထုတ်လုပ်နိုင်ရေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် နှစ်စဉ်တိုးတက်လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် စွမ်းအင်အရင်းအမြစ်အမျိုးမျိုးကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားတိုးမြှင့် ထုတ်လုပ်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ထုတ်လုပ်ပြီး လျှပ်စစ်ဓာတ်အားများကို သယ်ပို့ပေးနိုင်ရန်လည်း တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်သော ၅၀၀ ကေဗွီ ပြည်ထောင်စုမဟာဓာတ်အားလိုင်း (Union Grid) အသစ်များဖြစ်သည့် Eastern Grid ၊ Western Grid ၊ Southern Grid ၊ Northern Grid စသည်တို့ကိုလည်း စီမံဆောင်ရွက်လျက်ရှိရာ ၅၀၀ ကေဗွီ မိတ္ထီလာ (ကံကောင်း)-တောင်ငူ(စပါးကြွယ်)-ဘုရားကြီး(ကမာနတ်) ပြည်ထောင်စုမဟာဓာတ်အားလိုင်းစီမံကိန်းသည် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးမည်ဖြစ်ကြောင်း၊ အဆိုပါ ၅၀၀ ကေဗွီလိုင်းများ ပြီးစီးသွားပါက လက်ရှိ ရံဖန်ရံခါ ဖြစ်တတ်သည့် System Breakdown ဖြစ်ခြင်းများကိုလည်း ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ ဓာတ်အားစနစ်အတွင်း Automation ရရှိနိုင်ရေးအတွက် SCADA System Network တိုးချဲ့တည်ဆောက်နိုင်ရန် ဓာတ်အားလိုင်းများတွင် Optical Fiber Ground Wire (OPGW) ကြိုးများ အစားထိုးလဲလှယ်တပ်ဆင်လျက်ရှိသည်ကို ပိုမိုတိုးတက်မြန်ဆန်အောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ Smart Grid အဖြစ် ဖော်ဆောင်ရေး ရည်ရွယ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လိုင်းတစ်လိုင်းအပြစ် ဖြစ်ပွားချိန်တွင် အခြားလိုင်းတစ်လိုင်းမှ ပြန်လည်ဓာတ်အားပေးနိုင်ရန်အတွက် Single Circuit မှ Double Circuit ဓာတ်အားလိုင်းများဖြစ်အောင် တည်ဆောက်ခြင်းနှင့် ဓာတ်အားစနစ် ပိုမိုကောင်းမွန်စေ၍ ယုံကြည်စိတ်ချရသော (N-1 Criterion) System နှင့် ဓာတ်အားစနစ် တည်ငြိမ်စေရေးအတွက် Radial System အပြင် Ring System များ အသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အဆိုပါ System များနှင့်အတူ ဓာတ်အားထုတ်လုပ်မှု၊ ဓာတ်အားဖြန့်ဖြူးမှုများကိုလည်း ဟန်ချက်ညီညီ တိုးတက်ပြီးစီးအောင် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ၎င်းအပြင် ဓာတ်အားစနစ်အား ထိန်းသိမ်းကွပ်ကဲနိုင်ရေးအတွက် National Control Center (NCC) နေပြည်တော်၊ Load Dispatching Center (LDC) ရန်ကုန် စသည့် Control Center များကို ထားရှိဆောင်ရွက်ပြီးဖြစ်သကဲ့သို့ ဒေသအလိုက် ဓာတ်အား ထိန်းညှိကွပ်ကဲရေးဌာန Regional Control Center (RCC) အဖြစ် မန္တလေးနှင့် အခြားသင့်လျော်သော နေရာများတွင် ဆောင်ရွက်ရန် လျာထားစီမံ ဆောင်ရွက်လျက်ရှိကြောင်း။

### ဇုန်လေးခု သတ်မှတ်ဆောင်ရွက်

ဝန်ကြီးဌာနအနေဖြင့် နှစ်စဉ်တိုးတက်သုံးစွဲလာသော လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများ၌ ကွပ်ကဲမှု လွယ်ကူစေရန် ဇုန်လေးခုကို သတ်မှတ်ပြီး စီစဉ်ဆောင်ရွက်လျက်ရှိရာ Zone(A)အဖြစ် မန္တလေးဓာတ်အားပေး စက်ရုံစုကိုလည်းကောင်း၊ Zone(B)အဖြစ် နေပြည်တော် ဓာတ်အားပေးစက်ရုံစုကိုလည်းကောင်း၊ Zone(C)အဖြစ် မကွေး ဓာတ်အားပေးစက်ရုံစုကိုလည်းကောင်း၊ Zone(D) အဖြစ် ရန်ကုန်ဓာတ်အားပေးစက်ရုံစုကိုလည်းကောင်း ဆောင်ရွက်လျက်ရှိရာ ၎င်းလုပ်ငန်းများကိုလည်း ဟန်ချက်ညီညီ တိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် စီမံကိန်းများကို ဆောင်ရွက်လျက်ရှိရာ ယခုလို ကိုဗစ်ထိန်းသိမ်းမှုကာလအတွင်း၌ စီးပွားရေး ပြန်လည်ဦးမော့လာရေးကို အထောက်အကူဖြစ်စေရန် သက်ဆိုင်သော ပြည်သူများ၏ လက်ဝယ်သို့ ငွေကြေးစီးဆင်းမှု လျင်မြန်စေရန် စီမံကိန်းများ၏ သတ်မှတ်လျာထားချက်များ ပြီးမြောက်သည်နှင့် သတ်မှတ်ငွေကြေးပေးချေမှုများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း အရည်အသွေးပြည့်မီစေရေး စစ်ဆေးကြပ်မတ်သွားရန် လိုအပ်ပါကြောင်း၊ ပြည်သူလူထု၏ အခြေခံကျသော လိုအပ်ချက်မှာ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီး ဖြစ်သည့်အလျောက် မိမိတို့၏ ကြိုးပမ်းဆောင်ရွက်မှုများသည် ပြည်သူလူထု၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် သက်ဆိုင်နေသဖြင့် ပေးထားသည့် ရည်မှန်းချက်များအပေါ် အထူးအလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းနှင့် တစ်ဖက်တွင်လည်း မိမိတို့၏ လျှပ်စစ်မီးရရှိမှုအပေါ် မူတည်၍ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာမည် ဖြစ်သည့်အတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပင်မဓာတ်အားခွဲရုံများအတွင်း ဓာတ်အားလက်ခံပို့လွှတ်ဖြန့်ဖြူးနေမှုအခြေအနေများနှင့် တိုးချဲ့မည့်လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**

## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ကနဦးမှတ်ပုံတင်ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်စတင်မည်

**နေပြည်တော် နိုဝင်ဘာ ၂၈**

COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ ခွင့်ပြုချက်အရ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ကနဦးယာဉ်မှတ်ပုံတင်ဌာန (နေပြည်တော်၊ ထောက်ကြန့်၊ ရွှာသာကြီး၊ မန္တလေး) ရုံးများ၏ ကနဦးမှတ်ပုံတင်ဝန်ဆောင်မှုလုပ်ငန်းများကို ၁.၁၂.၂၀၂၀ ရက် (အင်္ဂါနေ့)မှစတင်၍ ပြန်လည်လက်ခံ ဆောင်ရွက်သွားမည်ဖြစ်သည်။

မော်တော်ယာဉ်များ ကနဦးမှတ်ပုံတင်ရာတွင် ပေးဆောင်ရမည့် ယာဉ်ထုတ်ရက်လွန်ဒဏ်ကြေးကို ဝန်ဆောင်မှုရပ်ဆိုင်းထားသည့် ၁၄.၉.၂၀၂၀ ရက်နေ့မှ ၃၀.၁၁.၂၀၂၀ ရက်နေ့အထိ (၇၈)ရက်ကာလအား ထည့်သွင်းရေတွက်ခြင်းမပြုဘဲ လျှော့ပေါ့ဆောင်ရွက်ပေးမည်ဖြစ်သည်။

သို့သော် ၂၈.၂.၂၀၂၁ ရက်နောက်ပိုင်းမှ လာရောက်ဆောင်ရွက်သည့် ကနဦးမှတ်ပုံတင်ယာဉ်များသည် ယာဉ်ထုတ်ရက်လွန် ဒဏ်ကြေးငွေ လျှော့ပေါ့ခွင့်ရမည်မဟုတ်ဘဲ မူလသတ်မှတ်ချက်များအတိုင်း ဒဏ်ကြေးများ ပေးဆောင်ရမည်ဖြစ်သည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ မှတ်ပုံတင်ရုံးများ ပြန်လည်ဖွင့်လှစ်ရာ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ COVID-19 ရောဂါကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန် (Version-1.0)ပါ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ရာ ယာဉ်မှတ်ပုံတင်ရန် လာရောက်မည့်သူများ လိုက်နာဆောင်ရွက်ရန် သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လိုက်နာဆောင်ရွက်ရမည့် သတ်မှတ်ချက်များနှင့်အညီ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်စေရန်အတွက် Online Booking လျှောက်ထားရာ Application Letter ၌ ပြည့်စုံစွာထည့်သွင်းဖော်ပြထားပြီးဖြစ်ကြောင်း၊ သို့ပါ၍ ယာဉ်မှတ်ပုံတင်ရန်လာရောက်မည့်သူများသည် ၎င်းသတ်မှတ်ချက်များအား သေချာစွာ ဖတ်ရှုပြီး တိကျစွာ အလေးထားလိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။**သတင်းစဉ်**

❊ *ရှေ့ဖုံးမှ*

သီးသန့်စီစဉ်ပေးသည့် နေရာ/သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

### ညှိနှိုင်းဆောင်ရွက်

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသ (၁၀) နှစ်ပြည့် အခမ်းအနား၌ ဗီဒီယိုမိန့်ခွန်းပြောကြား

နေပြည်တော် နိုဝင်ဘာ ၂၈

**အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသ (၁၀)နှစ်ပြည့်အခမ်းအနား (China – ASEAN Free Trade Area 10th Anniversary Forum) ကို ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ရှိ Nanning International Convention & Exhibition Center ၌ ကျင်းပသည်။**




အဆိုပါအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဗီဒီယိုမိန့်ခွန်း ပေးပို့ပြောကြားရာတွင် ယခု ၂၀၂၀ ပြည့်နှစ်သည် အာဆီယံ – တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်သည့် (၁၀)နှစ်ပြည့်သည့် နှစ်တစ်နှစ်ဖြစ်သည့်အပြင် တရုတ်-အာဆီယံ ဒစ်ဂျစ်တယ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု စတင်ဆောင်ရွက်သည့်နှစ်လည်း ဖြစ်ပါကြောင်း၊ အာဆီယံ – တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသတွင် နိုင်ငံပေါင်း ၁၁ နိုင်ငံပါဝင်ပြီး စားသုံးသူဦးရေ ၂ ဘီလီယံခန့်ရှိသည့်အပြင် ကမ္ဘာတွင် စီးပွားရေးဖွံ့ဖြိုးမှု အမြန်ဆုံး ဖြစ်သည့် အုပ်စုတစ်ခုဖြစ်ပါကြောင်း၊ အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှု ဒေသ စတင်ထူထောင်ခဲ့စဉ်မှစ၍ တရုတ်နိုင်ငံသည် အာဆီယံ၏ အကြီးမားဆုံးကုန်သွယ်မှု မိတ်ဖက် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါကြောင်း၊ ယခုနှစ်တွင် နိုင်ငံများအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကို ရင်ဆိုင်ကြုံတွေ့နေရသော်လည်း အာဆီယံနှင့် တရုတ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်မှုမှာ တိုးတက်လျက်ရှိပါကြောင်း။

ထို့ပြင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာလည်း တစ်နှစ်ပြီးတစ်နှစ် တိုးတက်လျက်ရှိပါကြောင်း၊ ယနေ့ အခမ်းအနားသည် အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်မှုများကို နောင်နှစ်ပေါင်းများစွာတိုင် နက်နက်ရှိုင်းရှိုင်း နီးကပ်စွာ ဆောင်ရွက်နိုင်ရန်အတွက် အခွင့်အလမ်းများ ဖော်ထုတ်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကာလအတွင်း ဒေသတွင်း ကုန်စည်စီးဆင်းမှုများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး၊ စီးပွားရေးလုပ်ငန်း စတင်ဆောင်ရွက်သူများ၊ အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ၊ ခုခံနိုင်မှုအားနည်းသော အစုအဖွဲ့များအတွက် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းသစ်များ ဖော်ထုတ်ပေးနိုင်ရေးကို မိမိတို့အနေဖြင့် ယခင်ကထက် နှစ်ဆကြိုးစား အားထုတ်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရန်၊ စီးပွားရေးအခွင့်အလမ်းသစ်များ ဖော်ဆောင်ရန်၊ ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးရန်နှင့် အလားအလာရှိသည့် နည်းပညာများအား အသုံးပြုရေး တွန်းအားပေး ဆောင်ရွက်ရန်အတွက် အတူတကွ လက်တွဲဆောင်ရွက်ရန်တို့ကိုလည်း ယနေ့အခမ်းအနားတွင် အလေးထား ဖော်ပြထားပါကြောင်း။

ဒစ်ဂျစ်တယ် ပေါင်းစည်းမှုသည် ဒေသတွင်း စီးပွားရေးယှဉ်ပြိုင်နိုင်စွမ်း အားအတွက် အလွန်အရေးကြီး ပါကြောင်း၊ အာဆီယံနှင့် တရုတ်နိုင်ငံ အကြား ဒစ်ဂျစ်တယ်စီးပွားရေးမြှင့်တင်နိုင်ရန်အတွက် Cyber Space ကို လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရေး လိုအပ်သည့် နည်းပညာဆိုင်ရာ အဆင့်မြှင့်တင်မှုများကို ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဒစ်ဂျစ်တယ်ခေတ်တွင် အာဆီယံ-တရုတ် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရန်အတွက် အစိုးရ အဖွဲ့အစည်းများသာမက ပြည်သူလူထု အသိုက်အဝန်းတစ်ခုလုံးကို အခြေပြု၍ အခွင့်အလမ်းများ ဖော်ထုတ်နိုင်ရန် ကြိုးစားဖော်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသ (၁၀)နှစ်ပြည့် ဖိုရမ်အခမ်းအနားတွင် ကိုဗစ်-၁၉ ကာလအတွင်း ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို ကျော်လွှားနိုင်ရေး ဆောင်ရွက်မှုများအပြင် post Covid -19 ကာလအတွက် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာရေး၊ ပညာရေးနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်နိုင်ရေး အမြင်ချင်းဖလှယ်မှုများကို ဆောင်ရွက်နိုင်သည့် သမိုင်းမှတ်တိုင်တစ်ခု ဖြစ်လာမည်ဟုလည်း ယုံကြည်ပါကြောင်း။

ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများသည် နိုင်ငံရေး ကတိကဝတ်တစ်ခုတည်းဖြင့် မအောင်မြင်နိုင်ပါကြောင်း၊ နိုင်ငံများအကြား မတူညီသည့် အခြေအနေနှင့် နက်နဲသိမ်မွေ့သည့် တန်ဖိုးထားမှုများကို သိရှိနားလည်မှုမှာလည်း အရေးကြီးပါကြောင်း၊ မိမိအနေဖြင့် အာဆီယံ-တရုတ်နိုင်ငံများအကြား လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော ပတ်ဝန်းကျင်တစ်ခုကို ထိရောက်စွာ ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသ (၁၀)နှစ်ပြည့် အခမ်းအနား၌ အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများနှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်တို့က ဗီဒီယိုမိန့်ခွန်းများ ပေးပို့ပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသည့် အာဆီယံသံအမတ်ကြီးများနှင့် တရုတ်နိုင်ငံမှ တာဝန်ရှိသူများက Key Note Speech များပြောကြားပြီး လွတ်လပ်သော ကုန်သွယ်မှုဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ စီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသအတွင်း ဈေးကွက်အခွင့်အလမ်းများနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရေးအတွက် ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။

(၁၇) ကြိမ်မြောက် အာဆီယံ-တရုတ်ကုန်စည်ပြပွဲကို နိုဝင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## လှည်းကူးမြို့နယ်ရှိ ငြိမ်းချမ်းရေးပန်းခြံဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်

**ရန်ကုန် နိုဝင်ဘာ ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ပြည်တော်သာရပ်ကွက် စက်မှုကွက်သစ် ယင်းတိုက်ပင်ကျေးရွာရှိ ငြိမ်းချမ်းရေးပန်းခြံ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၄ နာရီ မိနစ် ၄၀ က ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားရာတွင် လှည်းကူးမြို့နယ်သည် ယခင်က လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ နောက်ကျနေသည်ကို တွေ့ရှိရသည့်အတွက် မိမိတို့ပါတီအနိုင်ရရှိခဲ့သည့်အချိန်မှစ၍ ဒေသခံပြည်သူလူထု၏ အခွင့်အလမ်းများနှင့် လိုအပ်ချက်များကို ဆောင်ရွက်ပေးနိုင်ရန်အတွက် လွှတ်တော်အတွင်းသို့ တင်ပြခဲ့ကြောင်း၊ ယခုအချိန်တွင် လှည်းကူးမြို့နယ်အတွင်း ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ၃ မိုင် ၁ ဖာလုံတွင် Eco Green City စီမံကိန်း၊ ညောင်နှစ်ပင်တွင် ကိုရီးယား-မြန်မာစက်မှုဇုန်စီမံကိန်း၊ ဆားတလင်း-ကျွန်းကုန်းအနီးတွင် စင်ကာပူ-မြန်မာ စက်မှုဇုန်စီမံကိန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ရေးအတွက် ယခုကဲ့သို့ ငြိမ်းချမ်းရေးပန်းခြံဆောက်လုပ်ခဲ့ခြင်း ဖြစ်ကြောင်း၊ လှည်းကူးမြို့နယ်တွင် မိမိသည် ဝန်ကြီးချုပ်တစ်ဦးဖြစ်ခဲ့သည့်အတွက် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအနေဖြင့် တစ်နေ့တာပင်ပန်းမှုများအား အပန်းဖြေအနားယူနိုင်ရန်အတွက် ယခုပန်းခြံကို ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

မြို့နယ်စည်ပင်သာယာရေးကော်မတီ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ဦးက ငြိမ်းချမ်းရေးပန်းခြံ တည်ဆောက်ခဲ့မှုအခြေအနေများနှင့် စပ်လျဉ်း၍ လှည်းကူးမြို့နယ်အနေဖြင့် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတို့တွင် ယခင်နှစ်များထက် ဖွံ့ဖြိုးတိုးတက်လာတာကို တွေ့မြင်ကြပြီးဖြစ်ကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစတင်၍ မြို့ပြကျေးလက်ဒေသများတွင် ယခင်ကထက်သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် ကျေးလက်ဒေသများအနေဖြင့် မြို့နယ်အတွင်း ကျေးလက်လမ်း ၉၂ လမ်းနှင့် ရာသီမရွေးသွားလာနိုင်သည့်လမ်း ၆၈ လမ်း ခင်းပေးနိုင်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၄၈ ရာခိုင်နှုန်းကို မြို့နယ်စည်ပင်သာယာကော်မတီအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည့်အပြင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ခွင့်ပြုငွေ ကျပ်သိန်း ၄၀၀ ခန့်ဖြင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် မြို့နယ် အင်ဂျင်နီယာမှူး ဒေါ်ခင်သန်းဝင်း ဦးဆောင်၍ အများပြည်သူများ အေးချမ်းစွာအပန်းဖြေ အနားယူနိုင်စေရန်အတွက် အလျားပေ ၂၀၀၊ အနံ ပေ ၂၀၀ ရှိ ငြိမ်းချမ်းရေးပန်းခြံကို ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းတန်၊ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြတ်မာလာထွန်းတို့က အဆိုပါပန်းခြံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ငြိမ်းချမ်းရေးပန်းခြံ ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

နိုင်လင်း(လှည်းကူး)

## မြန်မာ့ဆန် တရုတ်နှင့် ဖိလစ်ပိုင်နိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၈**

ကိုဗစ်-၁၉ကာလတွင် မြန်မာ့ဆန်ကို ပြည်ပနိုင်ငံများမှ မှာယူလျက်ရှိရာ အထူးသဖြင့် တရုတ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များအသင်းမှ သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မြန်မာ့ဆန်ကို နိုင်ငံပေါင်း ၆၅ နိုင်ငံသို့ တင်ပို့လျက်ရှိပြီး ပြည်ပနိုင်ငံအချို့မှာ သဘာဝဘေးအန္တရာယ်ကြောင့် ဆန်ပျက်စီးမှုရှိခဲ့၍ မြန်မာ့ဆန်ဝယ်လိုအား ကောင်းခဲ့ခြင်းဖြစ်သည်။

"ပြည်ပတင်ပို့မှုနဲ့ ပြည်တွင်းစားသုံးမှုဖူလုံမှုကို ချင့်ချိန်ပြီး တင်ပို့ရပါတယ်။ ပြည်တွင်းစားသုံးမှု ဖူလုံပြီး ပြည်ပဝင်ငွေရရှိဖို့ အချိုးညီမျှတအောင် ဆောင်ရွက်ရပါတယ်။ အထွက်တိုးအောင်စိုက်ပျိုးဖို့ လိုပါတယ်။ လယ်ယာကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုများပြီး အရည်အသွေးကောင်းတဲ့ဆန်ကို ပိုမိုထုတ်လုပ်ဖို့၊ ဈေးကွက်အတွက် အရန်ဆန်နဲ့ နိုင်ငံတော်ရိက္ခာဆန်ထားပြီး ဈေးကွက်ထိန်းချုပ်နိုင်ဖို့ စီမံဆောင်ရွက်နေပါတယ်။ လက်ရှိမြန်မာ့ဆန်ကို ပြည်ပနိုင်ငံတွေထဲမှာ တရုတ်နဲ့ ဖိလစ်ပိုင်က အများဆုံး ဝယ်ယူနေတာပါ"ဟု မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောသည်။

မြန်မာနိုင်ငံတွင် ဆန်စပါးထုတ်လုပ်မှုမှာ တစ်နှစ်လျှင် ဆန်တန်ချိန် ၁၂ သန်းကျော် ထုတ်လုပ်လျက်ရှိပြီး သုံးစွဲမှုမှာ ၈ သန်းခွဲ၊ ၉ သန်းရှိရာ ယခုနှစ်မိုးရာသီတွင် ဆန်ထွက်နှုန်းလျော့ခဲ့သော်လည်း ပြည်ပနိုင်ငံသို့ မြန်မာ့ဆန်တင်ပို့လျက်ရှိကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် ၁ ဒသမ ၈ သန်းကျော်နှင့် ဆန်ကွဲတန်ချိန် ၀ ဒသမ ၅ သန်းကျော်ဖြင့် တန်ချိန်ပေါင်း ၂ ဒသမ ၃ သန်းကျော် တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေအားဖြင့် အမေရိကန်ဒေါ်လာ ၇၀၉ ဒသမ ၆၉၃ သန်းရရှိခဲ့ကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် ၁ ဒသမ ၆ သန်းကျော်နှင့် ဆန်ကွဲတန်ချိန် ၂ ဒသမ ၅ သန်းကျော် တင်ပို့ခဲ့ရာ အမေရိကန်ဒေါ်လာ ၇၄၉ ဒသမ ၃၈၈ သန်းရရှိခဲ့သည်။ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆန်နှင့် ဆန်ကွဲတင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ သန်း ၈၀ ကျော် ပိုမိုရရှိခဲ့ကြောင်း သိရသည်။

ယခုနှစ် မိုးစပါးအထွက်နှုန်းနည်းခဲ့သောကြောင့် ပြည်ပတင်ပို့မှုကို ချိန်ဆဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းစားသုံးမှုဖူလုံရန် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းက ထိန်းညှိဆောင်ရွက်လျက်ရှိကာ လက်ရှိတင်ပို့နေသော ပြည်ပနိုင်ငံတို့တွင် တရုတ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းမှ သိရသည်။

သန်းထိုက်

# ဒစ်ဂျစ်တယ်ပလက်ဖောင်းများနှင့် ကိုဗစ်-၁၉ အပေါ် မြန်မာနိုင်ငံတုံ့ပြန်မှု အွန်လိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်းဖြစ်မြောက်ရေးကော်မတီက ကြီးမှူး ကျင်းပသည့် “ဒစ်ဂျစ်တယ်ပလက်ဖောင်းများနှင့် ကိုဗစ်-၁၉ အပေါ် မြန်မာနိုင်ငံ တုံ့ပြန်မှု”ခေါင်းစဉ်ဖြင့် အွန်လိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ကျင်းပရာ(ယာပုံ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးသောင်းစုငြိမ်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးကိုကို (စက်မှုတက္ကသိုလ်) နှင့် ဒေါ်နန်းကလျာဝင်း၊ အတွင်းရေးမှူး ဦးမင်းဆွေလှိုင်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဟောပြောဆွေးနွေးသူများနှင့် ဧည့်ပရိသတ်များက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။




### ပိုမိုမြန်ဆန်ထိရောက်လာမည်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက စွမ်းရည်အာနိသင် ထက်မြက်သော COVID-19 ကာကွယ်ဆေးပေါ်ပေါက်လာသည့်တိုင် ကမ္ဘာ့နိုင်ငံ အားလုံးက COVID-19 ကာကွယ်ဆေးကို လိုအပ်နေသဖြင့် အပြိုင်အဆိုင် ဝယ်ယူရန် ကြိုးစားလျက်ရှိမှု၊ ကမ္ဘာတစ်ခုလုံးအတိုင်းအတာနှင့် နိုင်ငံတစ်ဝန်းလုံး COVID-19 ကာကွယ်ဆေးထိုးနှံရန်မှာ အချိန်တိုအတွင်းမဖြစ်နိုင်မှု၊ ရောဂါပိုး၏ မျိုးဗီဇပြောင်းလဲလာနိုင်မှုတို့ကြောင့် COVID-19 ရောဂါသည် ကမ္ဘာတွင် ကြာရှည်စွာ ရှိနေနိုင်သည့်အတွက် မိမိတို့သက်ဆိုင်သူအားလုံးက COVID-19 နှင့် သက်ဆိုင်သည့် ဒစ်ဂျစ်တယ်ပလက်ဖောင်းများကို အမြန်ဆုံးဆက်လက် အားဖြည့်ခြင်းဖြင့် လည်းကောင်း၊ COVID-19 ကာကွယ်ဆေးထိုးလုပ်ငန်းများ ထိုးသည့်အခါ လိုအပ်မည့် ဒစ်ဂျစ်တယ်ပလက်ဖောင်းများကို လည်းကောင်း၊ COVID-19 နှင့် ဆက်နွယ်သည့် ကိစ္စရပ်များအတွက် ထပ်မံလိုအပ်မည့် ဒစ်ဂျစ်တယ်ပလက်ဖောင်းများကို အသစ်ထူထောင်ခြင်းဖြင့် လည်းကောင်း ဆောင်ရွက်ပါက COVID-19 ထိန်းချုပ်မှုလုပ်ငန်းများ ပိုမိုမြန်ဆန်ထိရောက် လာမည်ဖြစ်ပါကြောင်း။

COVID-19 ရောဂါဆိုင်ရာ ဆေးနှင့် ဆေးပစ္စည်းရရှိမှု၊ ဖြန့်ဝေမှု၊ သုံးစွဲမှု များကို စီမံခန့်ခွဲမှုများအတွက် Logistic Management Dashboard ကိုလည်း ဆောင်ရွက်ထားရှိပြီး တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ် ပြည်သူ့ကျန်းမာရေး နှင့်ကုသရေးဦးစီးဌာနများနှင့် ဆေးရုံများတွင် စတင်အသုံးပြုလျက်ရှိပါကြောင်း။

COVID-19 ဆိုင်ရာ သတင်းအချက်အလက်များစီမံခန့်ခွဲမှုစနစ် “Web-based COVID-19 Database Management System Application” (http://covid19db.mohs.gov.mm/) ကိုလည်း ရေးဆွဲထားပြီး အဆိုပါ Application ကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလအတွင်း၌ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ရှိ Quarantine Centre များနှင့် နေပြည်တော်ပြည်သူ့ဆေးရုံ (ခုတင်-၁၀၀၀) တို့တွင် ကနဦး (Pilot) အနေဖြင့် အသုံးပြုဆောင်ရွက်ခဲ့ပြီး လာမည့်ဒီဇင်ဘာလမှစ၍ နေပြည်တော်တွင် စတင်အသုံးပြုသွားမည်ဖြစ်သကဲ့သို့ အခြား တိုင်းဒေသကြီး/ပြည်နယ်တွင်လည်း အသုံးပြုသွားနိုင်ရေး ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါကြောင်း။

### ဆရာဝန်များနှင့် တိုက်ရိုက်မေးမြန်းနိုင်

ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်)၊ ရန်ကုန်၌ “National COVID-19 Call Centre” ကို ၂၀၂၀ ပြည့်နှစ် ဧပြီလတွင် စတင်ဖွင့်လှစ်ခဲ့ပြီး COVID-19 ရောဂါဆိုင်ရာ အကြောင်းအရာများကို Hotline ဖုန်းနံပါတ် "2019" သို့ မည်သည့် ဖုန်းနံပါတ်နှင့်မဆို အခမဲ့ခေါ်ဆိုမေးမြန်းနိုင်ရန်လည်း စီစဉ်ဆောင်ရွက်ထားရှိခဲ့ကြောင်း၊ မြန်မာဘာသာစကားဖြင့် ဖြေဆိုမှုတွင် လိုင်းခွဲများအနေဖြင့် နံပါတ်(၁) ရောဂါလက္ခဏာများအကြောင်း၊ နံပါတ်(၂) ကူးစက်နိုင်သော နည်းလမ်းများအကြောင်း၊ နံပါတ်(၃) ကာကွယ်နိုင်သော နည်းလမ်းများ အကြောင်း၊ နံပါတ်(၄) အသွားအလာကန့်သတ်ခြင်းအကြောင်း၊ နံပါတ် (၅) နောက်ဆုံးရ COVID-19 ပိုးတွေ့လူနာအရေအတွက် ၊ နံပါတ် (၆)Quarantine Center များမှ မေးမြန်းမှုများကို ဖြေကြားရန်နှင့် နံပါတ် (၀) ဆရာဝန်များနှင့် တိုက်ရိုက်မေးမြန်းရန်တို့ကို စီစဉ်ဆောင်ရွက်ထားပါကြောင်း၊ COVID-19 ကူးစက်မှုပထမလှိုင်းတွင် စက်မှ ဖြေဆိုမှုအနေဖြင့် ဧပြီလ၌ အကြိမ်ရေ (၅.၂) သန်းကျော်၊ COVID-19 ကူးစက်မှု ဒုတိယလှိုင်းတွင် စက်တင်ဘာလ၌ အကြိမ်ရေ (၆.၃) သန်းခန့်၊ အောက်တိုဘာလ၌ အကြိမ်ရေ (၃.၁) သန်း ခေါ်ဆိုဖြေကြားမှု ရှိခဲ့ပါကြောင်း။

ခေတ်မီသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) အထောက်အကူပြုလုပ်ငန်းအဖွဲ့၏ ဦးဆောင်မှုဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တို့ ပူးပေါင်းပြီး ရောဂါဖြစ်ပွားသူများနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ ဆန်းစစ်နိုင်သော စောစောရှာ “Saw Saw Shar” Mobile Application ကိုလည်း ရေးဆွဲ အကောင်အထည်ဖော်ခဲ့ပါကြောင်း။

### လိုအပ်သည်များ အမြန်ဆုံးဆောင်ရွက်သင့်

နိုင်ငံတော်အစိုးရမှလည်း ဝန်ကြီးဌာနများရှိ e-Government unit ဖွဲ့စည်းပုံကို ခွင့်ပြုပြီးဖြစ်သည့်အတွက် မိမိတို့အားလုံးသည် ဤကိစ္စရပ်ကို အထူးအရေးကြီး ကိစ္စရပ်တစ်ခုဖြစ်ကြောင်း သိရှိကာ လိုအပ်သည်များကို အမြန်ဆုံးဆောင်ရွက်သင့်ပါကြောင်း။

မိမိတို့ဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနအသီးသီးမှ e-Government unit များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း ဝိုင်းဝန်းအကြံပြုဆောင်ရွက် ကြစေလိုပါကြောင်း။

ယခုစကားဝိုင်းဆွေးနွေးပွဲသည် မြန်မာနိုင်ငံ၏ ရေရှည်အကျိုးအတွက် အရေးကြီးသည့် ဆွေးနွေးပွဲဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း ဝန်ကြီးဌာန အသီးသီး၏ e-Government unit များမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်သည့် ဆွေးနွေးပွဲများ ပြုလုပ်ပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ကိုဗစ်-၁၉ ကဲ့သို့ ကပ်ဘေးများကို တုံ့ပြန်ဆောင်ရွက်သည့်အခါ အောင်မြင်မှုရရှိရန်အတွက် အရေးအကြီးဆုံးမှာ "မှန်ကန်တိကျသည့် သတင်းအချက်အလက်များ၊ တာဝန်ယူမှု တာဝန်ခံမှုရှိသည့် သတင်းအရင်းအမြစ်များမှ အချိန်နှင့်တစ်ပြေးညီ စီးဆင်းနေရန် လိုအပ်ပါကြောင်း။

မှန်ကန်တိကျသည့် သတင်းအချက်အလက်စီးဆင်းမှု အကြောင်းကြောင်းကြောင့် ရပ်တန့်နေလျှင်၊ ပိတ်ဆို့နေလျှင်၊ နှေးကွေးနေလျှင် သတင်းအတု၊ သတင်းအမှားများ၊ မသမာသည့် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် လုပ်ကြံဖြန့်ချိထားသည့် သတင်းအချက်အလက်များ၊ အမုန်းစကားများ၊ အကြောက်တရားများက အတိဒုက္ခရောက်နေသည့် ပြည်သူတွေကြား ပျံ့နှံ့သွားပြီး မလိုလားအပ်သော ဆိုးကျိုးများ ဖြစ်ပေါ်လာစေမှာ ဖြစ်ပါကြောင်း။

ထို့ကြောင့် COVID -19 ကပ်ရောဂါဆိုးကြီးကို ရင်ဆိုင်သည့်အခါမှာ ဒစ်ဂျစ်တယ်နည်းပညာအခြေပြု online platforms များမှတစ်ဆင့် စနစ်တကျ ထိထိမိမိ အကျိုးအရှိဆုံး ဖြစ်အောင်ဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း။

ဒစ်ဂျစ်တယ်ပလက်ဖောင်း အမျိုးမျိုးရှိသည့်အနက် မိမိတို့နိုင်ငံတွင် လူသုံးအများဆုံးမှာ Facebook ဟု လူသိများသည့် လူမှုကွန်ရက်ဖြစ်ပါကြောင်း၊ ၂၀၁၈ အောက်တိုဘာလတွင် ၂၀.၃၃၅ သန်းရှိခဲ့ရာမှ ၂၀၂၀ အောက်တိုဘာလတွင် ၂၇.၅၇ သန်းအထိ တစ်ဟုန်ထိုး တိုးတက်လာခဲ့တာ တွေ့ရပါကြောင်း၊ ကိုဗစ်-၁၉ ကူးစက်ရောဂါသည် မိမိတို့နိုင်ငံအတွက် အင်မတန်ကြီးမားသည့် စိန်ခေါ်မှုကြီး တစ်ခုဖြစ်သဖြင့် တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့၊ တစ်ဌာနက ဆောင်ရွက်၍ မရနိုင်ပါကြောင်း၊ "COVID -19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ"ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဖွဲ့စည်းထားပြီးဖြစ်သဖြင့် ဗဟိုကော်မတီ၏ ဦးဆောင်မှုအောက်တွင် မိမိတို့အားလုံး ညီညီညွတ်ညွတ် လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးသောင်းစုငြိမ်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဒစ်ဂျစ်တယ်ပလက်ဖောင်းများနှင့် ကိုဗစ်-၁၉ အပေါ် မြန်မာနိုင်ငံတုံ့ပြန်မှု စကားဝိုင်းကို ဆက်လက်ကျင်းပရာ AYA Bank မှ အုပ်ချုပ်မှုဒါရိုက်တာ (ဒစ်ဂျစ်တယ်) ဦးချစ်ထွန်းဖေက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာထွန်းသူရသက်၊ ကိုဗစ် - ၁၉ စေတနာ့ဝန်ထမ်းလုပ်ခဲ့သူ ဒေါက်တာစိန်ဖြိုးလှိုင်နှင့် စာရေးဆရာမ လွန်းထားထား (ဆေးတက္ကသိုလ်) တို့က ပါဝင်ဆွေးနွေးကြသည်။

ဒေါက်တာထွန်းသူရသက်က Contact Tracing လုပ်ဆောင်နိုင်သည့် ဒစ်ဂျစ်တယ်နည်းပညာအကြောင်း၊ နိုင်ငံတကာတွင် ဆောင်ရွက်နေသည့် ဒစ်ဂျစ်တယ် ပလက်ဖောင်းများ၊ QR Code အသုံးပြုဆောင်ရွက်နေသည့် အတွေ့အကြုံများ၊ ဒစ်ဂျစ်တယ် နည်းပညာကူးပြောင်းမှုများ၏ အထောက်အကူပြုပုံများနှင့် ဒစ်ဂျစ်တယ်နည်းပညာ အသုံးချရာတွင် သတင်းအချက်အလက် ပြည့်စုံမှန်ကန်မှုနှင့် သတင်းအချက်အလက်ထိန်းသိမ်းမှု အရေးကြီးပုံများကို ဆွေးနွေးသည်။

ဒေါက်တာစိန်ဖြိုးလှိုင်က ကိုယ်တိုင် ပေါ့စတစ်လူနာအဖြစ် ဆေးရုံတက်ခဲ့စဉ်နှင့် စေတနာ့ဝန်ထမ်း လုပ်အားပေးအဖြစ် ဆောင်ရွက်ခဲ့စဉ်က တွေ့ကြုံခဲ့သည့် ဒစ်ဂျစ်တယ်ပလက်ဖောင်းအသုံးပြုပုံများ၊ လူနာမှတ်တမ်းများကို ဒစ်ဂျစ်တယ် နည်းပညာအသုံးချ ဆောင်ရွက်သင့်သည်များ၊ ကိုဗစ်-၁၉ နှင့် ပတ်သက်၍ သတင်းမှားများ ဖြန့်ဝေနေမှုများကို ဒစ်ဂျစ်တယ်ပလက်ဖောင်းများ အသုံးပြု ပညာပေးလုပ်ငန်းဆောင်ရွက်သင့်သည်များကို ဆွေးနွေးသည်။

### အတွေ့အကြုံများကို ဆွေးနွေး

စာရေးဆရာမ လွန်းထားထား (ဆေးတက္ကသိုလ်)က အင်္ဂလန်နိုင်ငံတွင် ကိုဗစ်-၁၉ လူနာများကို Contact Tracing လုပ်ရာ၌ ဒစ်ဂျစ်တယ် ပလက်ဖောင်းများ အသုံးပြုနေမှုအခြေအနေ၊ မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ် ကုသမှုလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်မှုအပေါ်အမြင်နှင့် Tele-medicine နည်းပညာဖြင့် ကိုဗစ်-၁၉ ကာလအတွင်း ပြင်ပဆေးခန်းများက ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် အတွေ့အကြုံများကို ဆွေးနွေးသည်။

ဆက်လက်၍ အွန်လိုင်းမှ တက်ရောက်နားထောင်ကြသူများက မေးခွန်းများကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် စကားဝိုင်းဆွေးနွေးပွဲ ဟောပြောဆွေးနွေးသူများက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းတို့က နိဂုံးချုပ်အမှာစကားပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## ကျောက်ဖြူမြို့နယ်၌ လယ်ယာကုန်ထုတ်လမ်းဆောင်ရွက်ပေးနိုင်ရန် တင်ပြနိုင်ရေး ကွင်းဆင်းတိုင်းတာမှုများဆောင်ရွက်

**စစ်တွေ နိုဝင်ဘာ ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့လယ်ယာကုန်ထုတ်လမ်း အဖြစ် ဆောင်ရွက်ပေးနိုင်ရေးတင်ပြ တောင်းခံလာသော သဖန်းချောင်းကျေးရွာ ကုန်ထုတ်လမ်းအား လျာထားတင်ပြနိုင်ရေး ယနေ့နံနက်ပိုင်းတွင် မြို့နယ် ကျေးလက်ဦးစီးမှူးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က အထက်ဌာနအဆင့်ဆင့်သို့ တင်ပြတောင်းခံနိုင်ရေး မြေပြင်အခြေအနေကိုသိရှိနိုင်ရန် ကွင်းဆင်းဆောင်ရွက် ခဲ့ကြောင်း သိရသည်။

သဖန်းချောင်းကျေးရွာတွင် အိမ်ခြေ ၁၀၈ အိမ်နှင့် လူဦးရေ ၅၄၀ ခန့် နေထိုင်ကြပြီး လယ်ဧက ၁၀၆ ဧကနှင့် အခြားရာသီအလိုက် နှစ်တို၊ နှစ်ရှည် သီးနှံများကို စိုက်ပျိုးလုပ်ကိုင်နေကြသည်။ မြို့နယ်ကျေးလက်ဦးစီးဌာနအနေဖြင့် လမန်ချောင်းကျေးရွာနှင့် မဲခင်းပြင်ကျေးရွာတို့တွင် ကုန်ထုတ်လမ်း နှစ်လမ်း အရှည် (၁/၂.၂)မိုင်နှင့် တံတားတစ်စင်း၊ ရေပြွန်ငါးစင်းတို့ကို ပြည်ထောင်စု ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့ရာ ပတ်ဝန်းကျင်ကျေးရွာလေးရွာမှ ဒေသခံပြည်သူများသည် မိမိတို့၏ ဒေသထွက်ကုန်၊ စိုက်ပျိုးသီးနှံများနှင့် ရေထွက်ပစ္စည်းများကို ကုန်ကျစရိတ်သက်သာစွာဖြင့် အဆင်ပြေချောမွေ့စွာ ဈေးကွက်အရောက်ပို့ဆောင်နိုင်ခြင်းကြောင့် အကျိုးကျေးဇူးများစွာ ခံစားရနေကြပြီဖြစ်ကြောင်း သိရသည်။

**ကံထွန်း(ဟံတာမြေ)**

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၈**

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# သာမညဖလ အခါတော်နေ့နှင့် ထိန်းသိမ်းသွားကြရမည့် မြန်မာ့ရိုးရာ ချစ်စရာဓလေ့၊ ပွဲတော်၊ အစဉ်အလာများ

သန်းဖြိုးနိုင်(ကညင်ကျိုး)

**ဗုဒ္ဓဘာသာနွယ်ဝင်တို့ရဲ့ နေ့ထူးနေ့မြတ်**

တန်ဆောင်မုန်းလပြည့်နေ့ဟာ သာမညဖလ အခါတော်နေ့ ဖြစ်သလို ဒီနေ့ဒီညမှာတော့ မြန်မာ့ရိုးရာပွဲတော်တွေထဲက အထင်ကရပွဲတော်တစ်ခုဖြစ်တဲ့ တန်ဆောင်တိုင်ပွဲတော်ကို ကျင်းပကြလေ့ရှိပါတယ်။ ဒ့ါအပြင် ထိုနေ့ထိုညအား ကျီးမနိုးပွဲ ည၊ ဆေးပေါင်းခတဲ့ည လို့လည်း ခေါ်ကြပြီး နိဗ္ဗာန်စျေးခင်းခြင်း၊ ပံ့သကူပစ်ခြင်းနဲ့ ဆေးဖက်ဝင် ဆေးဝါးတွေကို ဖော်စပ်ခြင်း စတဲ့ မြန်မာ့ရိုးရာ ချစ်စရာဓလေ့တွေလည်း များပြားစွာရှိတာ လေ့လာရပါတယ်။

တန်ဆောင်မုန်းလပြည့်နေ့ညဟာ ဗုဒ္ဓဘာသာနွယ်ဝင်တို့ရဲ့ နေ့ထူးနေ့မြတ်တစ်ရက်အဖြစ် သတ်မှတ်ကာ ဘုရားရှင်ကို ဆီမီးထွန်းညှိပူဇော်တဲ့ပွဲတော် ဖြစ်သကဲ့သို့ ကထိန်သင်္ကန်းကပ်လှူခွင့်ရသော နောက်ဆုံးနေ့လည်း ဖြစ်ပါတယ်။ ဒ့ါအပြင် တန်ဆောင်မုန်းလပြည့်နေ့ ညမှာ မြတ်စွာဘုရားရှင်က အဇာတသတ်မင်းကြီး အမှူးပြုသော ပရိသတ်အား သာမညဖလသုတ်တော်ခေါ် ရဟန်းပြုရသည့် အကျိုးပြတရားတော်ကို ဟောကြားတော်မူတဲ့ နေ့ထူးနေ့မြတ်လည်းဖြစ်တာမို့ ဒီလို အကြောင်းတရား အစုံရှိတဲ့ တန်ဆောင်မုန်းလပြည့်နေ့ အကြောင်းကို လေ့လာသိရှိထားကြရင်း မြန်မာ့ရိုးရာ ချစ်စရာဓလေ့တွေကို ထိန်းသိမ်းကြစေခြင်းအကျိုးငှာ ရေးသားတင်ပြသွားမှာ ဖြစ်ပါတယ်။

**သာမညဖလ အခါတော်နေ့ ဖြစ်ပေါ်လာပုံ**

ပထမဦးဆုံးအနေနဲ့ သာမညဖလအခါတော်နေ့ ဖြစ်ပေါ်လာပုံ အကြောင်းကတော့ ထီးနန်းရယူပိုင်ဆိုင်လိုတဲ့ လောဘကြောင့် ဖခင်ရင်းကို သတ်မိသူ အဇာတသတ်မင်းဟာ မိမိအမှားကို သိမြင်ပြီး နောင်တကြီးစွာရကာ စားမဝင်အိပ်မပျော် ဖြစ်နေစဉ် တန်ဆောင်မုန်းလပြည့်ညရဲ့ အေးချမ်းသာယာကြည်လင်မှုကို မြင်တွေ့ရတဲ့အခါ ယခုလိုနေ့မျိုး၌ အဘယ်သို့သော ရဟန်းသမဏေ၊ အဘယ်သို့သော ဗြဟ္မဏတို့ထံ ဆည်းကပ်ရရင် ကောင်းလေမည်နည်းဟု တွေးတောမိကာ မင်းချင်းတို့နဲ့တိုင်ပင်တယ်လို့ ဆိုတယ်။ မင်းချင်းတို့ကလည်း ၎င်းတို့ ကိုးကွယ်ဆည်းကပ်တဲ့ မိစ္ဆာဒိဋ္ဌိဆရာကြီးခြောက်ဦးကို အသီးသီးညွှန်ပြကြစဉ် ဗုဒ္ဓဘာသာဝင်ဖြစ်သော ဆေးဆရာ ဇီဝက ကမူ မည်သို့မျှ မလျှောက်တင်ဘဲ နှုတ်ဆိတ်နေတာကို အဇာတသတ်မင်း မြင်တွေ့တဲ့အခါ ဆရာဇီဝက အဘယ်ကြောင့် ဆိတ်ဆိတ်နေပါသနည်းဟု မေးတော်မူပါတယ်။

အခွင့်ကောင်းကိုစောင့်မျှော်နေတဲ့ ဆရာဇီဝကက **“မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ချီးမွမ်းပြီး ဂုဏ်တော်ကိုးပါးနဲ့ ပြည့်စုံတော်မူတဲ့ အကျွန်ုပ်၏ဆရာ ဘုရားရှင်ဟာ ၎င်းရဲ့ သရက်ဥယျာဉ်မှာ ရဟန်းများစွာခြံရံကာ သီတင်းသုံးလျက်ရှိတာမို့ အရှင်မင်းကြီး ဆည်းကပ်ရပါမူ စိတ်တော်ကြည်လင်အေးချမ်းလာပါလိမ့်မယ်”**လို့ လျှောက်တင်တယ်လို့ ဆိုပါတယ်။ ဆေးဆရာဇီဝကရဲ့ အကျိုးသင့်လျှောက်ထားတင်ပြမှုကို အဇာတသတ်မင်းကြီး ကြားရတဲ့အခါ ဝမ်းသာအားရဖြစ်တော်မူပြီး ခမ်းနားလှတဲ့ အစီအစဉ်နဲ့ ညတွင်းချင်း မြတ်စွာဘုရားရှင်ဆီ ကြွချီတော်မူ ဖူးတွေ့ရပြီး မေးမြန်းလျှောက်ထားတဲ့အခါ မြတ်စွာဘုရားရှင်က သာမညဖလသုတ်တော်ကို ဟောကြားတော်မူခဲ့ပါတယ်။

ထိုတန်ဆောင်မုန်းလပြည့်နေ့ ညမှာ သာမညဖလသုတ်တော်ကို ဟောကြားတော်မူခြင်းကို အကြောင်းပြုပြီး တန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလ အခါတော်နေ့ဟု သတ်မှတ်ခေါ်ဝေါ်ကြခြင်း ဖြစ်ပါတယ်။ ဒီလို မြတ်စွာဘုရားရှင်က တရားဟောကြား ပြသခဲ့မှုကြောင့် အဇာတသတ်ဘုရင်နဲ့ နောက်လိုက်ပြည်သူ တစ်သိန်းခန့်ဟာ ဗုဒ္ဓဘာသာဖြစ်ခဲ့တဲ့ညလို့လည်း ဆိုပါတယ်။ ဒီအတွက် ဒီနေ့ညမှာ တရားပွဲတွေပြုလုပ်ကြတာကိုလည်း တွေ့ရမှာ ဖြစ်ပါတယ်။

**ကျီးမနိုးပွဲအကြောင်း**

ကျီးမနိုးပွဲ ဖြစ်ခဲ့ပုံကတော့ ရှေးအခါက ယောကျ်ားသားများ ရှင်လိုင်ပြန်ကြတဲ့အခါ ဆေးမင်ကြောင်ထိုးတဲ့ဓလေ့ဟာ အထင်အရှားရှိခဲ့ပါတယ်။ ရှင်ဘုရင်မှ အစချီကာ မင်းညီမင်းသား၊ မှူးမတ်သူကြွယ်များ၊ ကုန်သည်၊ လယ်လုပ်၊ သူရင်းငှားများ စတဲ့ ယောကျ်ားသားတိုင်းဟာ ဆေးမင်ထိုးကြလေ့ရှိတယ်လို့ ဆိုပါတယ်။ ဒီလိုထိုးတဲ့အခါ မှာလည်း ဒီနေ့ခေတ်မှာလို ကြုံသလိုထိုးခြင်း မဟုတ်ဘဲ ဆေးမင်ထိုးတဲ့အခါ နက္ခတ်ကောင်း၊ အခါကောင်း စောင့်ဆိုင်းကာ မှောင်ခန်း ခေါ် မင်ထိုးတဲ့အခန်းမှာ ကန်တော့ပွဲပေးပြီး စနစ်တကျ အစီအရင်နဲ့ ထိုးကြရပါတယ်။

ဒီလိုထိုးခဲ့ပြီးတဲ့ ယောကျ်ားတွေဟာ တန်ဆောင်မုန်းလပြည့်ည နက္ခတ်စုံချိန်မှာ ထိုးထားတဲ့ ကြောင်တက်၊ ကြောင်ဆင်း၊ ဆေးအစောင့်တို့ဟာ တန်ခိုးပြတတ်တယ်လို့ အယူရှိတာကြောင့် အရှင်မသိသောပစ္စည်းကို ကျီးမနိုးတဲ့အချိန်အထိ ခိုးယူကာ ခိုးကွင်းမှာထားတယ်လို့ ဆိုကြတယ်။ ခိုးကွင်းဆိုတာက ခိုးရာပါပစ္စည်းတွေဟာ ဘယ်သူဘယ်ဝါတို့ရဲ့အိမ်မှ ပစ္စည်းဖြစ်ကြောင်း စာကပ်ပြီးထားကြရတဲ့နေရာကို ခေါ်ပါတယ်။ ဒီလို ခိုးတဲ့နေရာမှာလည်း အသက်ရှိတဲ့အရာကို ခိုးယူနိုင်စွမ်းရှိတဲ့လူက လူစွမ်းကောင်းဖြစ်တယ် ဆိုကြတာမို့ ရှေးအခါကဆိုရင် နွားတွေကိုစောင့်နေတဲ့လူ အိပ်နေတဲ့ ခုတင်ကိုတောင် လူမနိုးအောင်ထမ်းပြီး ခိုးကွင်းမှာ လာထားကြတယ်လို့ ဆိုထားတာ တွေ့ရပါတယ်။

မနက်မိုးလင်းတဲ့အခါ ပစ္စည်းရှင်တွေက ဒီလိုပစ္စည်းတွေကို သက်န်းအစုံနဲ့ လာရွေးယူကြပြီး ကထိန်ပွဲကို ဆင်နွှဲရတယ်။ ပစ္စည်းခိုးစဉ် လူမိတဲ့အခါမှာဆိုရင်တော့ ဒီလူကိုဖမ်းပြီး ခိုးကွင်းမှာ ကတုံးတုံးကာ ပြာလူး၍ ထားကြရတယ်။ ကထိန်ပွဲမှာ ထိုခိုးသားကြီးကို ရွာသူကြီးက တရားသူကြီးလုပ်ကာ တရားစီရင်ခန်းနဲ့ ဟာသလုပ်ကြပြီး ရယ်ရွှင်ဖွယ်ဝတ်စေကြတယ်လို့ ကျမ်းတွေမှာ ရေးထားတာ ဖတ်ရပါတယ်။ ဒီအတွက် တန်ဆောင်မုန်းလပြည့်နေ့ ညဟာ သူခိုးကြီးညဆိုတာ မဟုတ်ပါဘူး။

> **“ပံ့သကူချထားတဲ့အခါ အပေါ်က နိဗ္ဗာန်စျေးနဲ့ ကွာခြားသွားတဲ့အချက်က ပေးကမ်းလှူဒါန်းတဲ့သူ မိမိကို ဘေးလူက မသိမမြင်စေရတာပဲ ဖြစ်ပါတယ်။ ဒီလိုလုပ်တဲ့နေရာမှာ သတိထားရမှာက ပစ္စည်းတွေကို မသုံးတဲ့ အဟောင်းတွေ၊ အစုတ်တွေချည်းပဲ မထားရသလို ရေထဲမျှောတာမျိုး၊ အမှိုက်ပစ်သလို စွန့်ပစ်ထားတာမျိုး မလုပ်ရဘဲ ကိုယ်မျှဝေမယ့်ပစ္စည်းဟာ မရှိတဲ့သူ၊ တစ်ပါးသူ သုံးစွဲနိုင်တာမျိုး၊ အကျိုးရှိစေတာမျိုး ဖြစ်ရမယ့်အပြင် ပစ္စည်းရသွားတဲ့သူကလည်း ဝမ်းမြောက်နှမော် သာဓုခေါ်ဆိုတာမျိုး ဖြစ်ရမယ်၊ မိမိလည်း ကုသိုလ်ဖြစ်ရမယ်လို့ ဖတ်ရပါတယ်”**

**လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြတဲ့ ချစ်စရာဓလေ့**

ဒီလို ရှေးရိုးရာဓလေ့ကိုလည်း စာရေးသူတို့ ငယ်စဉ်အထိ လက်ဆင့်ကမ်း သယ်ခဲ့ ထိန်းသိမ်းခဲ့ကြတာ တွေ့ရပါတယ်။ အခုထိလည်း အချို့သောဒေသ၊ အရပ်တွေမှာ ရှိနေဆဲ၊ လုပ်နေဆဲပါဘဲ။ ဆေးမင်ကြောင် ထိုးတဲ့အခါ ရှမ်းဆရာကြီးတွေ၊ ဗမာဆရာကြီးတွေက စနစ်တကျ ဖော်စပ်ထားတဲ့ဆေးကို ကြေးစုတ်တံကြီးနဲ့ အသားထဲဝင်အောင် ထိုးပေးကြတာတွေ ရှိနေသေးသလို တန်ဆောင်မုန်းလပြည့်ညဆိုရင်လည်း လူငယ်တွေက အပျော်အပျက်သဘောနဲ့ ရွာတွေမှာ ကိုယ့်အိမ်ကဖြစ်ဖြစ်၊ အခြား သူငယ်ချင်းရဲ့ အိမ်ကဖြစ်ဖြစ် ကြက်လေးတွေယူ၊ ဘူးသီးလေးတွေကို အဖေ အမေ မသိအောင် ယူပြီး ကာလသားတစ်သိုက် ဝိုင်းဖွဲ့ပြီး ညအခါ ရွာအပြင်ဘက်မှာ ချက်စားကြပါတယ်။

ချက်တဲ့အခါ အနံ့မထွက်အောင် ကြက်သားရောဘူးသီးရော ရောပြီး ရေလုံပြုတ်၊ ဟိုနားဒီနားက ခူးလို့ရတဲ့ အမွှေးပင်၊ ငရုတ်သီးလေးတွေ ထုထောင်းထည့်၊ ကြိုတင်ယူလာကြတဲ့ ဆီ၊ ဆား နည်းနည်းထည့်ပြီး မီးအပူတိုက်လိုက်တာကို နောင်အခါမှာ ကြက်ကာလသားဟင်းလို့တောင် အမည်တွင်လို့ အချို့ဆိုင်တွေမှာဆိုရင် အခုထိ ရောင်းအားကောင်းနေပါတယ်။ ချက်ပြီးရင် ကာလသားတစ်သိုက်က ကျေးရွာဓလေ့အတိုင်း ချက်တဲ့ ဆန်အရက်လေးနဲ့ မြည်းကြ၊ စားကြရင်း သီချင်းတွေဆိုကြ၊ ကခုန်ကြသလို ပြီးတဲ့အချိန် ညသန်းခေါင်ကျော်ပြီ ဆိုရင်တော့ အမျိုးတွေအိမ်၊ ရွာသူကြီးတွေအိမ်ရှေ့က နွားတွေ၊ စဥ့်အိုးတွေ၊ တန်းလျားတွေ၊ ကုလားထိုင်လေးတွေကို မသိအောင်ယူကြပြီး ရွာလယ်လမ်းတစ်လျှောက်က အများမြင်သာတဲ့ နေရာတွေမှာ နွား၊ ကျွဲတွေကို ချည်ထားတာမျိုး၊ ကြိုးတွေနဲ့ သစ်ပင်ပေါ်မှာ တွဲလောင်းချည်ထားတာမျိုးတွေ လုပ်ထားကြတယ်။

မနက်မိုးလင်းတဲ့အခါ ကာလသားတစ်သိုက်က အဲဒီ အနီးအနားတစ်ဝိုက်မှာ သွားစောင့်ကြရင်း ဘယ်သူကတော့ နွားပျောက်လို့၊ ကျွဲပျောက်လို့ဟေ့၊ ငါ့စဥ့်အိုးကြီး မရှိတော့ဘူး၊ ငါ့အိမ်ရှေ့က စားပွဲရော စသဖြင့် ပြောဆိုအော်ဟစ်နေကြတာကို နားထောင်ရင်း ရယ်မောနေတတ်ကြပါတယ်။ ပြီးတဲ့အခါ ပျောက်တဲ့သူတွေက ရွာလယ်ကို ရောက်လာကြတဲ့အခါ ဟေး ငါ့နွားက ဒီမှာ၊ ဟေ့ ငါ့ကျွဲလေးက ဒီမှာဟေ့၊ ငါ့စားပွဲကြီးက သစ်ပင်ပေါ်ရောက်နေပါလား...စသည်ဖြင့် တအံ့တဩ ဖြစ်နေကြတာကို ကာလသားတစ်သိုက်နဲ့ ကျန်ရွာသားတွေကပါ ဝိုင်းကြည့်ပြီး ရယ်မောပျော်ရွှင်ကြရတဲ့ ချစ်စရာ ရိုးရာဓလေ့တွေပါ။ ဒါတွေကို အမြတ်တနိုး ထိန်းသိမ်းကြရမှာလည်း ဖြစ်ပါတယ်။

**အပျော်မှ အပျက်သို့**

ဒါပေမယ့် အခု ဒီခေတ်ကာလမှာတော့ အချို့နေရာတွေမှာ ဒီလိုချစ်စရာကောင်းတဲ့ ရိုးရာဓလေ့တွေပျောက်ပြီး အမှတ်မှားကာ တန်ဖိုးရှိ ပစ္စည်းတွေကို မိမိကိုယ်ကျိုးအတွက် တကယ်ခိုးလာကြသလို သူများအိမ်က ပစ္စည်းတွေ၊ ဆိုင်းဘုတ်တွေ၊ အဝတ်အထည်တွေကို ဖြုတ်ချဖျက်ဆီးပြီး လမ်းတွေအပေါ်မှာ ကျဲချထားကြတာမျိုးတွေ လုပ်လာကြပါတယ်။ ဒီလပြည့်ညမှာ အရက် ဘီယာတွေ သောက်ကြ၊ စားကြပြီး အော်ကြ၊ ဟစ်ကြလုပ်တာ၊ ပြီးတဲ့အခါ သောက်ပြီးစားပြီးကျန်တဲ့ အရက်ဘီယာပုလင်းခွံတွေ၊ အစားအသောက်ဘူးတွေ၊ အထုပ်ခွံတွေကို ပြန့်ကျဲနေအောင် စွန့်ပစ်ကြတာမျိုးနဲ့ အပျော်ကနေ၊ အပျက်ဘက်ကို ဦးတည်လာနေကြတာကိုလည်း တွေ့မြင်နေကြရတာမို့ ဒါတွေကို ထိန်းသိမ်းကြစေချင်ပါတယ်။ တန်ဆောင်တိုင်ည၊ ကျီးမနိုးပွဲတော် ဆိုတဲ့ အစစ်အမှန် အဓိပ္ပာယ်တွေ၊ ချစ်စရာကောင်းတဲ့ မြန်မာ့ရိုးရာ အစဉ်အလာတွေကိုလည်း နောက်လူတွေကသိပြီး ထိန်းသိမ်းဖို့ လိုအပ်လာပါတယ်။ ဒီလို ထိန်းသိမ်းတတ်လာအောင်လည်း ကြီးသူတွေက ရှေ့က သင်ပြလမ်းညွှန်ပေးကြရမှာပါ။

**ဆေးပေါင်းခတဲ့ည**
**(လမွန်းတည့်ရေ၊ ပီယဆေးနှင့် နတ်နိုးလ)**

တန်ဆောင်မုန်းလပြည့်နေ့ညကို ဆေးပေါင်းခတဲ့ည အဖြစ်လည်း လူသိများပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီနေ့ညမှာ မိုးလေလွတ်ကင်းပြီး ကောင်းကင်ယံလည်း ကြည်လင်နေပြီးတော့ လမင်းကြီးကလည်း ပြည့်ပြည့်ဝဝ ထွန်းလင်းစွာ အလင်းရောင်တောက်ပနေတာမို့ နက္ခတ်၊ ကြယ်တာရာတွေကို စုံညီစွာ မြင်ရတဲ့အချိန်ဖြစ်သလို အဲ့ဒီနေ့ည သန်းခေါင်ယံမှာ ခူးဆွတ်လိုက်တဲ့ အသီးအပွင့်၊ အရွက်၊ တူးဖော်လိုက်တဲ့ ဆေးမြစ်၊ သစ်ဥတွေဟာလည်း ဆေးပေါင်းစုံခပြီး အစွမ်းထက်တယ်လို့ ဆိုကြခြင်း ဖြစ်ပါတယ်။ ဒီအတွက် ဒီလမှာပဲ တိုက်ဆိုင်စွာ ပွင့်ဖူးလာတဲ့ မဲဇလီပင်ရဲ့ အဖူး၊ အပွင့်နဲ့ အသီးနုနုလေးတွေကို ထိုနေ့ညမှာပဲ ခူးဆွတ်ကြပြီး နူးအိအောင်ပြုတ်ကာ ဆေးဝါးတစ်ခုသဖွယ် စားသုံးကြတဲ့ မြန်မာ့ရိုးရာဓလေ့တစ်ခုလည်း ဖြစ်ပေါ်လာခဲ့ပါတယ်။

မဲဇလီပင်ကို ရှေးခေတ်တုန်းက မဥ္ဇူရီပင်(မဥ္ဇူသကနတ်ပန်း)လို့လည်း ခေါ်ကြပါတယ်။ သူ့အပင်ရဲ့ အမြစ်ကို သွေးပြီး မျက်စိမှာကွင်းပေးရင် ချောင်းဆိုး ရင်ကျပ်၊ လည်ချောင်းနာ သက်သာသလို နှင်းခူအစို၊ ယားယံတာတွေကို သက်သာပါတယ်။ အဆိပ်ရှိတဲ့ အကောင်လေးတွေ အကိုက်ခံရရင်လည်း သွေးလူးလို့ ရပါတယ်။ ဒ့ါအပြင် လရောင်နမ်းထားတဲ့ သူ့အပွင့်ဟာ ပိုပြီးအစွမ်းရှိတယ်လို့ဆိုကြတာကြောင့် တန်ဆောင်မုန်းလပြည့်ညမှာ အလင်း ရောင်အားကောင်းတဲ့ လရဲ့အရောင်ကို အပြည့်အဝ ရယူ ထားပြီးတဲ့ အပွင့် အဖူးတွေကို ခူးယူပြီး သုပ်စားကြတာပဲ ဖြစ်ပါတယ်။

ဒ့ါအပြင် ဒီလို ဆေးအစွမ်းထက်မှုတွေ ရှိတာကြောင့် ဒီညမှာ ကျောက်ပြင်ပေါ်မှာ စပါးကြီးသည်းချေ၊ မုန်ညှင်းဆီတွေကို ခပ်ပြစ်ပြစ်သွေးပြီး ပီယဆေး(လူချစ်လူခင်ဆေး) ကို ဖော်စပ်ကြတဲ့ဓလေ့လည်း ရှိခဲ့ပါတယ်။

ဒ့ါအပြင် လမွန်းတည့်ရေ ဆိုပြီးတော့လည်း ရှိပါသေးတယ်။ ဒါကတော့ တန်ဆောင်မုန်းလပြည့်နေ့ည ၁၂ နာရီတိတိ ညမွန်းတည့်တဲ့အချိန်မှာ လရိပ်ဟာ ရေပြင်ပေါ် ကျရောက်ချိန်မှာ အဲဒီ ကျတဲ့နေရာကရေကို ခပ်ယူပြီး သောက်သုံးရင်လည်း ဆေးအာနိသင်တွေ ပြည့်ဝစေပြီး ကျန်းမာရေးကောင်းမွန်စေတယ်လို့ရှေးခေတ်က ယုံကြည်ကြတာ၊ ပြုလုပ်ကြတာတွေ ရှိတာ တွေ့ရပါတယ်။

နောက် ဒီလကို နတ်နိုးလလို့လည်း ခေါ်ကြတယ်လို့ ဆိုစမှတ်ရှိခဲ့ကြတာ တွေ့ရပါတယ်။ ဗိဿနိုးနတ်မင်းကြီးဟာ နှစ်စဉ်နှစ်တိုင်း ဝါဆိုလဆန်း ၁၂ ရက်နေ့က စပြီး အိပ်စက်ပြီး ယခု တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့မှသာ နိုးတာကြောင့် ဒီလကို နတ်နိုးတဲ့လလို့လည်း ခေါ်ကြတာလို့ တွေ့ရ၊ ဖတ်ရပါတယ်။

**နိဗ္ဗာန်စျေးခင်းခြင်း၊ ပံ့သကူပစ်ခြင်း**

ဒီလို တန်ဆောင်မုန်းလပြည့်နေ့ရဲ့ နေ့ခင်းဘက်မှာ ထူးခြားတဲ့ ပွဲတော်တစ်ခုကိုလည်း ဒွန်တွဲကျင်းပကြတာ ရှိပါသေးတယ်။ ဒါကတော့ နိဗ္ဗာန်စျေးပွဲတော်ပါ။ သူ့ကိုတော့ မူလက နိဗ္ဗာနစျေးပွဲတော်လို့ ခေါ်ပါတယ်။ “နိဝါန” ကနေ “နိဗ္ဗာန” ဖြစ်လာတာလို့ ဖတ်ရသလို အဓိပ္ပာယ်ကတော့ “ဝါန” တဏှာစက်ကွင်းမှ ကွင်းကွင်းကြီးလွတ်မြောက်စေသည့်တရားလို့ ခေါ်ကြတာမို့ ကိုယ့်မှာရှိတဲ့ ပစ္စည်းအဟောင်း၊

စာမျက်နှာ ၉ သို့



ယမန်နှစ် တန်ဆောင်မုန်းလပြည့်နေ့က နေပြည်တော် ဥပ္ပါတသန္တိစေတီတော်၌ ဝတ်ရွတ်ဖတ်ပူဇော်နေစဉ်။

# တိုင်းဒေသကြီး / ပြည်နယ်များတွင် ကိုဗစ်-၁၉ ဖြစ်ပွားကူးစက်မှုအခြေအနေနှင့် တစ်ပြည်လုံးအတိုင်းအတာဖြင့် ရောဂါဖြစ်ပွားမှုများသော မြို့နယ်များအားလုံး၌ ဆောင်ရွက်နေသော ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားစီမံချက် ဆောင်ရွက်နေမှုများအား အသေးစိတ်တင်ပြဆွေးနွေးခြင်း အစည်းအဝေးကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၈**

တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ဖြစ်ပွားကူးစက်မှု အခြေအနေနှင့် တစ်ပြည်လုံးအတိုင်းအတာဖြင့် ရောဂါဖြစ်ပွားမှုများသော မြို့နယ်များ အားလုံး၌ ဆောင်ရွက်နေသော ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားစီမံချက် ဆောင်ရွက်နေမှုများအား အသေးစိတ် တင်ပြဆွေးနွေးခြင်း အစည်းအဝေးကို ယမန်နေ့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက တက်ရောက်လာကြသူများ အနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု အခြေအနေနှင့် **ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှား စီမံချက် ဆောင်ရွက်နေမှုများနှင့်** ပတ်သက်၍ အသေးစိတ် သုံးသပ်တင်ပြဆွေး နွေးစေလိုပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုမှ ကောင်းမွန်သည့် ဆောင်ရွက်ချက်များကို အခြားတိုင်းဒေသကြီး/ ပြည်နယ်များမှ အမြန်ဆုံး အတုယူလုပ်ဆောင်နိုင်ရန်အတွက် ယခုကဲ့သို့ အစည်းအဝေးပြုလုပ်ခြင်းဖြစ်ပါ ကြောင်း။

တိုင်းဒေသကြီး / ပြည်နယ်အလိုက် ပထဝီနေရာဒေသ အခြေအနေ၊ ပြည်တွင်း/ ပြည်ပ ဝင်ထွက်ပေါက်များ အခြေအနေ၊ ရောဂါကူးစက်ပျံ့နှံ့မှု အခြေအနေ၊ ကျန်းမာရေးလူ့စွမ်းအားအပါအဝင် အရင်းအမြစ်များ အခြေအနေ အရပ်ရပ်တို့သည် တိုင်းဒေသကြီး/ ပြည်နယ် တစ်ခုနှင့်တစ်ခု မတူညီခြင်းကြောင့် တစ်သမတ်တည်း တူညီသောလုပ်ငန်းနည်းဗျူဟာဖြင့် ဆောင်ရွက်၍မရပါ ကြောင်း၊ မဟာဗျူဟာအနေနှင့်မူ တူညီရမည်ဖြစ်ပါကြောင်း။

### ပုံသေဆောင်ရွက်၍မရ

ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲမှ နိုင်ငံတကာတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားပျံ့နှံ့မှုပုံသဏ္ဌာန်၊ လူနာသေဆုံးမှု စသည့်အခြေအနေများအား ဆန်းစစ်သုံးသပ်ချက်များ နေ့စဉ်ပြုလုပ်လျက်ရှိပြီး အဆိုပါ ဆန်းစစ်သုံးသပ်ချက် များအား တိုင်းဒေသကြီး/ ပြည်နယ်များမှ အချိန်နှင့်တစ်ပြေးညီ လေ့လာ သုံးသပ်ကာ ပြည်သူ့ကျန်းမာရေးနှင့် ဆေးရုံများ၌ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးချစေလိုပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ် တစ်ခုချင်းအလိုက်လည်း အနုစိတ်ဆန်းစစ်သုံးသပ်မှုများ အမြဲတမ်းလုပ်ရမည် ဖြစ်ပြီး နည်းဗျူဟာများကို လိုအပ်သလို ပြုပြင်မွမ်းမံကာ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ဤရောဂါကို ထိန်းချုပ်ရာ၌ တစ်သမတ်တည်း၊ တစ်ပုံစံတည်း ပုံသေဆောင်ရွက်၍ မရပါကြောင်း။

ဆန်းစစ်သုံးသပ်မှုများ ပြုလုပ်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် အခြေခံကျန်းမာရေးဝန်ထမ်း ပညာရှင်များ၏ အမြင်ရှုထောင့်များနှင့် တင်ပြချက်များကိုလည်း အလေးထားကာ ရယူစဉ်းစား ဆောင်ရွက်ကြရန်မှာ အရေးကြီးပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု အမြန်ဆုံး ကျဆင်းသွားစေရန်အတွက် လုပ်ငန်းများအား ဝန်ကြီးဌာနအနေဖြင့် လုပ်ဆောင်သင့်သည်များကို အတတ်နိုင်ဆုံးဆောင်ရွက်လျက်ရှိပြီး ပြည်သူများ ပါဝင်မှုရရှိရန် အဓိကထား ဆောင်ရွက်မှသာလျှင် အောင်မြင်မည်ဖြစ်ပါ ကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ်အလိုက် လက်တွေ့မြေပြင်တွင် ပြည်သူ့ကျန်းမာ ရေးနှင့် ကုသရေးကဏ္ဍမှ ဝန်ထမ်းများဆောင်ရွက်နေမှု လုပ်ငန်းမှတ်တမ်း ဓာတ်ပုံများကို အများပြည်သူသိရှိနိုင်စေရန်အတွက် ဝန်ကြီးဌာန၊ လူမှုကွန်ရက် စာမျက်နှာ၌ ယနေ့အတွက်ဓာတ်ပုံကဏ္ဍ ခေါင်းစဉ်ဖြင့် နေ့စဉ် ဖော်ပြလျက် ရှိပါကြောင်း၊ လက်ရှိ၌ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဆောင်ရွက်နေသည့် “ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှား စီမံချက်” ဆောင်ရွက်ရာတွင် တွေ့ကြုံရသောအခက်အခဲနှင့် စိန်ခေါ်မှုများ၊ အဆိုပါ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်မှုများ၊ လိုအပ်ချက်များ စသည်တို့နှင့် ပတ်သက်၍လည်း အဓိကထား၍ အသေးစိတ် ဆွေးနွေးကြစေလိုပါကြောင်း။

### ပြည်သူများသိရှိရေး အသိပညာပေး

အဆိုပါ စီမံချက်ဆောင်ရွက်ရာတွင် “ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများကို ထိန်းချုပ်နိုင်ရန် အရေးအကြီးဆုံးသောအချက်မှာ ပြည်သူတစ်ဦးချင်းစီက ရောဂါကာကွယ်ရေးနည်းလမ်းများကို အလေးထားလိုက်နာရန် ဖြစ်သည်”ကို ပြည်သူများသိရှိရေး အသိပညာပေးရန် ဖြစ်ပါကြောင်း။

ထိုသို့ အသိပညာပေးရာတွင် ကိုဗစ်-၁၉ ရောဂါသည် လျင်မြန်စွာ ကူးစက် နိုင်သည့် အချက်၊ ရောဂါလက္ခဏာ တစ်စုံတစ်ရာမပြသဘဲ ရောဂါရှိသူများရှိနေပြီး ၎င်းရောဂါရှိသူများက အခြားလူအများထံ လျင်မြန်စွာ ထပ်မံရောဂါကူးစက် စေသည့် အချက်၊ ရောဂါသည် မည်သူမဆို ရောဂါဖြစ်ပွားနိုင်ပြီး ရောဂါပြင်းထန်မှု ဖြစ်ချိန်တွင်မှ ဆေးရုံသို့လာပြပါက အသက်ဆုံးရှုံးနိုင်သည့် အချက်၊ ပါးစပ်နှင့် နှာခေါင်းစည်းတပ်ခြင်း၊ တစ်ဦးနှင့် တစ်ဦးခပ်ခွာခွာနေထိုင်ခြင်းနှင့် တတ်နိုင်သမျှ မိမိနေအိမ်တွင်သာနေထိုင်ခြင်းတို့ဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ထိရောက်စွာ ကာကွယ်နိုင်သည်ဆိုသည့်အချက်၊ ဖွံ့ဖြိုးတိုးတက်ပြီးသော နိုင်ငံကြီးများတွင် ကိုဗစ်-၁၉ ကာကွယ်ရေးနည်းလမ်းများကို မလိုက်နာကြသော ကြောင့် ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှု များပြားစွာရှိနေပြီး ဆေးရုံများနှင့် ကျန်းမာရေးဌာနများတွင် မနိုင်မနင်းဖြစ်နေသည် ဆိုသည့်အချက်တို့ကို အထူး အလေးထား ပြောကြားကြရမည်ဖြစ်ပါကြောင်း။

“ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားစီမံချက်” ဖြင့် ပါးစပ်နှင့် နှာခေါင်းစည်း ဝေခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းများကို လူအများ အပြင်အထွက်များသည့်အချိန် နံနက်နှင့် ညနေများတွင် ကျန်းမာရေး နှင့် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ၊ ပရဟိတစေတနာ့ဝန်ထမ်းများ ပူးပေါင်း၍ မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဈေးရောင်းချသူများ တွင် ပါးစပ်နှင့်နှာခေါင်းစည်း (mask) နှင့် မျက်နှာအကာ (face shield) မတပ် ပါက ဈေးရောင်းချ ခွင့်မပြုရန်နှင့် ဈေးဝယ်သူများတွင် ပါးစပ်နှင့် နှာခေါင်းစည်း (mask) မတပ်ပါက ဈေးတွင်း ဝင်ခွင့်မပြုရန်တို့ကို သက်ဆိုင်ရာနီးနွယ်ဌာနများနှင့် ပူးပေါင်းကာ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

### အရေးယူမှုများပြုလုပ်ရန်

ဈေးဝယ်ယူသူများအနေဖြင့် ပါးစပ်နှင့်နှာခေါင်းစည်း (mask) နှင့် မျက်နှာ အကာ (face shield) မတပ်ထားသော ဈေးရောင်းချသူများထံမှ ဈေးဝယ်ယူခြင်း မပြုကြရန်ကို အသိပညာပေးရမည်ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ ကာကွယ်ရေးစည်းကမ်း မလိုက်နာသူများအား ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများတွင် လုပ်အားပေး ပါဝင်ဆောင်ရွက် စေခြင်းမှာ ကောင်းမွန်ပါကြောင်း၊ အလားတူ ကိုဗစ်-၁၉ ကာကွယ်ရေးစည်းကမ်း မလိုက်နာသူများအား သင့်တော်သော အရေးယူမှုများပြုလုပ်ရန် သက်ဆိုင်ရာ အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်စေလိုပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးများက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် မြို့နယ် အလိုက် ရောဂါဖြစ်ပွားကူးစက်မှုနှင့် သေဆုံးမှုအခြေအနေ၊ ဆေးရုံများနှင့် ကိုဗစ်-၁၉ ကုသရေးဌာနများတွင် ကိုဗစ်-၁၉ လူနာများအား ကုသပေးနေမှု အခြေအနေ၊ အသွားအလာကန့်သတ်ထားရှိမှုအခြေအနေ၊ အနံ့ပျောက်သူများ ထားရှိကုသရာနေရာများတွင် ဆောင်ရွက်နေမှုအခြေအနေ၊ Rapid Antigen Diagnostic Test Kit ဖြင့် ဓာတ်ခွဲနမူနာများ စစ်ဆေးနေမှုနှင့် ဓာတ်ခွဲနမူနာများ အား သက်ဆိုင်ရာ ဓာတ်ခွဲဌာနသို့ ပေးပို့စစ်ဆေးနေမှု၊ ပြည်တွင်း/ ပြည်ပ ဝင်ထွက် ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ အဝေးပြေးယာဉ်မောင်းများအား ကိုဗစ်-၁၉ စစ်ဆေးနေမှု၊ ကိုဗစ်-၁၉ ကင်းရှင်း ကြောင်း ထောက်ခံစာအတုပြုလုပ်နေသူများအား အရေးယူထားမှုများ၊ အသွားအလာကန့်သတ်မှု စည်းကမ်းချိုးဖောက်သူများအား အရေးယူထားမှုများ၊ နီးနွယ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ပရဟိတများနှင့် ပူးပေါင်းဆောင်ရွက် နေမှု၊ ကျန်းမာရေးဝန်ထမ်းများ အလုပ်ဝန်ပိနေမှုနှင့် ကိုယ်စိတ်ပင်ပန်းနေမှု၊ ပရဟိတစေတနာ့ဝန်ထမ်းများ ယခင်ကနှင့် နှိုင်းယှဉ်လျှင် နည်းပါးလာမှု၊ အကျဉ်းထောင်နှင့် အချုပ်များတွင် ရောဂါကူးစက်မှု အခြေအနေ၊ Fever clinic များဖွင့်လှစ်ဆောင်ရွက်နေမှုအခြေအနေ၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲနှင့် စိန်ခေါ်မှု များနှင့် လိုအပ်ချက်များ၊ “ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှား စီမံချက်” ဆောင်ရွက်နေမှုအခြေအနေ၊ ဈေးများတွင် ဈေးရောင်း သူနှင့် ဈေးဝယ်သူများသည် ကျန်းမာရေး၊ အထွေထွေအုပ်ချုပ်ရေးနှင့် စည်ပင် သာယာရေးဝန်ထမ်းများရှိနေချိန်တွင် ပါးစပ်နှင့် နှာခေါင်းစည်းနှင့် မျက်နှာအကာ များကို ဝတ်ဆင်သော်လည်း၊ ကျန်အချိန်များတွင် လိုက်နာဆောင်ရွက်ခြင်း အားနည်းမှု၊ လုပ်ငန်းဆောင်ရွက်ရန်အတွက် လိုအပ်ချက်များ စသည်တို့ကို ဆွေးနွေးတင်ပြခဲ့ကြပြီး ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်၊ အမြဲတမ်း အတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးတို့က တင်ပြချက်များ အပေါ် ပြန်လည်ဆွေးနွေး ဖြည့်ဆည်းပေးခဲ့သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေ ဆွေးနွေးမှုနှင့် အကြံပြုမှုများ ဆောင်ရွက်ခဲ့ကြသည်။

### အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်စေလို

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားရာ၌ ယနေ့ အစည်းအဝေးတွင် တင်ပြချက်များနှင့် အကြံပြုချက်များသည် လက်တွေ့ ကျပြီး ပြုလုပ်နိုင်သည့် အချက်များဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးများတွင် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေး နှင့် ကုသရေးဦးစီးဌာနမှူးများကို လုပ်ပိုင်ခွင့်အပြည့်အဝ ပေးအပ်ထားပြီးဖြစ်၍ အချိန်နှင့်တစ်ပြေးညီ ဆုံးဖြတ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ အချိန်တိုအတွင်း ထိရောက်အောင်မြင်မည်ဖြစ်ပါ ကြောင်း၊ မူဝါဒပိုင်းဆိုင်ရာနှင့် ဝန်ကြီးဌာနအဆင့်မှ ဖြည့်ဆည်းဆောင်ရွက်ရမည့် ကိစ္စရပ်များကိုသာ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်တင်ပြရန်ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံကျန်းမာရေးပညာရှင် ဝန်ထမ်းများ၏ အခန်းကဏ္ဍသည် အရေးကြီးပြီး ၎င်းတို့၏ စွမ်းဆောင်ရည်ပိုမိုမြင့်မားစေရေး အတွက် ဆောင်ရွက်ကြစေလိုပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ် ထိန်းချုပ်ရေးတွင် ကူးစက်မှုကွင်းဆက်ကို ဖြတ်တောက်ရန် အဓိကအကျဆုံးနှင့် အရေးအကြီးဆုံးမှာ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက် နိုင်မှုနှင့် ပြည်သူများ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်မှုတို့ဖြစ်ပါကြောင်း၊ ဈေးကြီးများတွင် ပါးစပ်နှင့် နှာခေါင်းစည်း (mask) နှင့် မျက်နှာအကာ (face shield) များအား သက်သာသောနှုန်းထားဖြင့် ရောင်းချသောဆိုင်များ ဖွင့်လှစ်နိုင် ရေးအတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်စေလိုပါ ကြောင်း။

လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သည်များအား ဝန်ကြီးဌာနမှ အတတ် နိုင်ဆုံး ဆက်လက်ဖြည့်ဆည်းပေးမည်ဖြစ်ပြီး ဝန်ကြီးဌာနအတိုင်းအတာနှင့် ဆောင်ရွက်နိုင်ခြင်း မရှိသည်များအား Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။ **သတင်းစဉ်**

---

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၂၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ရန်ကုန်တက္ကသိုလ်၊ ထီးတန်းကောလိပ်ကို သတိရမိသည်

## မောင်သံငြိမ်း

**၂၀၂၀ပြည့်နှစ် ဒီဇင်ဘာလတွင် နှစ်ပေါင်း (၁၀၀) ပြည့်တော့မည့် အမိရန်ကုန်တက္ကသိုလ်ကြီး၏ သမိုင်းတွင် တက္ကသိုလ်စတင်ပေါ်ပေါက်ပြီး နှစ်ပေါင်း ၃၆ နှစ်ခန့်အကြာ တိုးတက်များပြားလာသည့် ကျောင်းသားဦးရေ၊ အဆောင်နေလိုသူ ကျောင်းသား ကျောင်းသူဦးရေ အခြေအနေအရ လိုအပ်ချက်များရှိလာသည်။ သို့ဖြစ်၍ တက္ကသိုလ်ပထမနှစ် ကျောင်းသား ကျောင်းသူများအတွက် ပထမနှစ် သင်တန်းများကို ကြည့်မြင်တိုင်မြို့နယ် ထီးတန်းကောလိပ်နှင့် ရန်ကင်းမြို့နယ် ရန်ကင်းကောလိပ်တို့ကို တက္ကသိုလ်၏ ကိုယ်ပွားကောလိပ်များအဖြစ် ဖွင့်လှစ်ခဲ့ပါသည်။ စာသင်ခန်းများအဖြစ် အစိုးရအထက်တန်းကျောင်းများပုံစံ နှစ်ထပ်အုတ်ညှပ်အဆောက်အအုံဖြစ်ပြီး ကျောင်းသားများနေရန် သွပ်မိုး၊ ထရံကာ တန်းလျားများ ဖြစ်ကြပါသည်။**

ပထမနှစ် ကျောင်းသူများကတော့ ကံကောင်းကြပါသည်။ ကမာရွတ်ပင်မ တက္ကသိုလ်ရှိ ရှိပြီးသား အုတ်တိုက်အဆောင်များတွင် နေရပြီး ကျောင်းတက်ရန် ထီးတန်းနှင့် ရန်ကင်းသို့ သီးသန့်ဘတ်စ်ကားများဖြင့် လာကြရပါသည်။



ဒိုင်းဆုရရှိသည့် ရန်ကုန်တက္ကသိုလ် ထီးတန်း - တပ်ရင်း ပထမနှစ်ကျောင်းသားများ (၁၉၅၈)။

ကျွန်တော်တို့ခေတ်က ၃ ရာခိုင်နှုန်းကျော်ခန့်သာ အောင်မြင်လေ့ရှိသော တက္ကသိုလ်ဝင်တန်း (မက်ထရစ်) စာမေးပွဲ အောင်မြင်ပြီးသော်လည်း ကမာရွတ်ရှိ ရန်ကုန်တက္ကသိုလ်ကြီးသို့ ဝင်ခွင့်မရဘဲ တက္ကသိုလ်ကြီးလက်အောက်ခံ ထီးတန်းကောလိပ်မှ အစပြုခဲ့ရ၍ တက္ကသိုလ်ကျောင်းသား (ကောလိပ်ဂျင်) ဘဝရရှိခဲ့ပါသည်။ စာသင်ခန်းများက ပြည်တော်သာခေတ် အထကကျောင်းများကဲ့သို့ အင်္ဂလိပ်အက္ခရာ (အီး)ပုံ၊ နှစ်ထပ် အုတ်ညှပ်အဆောက်အအုံဖြစ်ရာ အထက်တန်းကျောင်း တက်နေရသကဲ့သို့ တစ်ခါတစ်ခါ ခံစားရပါသည်။

### ထီးတန်းကောလိပ်

ကျွန်တော်က ဝိဇ္ဇာဘာသာတွဲ၊ ဥပစာဝိဇ္ဇာတန်းမှာ မြန်မာ၊ အင်္ဂလိပ်နှင့် သမိုင်း၊ တက္ကဗေဒ (Logic)နှင့် ပြင်သစ်ဘာသာတွဲ၊ ဘာသာတွဲသင်္ကေတ (အက်ဖ၊ အက်ဖ) (FF) ယူသဖြင့် ထီးတန်းကောလိပ်မှာ တက်ရပါသည်။ နယ်ကလာသည့် ကျောင်းသားဖြစ်၍ အဆောင်ခန်း၊ ထီးတန်းမှာပင်ရပါသည်။ ထီးတန်းမှာ မလုံလောက်၍ ရန်ကင်းမှာ အဆောင်နေပြီး ဘတ်စ်ကားဖြင့် ထီးတန်းကို ကျောင်းလာတက်ရသူများလည်း ရှိပါသည်။

ထီးတန်းကောလိပ်မှာ သွပ်မိုး၊ ဝါးထရံကာ၊ သစ်သားကြမ်းခင်း တန်းလျား ခြောက်ခုနှင့် အလယ်မှာ နှစ်ထပ်တိုက် တစ်လုံးရှိပါသည်။ အဆောင်မှူး၊ အဆောင်နည်းပြနှင့် ကျောင်းသားအချို့ နေကြပါသည်။ တန်းလျားတစ်ခုကို A နှင့် B နှစ်ပိုင်းခွဲထားပြီး တစ်ပိုင်းမှာ ကျောင်းသား ၁၀ ယောက်စီနေပါသည်။ ကျွန်တော့်အဆောင်က (၇) ဘီမှာနေပြီး ပျဉ်းမနားက သုံးဦး၊ ပြည်၊ ကြို့ပင်ကောက်၊ ကျိုက်လတ်နှင့် ကျောက်ဆည်၊ လပွတ္တာက တစ်ဦးစီ၊ ကချင်က နှစ်ဦးရှိပါသည်။ စာသင်ခန်းများနှင့် အနီးဆုံးတန်းလျားဖြစ်ပါသည်။ ကောလိပ်ဝင်း၏ ထောင့်တစ်နေရာမှာ ထမင်းစားခန်း၊ ရေချိုးခန်းနှင့် ရေအိမ်များ ရှိပါသည်။ အဆောင်နေကျောင်းသား ၁၅၀ ခန့်ရှိပြီး ပင်မတက္ကသိုလ် လာတက်ရသော ကျောင်းသူ၊ နေ့ကျောင်းသား၊ ကျောင်းသူများနှင့် စည်စည်ကားကားဖြစ်ပါသည်။

### ပို့ဆောင်ခ နှုန်းထားများ

ကျွန်တော်တို့ ထီးတန်းကောလိပ်က ရန်ကုန်မြို့နယ်နှင့် အနီးဆုံးဖြစ်သည်။ အောက်ကြည့်မြင်တိုင်လမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်း၊ လမ်းမကြီး နှစ်ခု၊ ပန်းလှိုင်လမ်း (ယခင်အခေါ်ဟုန်းလမ်း)နှင့် ထီးတန်းလမ်းထောင့်မှာရှိပါသည်။ မြို့ထဲ ဆူးလေဘုရားလမ်းသွားလျှင် ဘတ်စ်ကားခ ပြား ၂၀ ပေးရသည်။ ကမာရွတ်က ပင်မတက္ကသိုလ်ကို သွားလိုလျှင် ဘတ်စ်ကားဂိတ်ဆုံးဖြစ်သည့် နတ်စင်လမ်းအထိသွားပြီး မြင်းလှည်းဆက်စီးရသည်။ မြင်းလှည်းခက ၂၅ ပြားလား (မမှတ်မိတော့) ပေးရသည်။ နောက်တစ်လမ်းက ဗားကရာမှ ပြည်လမ်း(မြေနီကုန်း)အထိ မြင်းလှည်းစီးပြီး ပြည်လမ်းအတိုင်း တောင်/မြောက် သွားနိုင်သည်။ ဆက်သွယ်ရေး လမ်းကြောင်းများ အားနည်းမှုနှင့် ပို့ဆောင်ခနှုန်းထားများ သိရှိရန်တင်ပြရခြင်း ဖြစ်ပါသည်။

### အနာဂတ်၏ ဝိဇ္ဇာပညာရှင်များ

ထီးတန်းကောလိပ်မှာ နယ်ကျောင်းသားများက စိတ်ကြိုက်မြန်မာစာ၊ သမိုင်းနှင့် တက္ကဗေဒ (လောဂျစ်) ဘာသာအယူများသည်။ စီးပွားရေး(အီကို)၊ ဝါဏိဇ္ဇ (ကောမတ်) ဘာသာများလည်း ယူကြသည်။ အနာဂတ်၏ ဝိဇ္ဇာပညာရှင်များ မွေးဖွားပေးရာ ကောလိပ်ဖြစ်ပါသည်။ စီးပွားရေးနှင့် ဥပဒေပညာရှင်များလည်း ပါဝင်ပါသည်။ ကျောင်းသားဟောင်းများတွင် ဝန်ကြီးအဆင့်၊ ဗိုလ်ချုပ်အဆင့်၊ သံအမတ်ကြီးအဆင့် တာဝန်ထမ်းဆောင်သူများလည်း ရှိကြပါသည်။

ကျွန်တော်တို့ ကောလိပ်မှာ တက္ကသိုလ်အရန်တပ်ရင်း၏ တပ်ခွဲတစ်ခုဖွင့်လှစ်ပေးထားသည်။ နေ့ကျောင်းသားများရော အဆောင်နေကျောင်းသားများပါ ဝင်ရောက်ပြီး စစ်ပညာသင်ကြပါသည်။ ယူတီစီ ခေါ် တက္ကသိုလ်အရန်တပ်ရင်းသို့ ဝင်ရောက်ရင်း နိုင်ငံတော်ကာကွယ်ရေးကို စိတ်ဝင်စားသူများ ပေါ်ထွန်းလာပြီး တပ်မတော်သို့ ဝင်ရောက်တာဝန်ထမ်းဆောင်သူ အများအပြားရှိပါသည်။ ယူတီစီမှာ သန္ဓေတည်သည့် ဗိုလ်ချုပ်ကြီးများ၊ တပ်မတော်အရာရှိများ ရှိကြပါသည်။ ပြည်တွင်း သောင်းကျန်းမှုနှိမ်နင်းရေးကာလမှာ နိုင်ငံနှင့် ပြည်သူများအတွက် အသက်ပေးသွားရသူများလည်း ရှိကြပါသည်။ ၁၉၅၈ ခုနှစ် ထီးတန်းကောလိပ်တပ်ခွဲ (ဓာတ်ပုံထဲမှာ တပ်ရင်းဟု သုံးထားသည်) က ရန်ကုန်၊ ရန်ကင်း၊ ထီးတန်းတပ်ခွဲများအနက် ဒိုင်းဆုရသည့်တပ်ခွဲဖြစ်၍ အမှတ်တရ ဖော်ပြလိုက်ပါသည်။ ဓာတ်ပုံထဲမှာ သင်တန်းသား ၁၀၀ ခန့်ရှိသည့်အနက် လေးပုံတစ်ပုံခန့်မှာ တပ်မတော် (ကြည်း၊ ရေ၊ လေ) သို့ ဝင်ရောက်ခဲ့ကြပါသည်။ ဗိုလ်ချုပ် (ငြိမ်း) တစ်ဦးလည်း ပါဝင်ပါသည်။ ကျဆုံး၊ ကွယ်လွန်သွား ကြသူများကလည်း ၁၀ ဦးခန့်ရှိပါသည်။

### ယနေ့တိုင်ရှင်သန်ဆဲ

၁၉၅၈ ခုနှစ် ထီးတန်းကောလိပ် ကျောင်းသားဟောင်းများသည် ဒီကောလိပ်မှာ ၁၀ လခန့်သာ အတူကျောင်းတက်ခဲ့ကြရသော်လည်း ယခုတိုင် ရင်းရင်းနှီးနှီး ဆက်သွယ်ကြပြီး အစုအဖွဲ့တစ်ခုအနေဖြင့် ယနေ့တိုင်ရှင်သန်ဆဲဖြစ်ပါသည်။ ဘာသာရပ်ဆိုင်ရာအသင်းများ ရှင်သန်နေဆဲဖြစ်သော်လည်း ရန်ကုန်တက္ကသိုလ်ထီးတန်းကောလိပ် ကျောင်းသားဟောင်းများ အစုအဖွဲ့ကဲ့သို့ အခြားအစုအဖွဲ့များ တစ်ခု၊ နှစ်ခုရှိမည်လားမသိ၊ ရှာတော့ရှားပါသည်။

ရန်ကုန်တက္ကသိုလ် ၁၉၅၈ ခုနှစ် ထီးတန်းကောလိပ် ကျောင်းသားဟောင်းများ အစုအဖွဲ့ကို ပထမဆုံး ဦးဆောင်လှုပ်ရှားသူက ကျောင်းသားဟောင်းကြီး ဦးမြသိန်း (ယခု မြန်မာနိုင်ငံ ရှေ့နေများကောင်စီ၊ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် (အငြိမ်းစား) တရားလွှတ်တော်ရှေ့နေကြီး) ဖြစ်ပါသည်။

*စာမျက်နှာ ၉ သို့*




ရန်ကုန်တက္ကသိုလ် ထီးတန်းကောလိပ် ကျောင်းသားဟောင်းများ တွေ့ဆုံပွဲအမှတ်တရ (၂၀၁၇)။



### ဆောင်းပါးရှင်၏ ကိုယ်ရေးအကျဉ်း

- ၁၉၄၂ခုနှစ်တွင် ပျဉ်းမနားမြို့တွင် မွေးဖွားသည်။
- ၁၉၅၈ ခုနှစ် အထက(၁)ပျဉ်းမနားမှ တက္ကသိုလ်ဝင်တန်း အောင်ပြီး ရန်ကုန်တက္ကသိုလ် ထီးတန်းကောလိပ်တက်သည်။ ၁၉၆၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရသည်။
- ၁၉၆၂ ခုနှစ်တွင် တပ်မတော် (ရေတပ်)တွင် ဗိုလ်အဖြစ် ခန့်အပ်ခြင်းခံရပြီး စစ်ရေယာဉ်မှူးတာဝန်၊ ဗိုလ်မှူးအဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဒုတိယညွှန်ကြားရေးမှူးအဖြစ် လွှဲပြောင်းတာဝန်ထမ်းဆောင်၍ ၁၉၇၉ ခုနှစ်တွင် တပ်မတော်မှ အငြိမ်းစားယူခဲ့ပြီး နယ်ဘက်တာဝန်ထမ်းဆောင်သည်။
- ၁၉၇၈ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ မြန်မာသံရုံး၊ ပေကျင်း၊ ဂျကာတာနှင့် ဝါရှင်တန် ဒီစီတွင် သံရုံးဒုတိယအကြီးအကဲ၊ နီပေါနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နှင့် တောင်အာဖရိကနိုင်ငံများတွင် သံအမတ်ကြီး တာဝန်ထမ်းဆောင်ခဲ့သည်။
- ၁၉၉၈ ခုနှစ်တွင် နယကမှ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ အဖွဲ့ဝင် (ဒု-ဝန်ကြီး) အဖြစ် ခန့်အပ်ခြင်းခံရသည်။ ၂၀၁၀ ပြည့်နှစ်တွင် ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။ ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌအဖြစ် ခန့်အပ်သည်။ ၂၀၁၆ ခုနှစ်တွင်နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူသည်။ ဝဏ္ဏကျော်ထင်ဘွဲ့၊ ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ပထမအဆင့်)နှင့် ပြည်သူ့ဝန်ထမ်းကောင်း၊ နိုင်ငံတော်စစ်မှုထမ်း၊ စစ်ရေယာဉ်မှူးနှင့် အခြားတံဆိပ်များရရှိခဲ့သည်။ စံပြဗိုလ်လောင်းအဖြစ် ငွေဓားဆု ရရှိခဲ့ပါသည်။

*စာမျက်နှာ ၈ မှ*

၁၉၉၈ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် ကုန်သည်လမ်း၊ MAC တာဝါသို့ ဦးမြသိန်းက ဖိတ်ကြားကျင်းပခြင်းဖြစ်ပါသည်။ "၅၈ ခု၊ ထီးတန်းကောလိပ်၊ သူငယ်ချင်းများ တွေ့ဆုံပွဲ" ကို ဦးဆောင်ကျင်းပသည့် အခြားအကျိုးဆောင်များက ဗိုလ်မှူးကြီး မျိုးမြင့် (ငြိမ်း/ကွယ်လွန်)၊ ဗိုလ်မှူးကြီး အောင်ကြည် (ငြိမ်း/ကွယ်လွန်)၊ ဦးမြင့်အောင် (စီးပွားကူးသန်း)၊ KT ဦးတင့်လွင်၊ ဦးခင်ဆွေ (ရွှေစွန်ညို)၊ တက္ကသိုလ် ကြိုင်သင်း(ကွယ်လွန်) တို့ ဖြစ်ကြပါသည်။ ဒီအချိန်က ကျွန်တော် ပြည်ပတွင် တာဝန်ထမ်းဆောင်နေ၍ မတက်ရပါ။ ၂၀၀၁ ခုနှစ်တွင် ဦးမြသိန်းက သူ၏ ဂိုးရိုစ် (Gold Roast) ကော်ဖီမှုန့်စက်ရုံတွင် ကျင်းပသည့် တွေ့ဆုံပွဲကို ပထမဆုံး တက်ရောက်ခဲ့ရပါသည်။ ကိုယ့်တာဝန်နှင့် ကိုယ့်ဒေသအသီးသီး၊ ဌာနအသီးသီးသို့ ရောက်ရှိနေကြသည့် သူငယ်ချင်းများ၊ နှစ်ပေါင်း ၄၀ ကျော်မှ ပြန်တွေ့ကြရာ အားလုံး ခင်ခင်မင်မင် ပျော်ရွှင်ဝမ်းမြောက်ခဲ့ကြပါသည်။ စီစဉ်ကျွေးမွေးဧည့်ခံသူ နှောင်တော်ကြီး ဦးမြသိန်းကို ကျေးဇူးတင်ကြပါသည်။

ကျွန်တော်က ၁၉၉၉ ခုနှစ်ဆန်းမှ မြန်မာနိုင်ငံသို့ ပြန်လည်ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရပြီး ၄/၅ နှစ်အကြာမှာ နေပြည်တော်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသဖြင့် အချို့ပွဲများ မတက်ဖြစ်ခဲ့ပါ။ ၂၀၁၆ ခုနှစ်ဆန်းမှာ နိုင်ငံတာဝန်အသီးသီးမှ အငြိမ်းစားယူပြီး ရန်ကုန်သို့ ပြန်ပြောင်းချိန်မှာ ဤတွေ့ဆုံပွဲများကို လက်လွတ်မခံနိုင်ပါ။

၂၀၁၆ ခုနှစ်မှာ "၅၈၊ ထီးတန်း" ကို ဦးဆောင်နေသူက ကျောင်းသားဟောင်း ဝန်ကြီး(အငြိမ်းစား) သီရိပျံချီဗိုလ်ချုပ်စောလွင် (ငြိမ်း) ဖြစ်ပါသည်။ အစ်ကိုကြီး ဦးမြသိန်းကလည်း နေပြည်တော် ရောက်နေပါသည်။ ပြန်လာပြီး တွေ့ဆုံပွဲကိုဆင်နွဲပါသည်။ နှောင်တော်ကြီး ဗိုလ်ချုပ်စောလွင် (ငြိမ်း) ကလည်း စိတ်ရောကိုယ်ပါ ဦးဆောင်မှုပေးပြီး စေတနာသာမက ငွေအား၊ လူအား စိုက်ထုတ်ဦးဆောင်ပေးလျက်ရှိပါသည်။

ဒီအချိန်မှာတော့ စုစည်းမိသည့် ကျောင်းသားဟောင်းအင်အားက ၂၀ ကျော်သာ ရှိတော့ပါသည်။ ဝန်ကြီး (ငြိမ်း) သီရိပျံချီဗိုလ်ချုပ်စိန်ထွား(ငြိမ်း)၊ ဒုဝန်ကြီး(ငြိမ်း) ဝဏ္ဏကျော်ထင်ဗိုလ်မှူးချုပ် စိုးဝင်းမောင် (ငြိမ်း)၊ ရာထူးဝန်အဖွဲ့ဝင် (ငြိမ်း) ဝဏ္ဏကျော်ထင် ဦးလှမြင့်ဦး၊ တရားလွှတ်တော် တရားသူကြီး(ငြိမ်း)ဝဏ္ဏကျော်ထင် ဦးသက်ထွန်း၊ ဗိုလ်မှူးကြီးအောင်ကြည် (ငြိမ်း) (ကွယ်လွန်)၊ KT ဦးတင့်လွင်၊ ဦးဟန်ရွှေ (တစည)၊ ဗိုလ်မှူးလှထွန်း(ငြိမ်း) (သတင်းနှင့်စာနယ်ဇင်း)၊ ဦးခင်ဆွေ (ရွှေစွန်ညို)၊ ဦးမြင့်အောင်၊ ဦးတင်ထွန်း၊ ဦးမြလွင်၊ ဦးသိန်းမြင့်၊ ဦးစစ်တင်၊ ဦးနေဝင်း၊ ဦးမောင်မောင်အေးမြင့် စသည်တို့ ဖြစ်ကြပါသည်။ ဒုမှူးကြီးမြအေး၊ ဗိုလ်ကြီးဇင်အောင်တို့က မကြာမီက ကွယ်လွန်သွားကြပြီ ဖြစ်ပါသည်။

၅၈၊ ထီးတန်းကောလိပ်အစုအဖွဲ့၊ သူငယ်ချင်းသံယောဇဉ် ကြီးမားစွာဖြင့် ဦးစီးဦးရွက်ပြုမည့် နှောင်တော်ကြီးများကြောင့် ယနေ့အထိ ရှင်သန်နေဆဲဖြစ်ပါသည်။ ရှေ့တွင် တင်ပြခဲ့သည့် ဦးမြသိန်း ဖိတ်ကြားသည့် ၁၉၉၈ ခုနှစ်က ဖိတ်စာနှင့် ဖိတ်ကြားသည့် တွေ့ဆုံပွဲမတိုင်မီကလည်း တွေ့ဆုံခဲ့ကြသည်။ နောက်ပိုင်း ပြည်ပရောက်နေသည့်အချိန်မှ လွဲ၍ မိတ်ဆုံပွဲများ ကျင်းပပေးသည့် တစ်ခါတစ်ရံ ကျောင်းသူများပါဝင်ကြောင်း၊ ၇၀/၈၀ ဦးခန့် တက်ကြောင်းလည်း ကြားရပါသည်။

ရန်ကုန်မှာရှိနေသည့် နှောင်တော်ကြီး ဗိုလ်ချုပ်စောလွင် (ငြိမ်း) ဦးဆောင်သည့်အခါ တွေ့ဆုံပွဲက ပို၍စိတ်လာပါသည်။ တစ်နှစ် (၃/၄)ကြိမ် ကျင်းပဖြစ်သည်။ သို့ရာတွင် လူဦးရေက ၂၀ ကျော်သာ စုစည်းမိပါသည်။ ဆီဒိုးနားဟိုတယ်မှာ လုပ်ဖြစ်သည်၊ ရွှေဘဲ စားသောက်ဆိုင်မှာလုပ်ဖြစ်သည်၊ နောက်ပိုင်း အလှည့်ကျဒကာခံသည့် စနစ်ကျင့်သုံးလာသည်။ သုံးလတစ်ကြိမ် သုံးနာရီခန့်ကြာသည့် ပွဲဖြစ်လာပါသည်။

**"ထီးတန်းကောလိပ်မှာ နယ်ကျောင်းသားများက စိတ်ကြိုက်မြန်မာစာ၊ သမိုင်းနှင့် တက္ကဗေဒ (လောဂျစ်) ဘာသာအယူများသည်။ စီးပွားရေး (အီကို)၊ ဝါဏိဇ္ဇ (ကောမတ်)ဘာသာများလည်း ယူကြသည်။ အနာဂတ်၏ ဝိဇ္ဇာပညာရှင်များ မွေးဖွားပေးရာ ကောလိပ်ဖြစ်သည်။ စီးပွားရေးနှင့် ဥပဒေပညာရှင်များလည်း ပါဝင်သည်။ ကျောင်းသားဟောင်းများတွင် ဝန်ကြီးအဆင့်၊ ဗိုလ်ချုပ်အဆင့်၊ သံအမတ်ကြီးအဆင့် တာဝန်ထမ်းဆောင်သူများလည်းရှိကြ"**



ရန်ကုန်တက္ကသိုလ် ထီးတန်းကောလိပ် ကျောင်းသားဟောင်းများ အစုအဖွဲ့မှ ထုတ်ဝေသော အထိမ်းအမှတ် စာအုပ်၊ စာစောင်များ။

### အထူးခြားဆုံးအချက်

ရန်ကုန်တက္ကသိုလ် ၁၉၅၈ ခုနှစ်၊ ထီးတန်းကောလိပ် ကျောင်းသားဟောင်းများ အစုအဖွဲ့ရဲ့ အထူးခြားဆုံးအချက်က အထိမ်းအမှတ်စာအုပ်၊ စာစောင်များ ထုတ်ဝေခြင်းဖြစ်ပါသည်။ ဝန်ကြီး(ငြိမ်း) ဗိုလ်ချုပ် စောလွင် (ငြိမ်း) ၏စေတနာ၊ အကြံဉာဏ်ဖြင့် အထိမ်းအမှတ်စာအုပ်များကို ခံ့ညားသပ်ရပ်စွာ ငွေကုန်ကြေးကျခံ၍ ထုတ်ခြင်းကို ၂၀၁၇ ခုနှစ်မှ စတင်ထုတ်ဝေပေးခဲ့ပါသည်။ စက္ကူအချောဖြင့် အမှတ်တရဓာတ်ပုံများ ဝေဝေဆာဆာဖော်ပြပြီး စာအုပ်ရေ ၂၀/၃၀ သာ ရိုက်နှိပ်လက်ဆောင်ပေးသဖြင့် စာအုပ်တစ်အုပ်၏တန်ဖိုးမှာ ကျပ်တစ်သိန်းခန့်ရှိပါသည်။ စာအုပ်များ ရိုက်နှိပ်ရာတွင် ကျောင်းသားဟောင်း သူငယ်ချင်းများက ရေးဖြစ်ပေါင်း၊ အောက်မေ့ဖွယ်၊ ဗဟုသုတရဖွယ် စာမူများ ပေးပို့ဖော်ပြကြသဖြင့် စာမျက်နှာ ၂၀၀ ကျော်ရှိသည်။ ၅၈၊ ထီးတန်းက စာမူရှင် ၁၄/၅ ဦးရှိပါသည်။

ထုတ်ဝေခဲ့သည့် စာအုပ်များမှာ ၂၀၁၇ ခုနှစ်က "ပြန်ဆုံလက်များတွဲလို့ထား"၊ ၂၀၁၈ ခုနှစ်မှာ "ဒို့များရဲ့ တွေ့ဆုံပွဲ၊ နှစ်၆၀ပြည့် အမှတ်တရစာစောင်"၊ ၂၀၁၈ ခုနှစ်မှာပင် ပြန်ဆုံလက်များတွဲလို့ထား (ဒုတိယစာအုပ်)၊ ၂၀၁၉ ခုနှစ်တွင် "၁၉၅၈၊ ထီးတန်းကောလိပ်၊ အမှတ်တရစာစောင်" တို့ ဖြစ်ပါသည်။ စာအုပ်များတွင် မြတ်ဗုဒ္ဓနှင့် ဆရာတော်ကြီး၏ အဆုံးအမများ၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ဖွယ်ဆောင်းပါး၊ စာစုများပါဝင်၍ များစွာတန်ဖိုးရှိလှပါသည်။ ရေးဖြစ်ပေါင်းများ ပြန်လည်သတိရ၍ ခင်မင်ရင်းနှီးမှု ပိုမိုတိုးပွားစေပါသည်။ ဗိုလ်ချုပ်စောလွင်အနေဖြင့် "ဓမ္မစာစုများ" စာစောင် သုံးကြိမ် ရိုက်နှိပ်ဖြန့်ဝေပေးခဲ့ပါသည်။

၅၈၊ ထီးတန်း၏ အခြားစွမ်းဆောင်နိုင်မှုတစ်ရပ်မှာ ကျောင်းသားဟောင်း ကျန်းမာရေးအစောင့်အရှောက် ထောက်ပံ့ရန် ရန်ပုံငွေထူထောင်၊ ထောက်ပံ့ခြင်းဖြစ်ပါသည်။ နာရေးကို အဓိကထား ကူညီပေးပါသည်။

အမိရန်ကုန်တက္ကသိုလ်ကြီး၏ နှစ်(၁၀၀) ပြည့် အခါသမယတွင် အမိတက္ကသိုလ်၏ သားသမီးများထဲမှ ၅၈ ထီးတန်းကောလိပ် ကျောင်းသားဟောင်းများ စုစည်းညီညွတ်စွာဖြင့် ရှင်သန်နေဆဲဖြစ်ပါကြောင်း ဂုဏ်ယူဝံ့ကြွားစွာ ဖော်ပြအပ်ပါသည်။ ။

---

*စာမျက်နှာ ၆ မှ*

အင်္ကျီအဟောင်းလေးတွေ၊ အခြား မလိုတာလေးတွေ အပြင် ကိုယ်လှူချင်ပေးချင်တဲ့ ပစ္စည်း လေးတွေ၊ စားစရာသောက်စရာလေးတွေကို အဖိုးစားနား မယူဘဲ မိမိတတ်နိုင်သလောက် မရှိနွမ်းပါးသူတွေထံကို ခင်းကျင်းပေးဝေ မျှဝေသုံးစွဲစေတဲ့ ချစ်စရာကောင်းတဲ့ မြန်မာ့ရိုးရာဓလေ့လေးတစ်ခု ဖြစ်ပါတယ်။

ဒါနဲ့အတူ ဆက်စပ်လာတာက ပံ့သကူပစ္စည်းပစ်တဲ့ အလေ့အထပါ။ ဒါကတော့ ဒီနေ့ခေတ်အခါ ကာလမှာ တိမ်မြုပ်ပျောက်ကွယ်နေသလို ဖြစ်နေပါတယ်။ ပံ့သကူဆိုတာက ကိုယ်လှူချင် ပေးချင်၊ မျှဝေချင်တဲ့ အထက်က နိဗ္ဗာန်ဈေးမှာ လှူတဲ့ပစ္စည်းတွေ၊ အစားအသောက်တွေကို အိတ်တစ်လုံးထဲမှာထည့်ပြီး လူသူကင်းတဲ့ လမ်းဆုံလမ်းခွမှာ သွားချထားပေးရတာပါ။

အဲဒီလို ပံ့သကူချထားတဲ့အခါ အပေါ်က နိဗ္ဗာန်ဈေးနဲ့ ကွာခြားသွားတဲ့ အချက်ကတော့ ပေးကမ်းလှူတန်းတဲ့သူ မိမိကို ဘေးလူက မသိမမြင်စေရတာပဲ ဖြစ်ပါတယ်။ ဒီလိုလုပ်တဲ့နေရာမှာ သတိထားရမှာက ပစ္စည်းတွေကို မသုံးတဲ့ အဟောင်းတွေ၊ အစုတ်တွေချည်းပဲ မထားရသလို ရေထဲမျှောတာမျိုး၊ အမှိုက်ပစ်သလို စွန့်ပစ်ထားတာမျိုး မလုပ်ရဘဲ ကိုယ်မျှဝေမယ့်ပစ္စည်းဟာ မရှိတဲ့သူ၊ တစ်ပါးသူ သုံးစွဲနိုင်တာမျိုး၊ အကျိုးရှိစေတာမျိုး ဖြစ်ရမယ့်အပြင် ပစ္စည်းရသွားတဲ့သူကလည်း ဝမ်းမြောက်နှမ်ျော် သာဓုခေါ်ဆိုတာမျိုး ဖြစ်ရမယ်၊ မိမိလည်း ကုသိုလ်ဖြစ်ရမယ်လို့ ဖတ်ရပါတယ်။

### မြန်မာ့ရိုးရာဘာသာရေးပွဲတော်အစဉ်အလာ ရိုးရာဓလေ့များကိုထိန်းသိမ်းကြစေချင်

ဒီအတွက်ပဲ မြန်မာ့ရိုးရာ ဘာသာရေးပွဲတစ်ခုဖြစ်တဲ့ တန်ဆောင်တိုင်ပွဲတော်တွေ၊ ချစ်စရာ၊ ပျော်စရာကောင်းတဲ့ ရိုးရာဓလေ့တွေကို ဆက်လက်မြင်တွေ့၊ လိုချင်တယ်ဆိုရင် ကျွန်တော်တို့ကပဲ ဝိုင်းဝန်း ထိန်းသိမ်းကြရမှာပါ။ အသံချဲ့စက်တွေ အကျယ်ကြီးဖွင့်ပြီး အလှူခံတာ၊ ကခုန်ကြတာ၊ ပျော်ပါး စားသောက်ကြတာတွေကို ဘေးဖယ်ပြီး အနှစ်သာရရှိတဲ့ ပွဲတော်အဖြစ် အခုလို ကိုဗစ်-၁၉ ကပ်ရောဂါဘေး ကျရောက်နေတဲ့အချိန်မှာ ကျန်းမာရေးစည်းကမ်းတွေကို လိုက်နာကြပြီး ချစ်စရာကောင်းတဲ့ မြန်မာ့ရိုးရာ ဓလေ့ကောင်းတစ်ခုကို သရုပ်ပျက်ယဉ်ကျေးမှုတစ်ခုအဖြစ် ရောက်ရှိမသွားရအောင် ထိန်းသိမ်းကြရင်းနဲ့ နောင်လာနောက်သားတို့အတွက် လက်ဆင့်ကမ်းအမွေတစ်ရပ်အဖြစ် ချန်ထားခဲ့ကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

---

❑ *ကျောဖုံးမှ*

ထက်ယမင်းဦး(ရန်ကုန်သိပ္ပံ)၊ ဦးမြ(ကယား)၊ အမျိုးသား ဂျူနီယာတန်းတွင် ပထမ မင်းခန့်ဝေထွန်း(အောင်ဆန်း)၊ ဒုတိယ သိန်းထိုက်အောင်(ကယား)၊ ပူးတွဲတတိယ ကောင်းမြတ်မင်း (အောင်ဆန်း)၊ ကောင်းခန့်ဦး (တောင်ကြီးသိပ္ပံ) တို့က လည်းကောင်း၊ အမျိုးသမီးတစ်ဦးချင်း "ခတ" ယူ-၂၁ ပြိုင်ပွဲတွင် ပထမ ဖလောရင့်နေခြည်ထွန်း(ကယား)၊ ဒုတိယ ခရစ္စတင်း(ကယား)၊ ပူးတွဲတတိယ မြတ်နိုးဖြူစင်နှင့် ပြည့်စုံကျော် (ကျိုက္ကဆံ)၊ ယူ-၂၁ အမျိုးသားတွင် ပထမ မင်းနိုင်ငြိမ်း (တောင်ကြီးသိပ္ပံ)၊ ဒုတိယ အုပ်စိုးခန့်(ကယား)၊ ပူးတွဲတတိယ သက်ထူးစံ (ရန်ကုန်တက္ကသိုလ်)၊လင်းထက်ဦး (ကချင်)တို့ အသီးသီးရရှိကြသည်။ ပြိုင်ပွဲ၌ မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က ကျေးဇူးတင်စကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး ဦးကျော်ကျော်မိုးနှင့် အမှုဆောင်များ၊ အုပ်ချုပ်/နည်းပြနှင့် ကစားသမားများ၊ ဂျပန်နိုင်ငံရောက် မြန်မာကရာတေး ကျောင်းသားများ ကြည့်ရှုအားပေးကြသည်။ "ကျွန်တော်တို့ (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲအတွက် ရည်ရွယ်ကျင်းပနေတဲ့ Kata Online Series ပြိုင်ပွဲမှာ ပေါ်ထွက်လာမယ့် မျိုးဆက်သစ်ကစားသမားများကိုပါ ထည့်သွင်းစဉ်းစားပြီး ယခင်နောက်ဆုံး ရွေးချယ်ထားသော ၂၀၁၉ ခုနှစ်အတွင်း ပြိုင်ပွဲအသီးသီးမှ ထူးချွန်သူများနဲ့ ပေါင်းစပ်စာရင်းပြုစုထားပြီး ဖြစ်ပါတယ်။ လတ်တလောအခြေအနေအရ စခန်းဝင် လေ့ကျင့်မှု ရပ်နားထားလို့ မိမိအစီအစဉ်နဲ့မိမိတို့ လေ့ကျင့်ကစားနေကြပြီး မကြာမီ ပြန်လည်စုစည်း လေ့ကျင့်ပေးနိုင်ဖို့လည်း မျှော်လင့်ပြင်ဆင်ထားပါတယ်"ဟု အတွင်းရေးမှူး ဦးကျော်ကျော်မိုးက ပြောသည်။

ပြိုင်ပွဲဆုကြေးအဖြစ် ဂျူနီယာအဆင့်တွင် ပထမ ငွေကျပ်တစ်သိန်း၊ ဒုတိယ ငွေကျပ်ခုနစ်သောင်းငါးထောင်၊ ပူးတွဲတတိယ ငွေကျပ်ငါးသောင်းစီ၊ ယူ-၂၁ ပြိုင်ပွဲတွင် ပထမ ငွေကျပ်တစ်သိန်းငါးသောင်း၊ ဒုတိယ ငွေကျပ်တစ်သိန်း၊ ပူးတွဲတတိယ ငွေကျပ်ခုနစ်သောင်းငါးထောင်စီ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲများကို လေးပတ်ကျင်းပခဲ့ပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ အသင်း ၂၅ သင်း၊ အားကစားသမား ၁၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**အာကာစိုး**

---

❖ *ကျောဖုံးမှ*

စီစဉ်နေခြင်း ဖြစ်သည်။

"ဆိုင်တွေ ပြန်လည်ဖွင့်လှစ်နိုင်ဖို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြထားပါတယ်။ ဆိုင်တွေကို ဖွင့်ခွင့်မပြုခင်မှာ မြို့နယ်စည်ပင်၊ စားသုံးသူရေးရာ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာနနဲ့ တခြားတာဝန်ရှိသူတွေက စစ်ဆေးမှုတွေ လုပ်ဆောင်ထားပါတယ်။ ကျန်းမာရေးဆိုင်ရာ A အဆင့် သတ်မှတ်ချက်ဆိုင်တွေ ဖြစ်အောင်လုပ်ဖို့ ဆိုင်ရှင်တွေကို ပြောထားပြီးပါပြီ။ အားလုံးနီးပါး ပြန်ဖွင့်ခွင့်ရကြမှာပါ"ဟု မကွေးမြို့နယ်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ ဦးဖိုးနီက ပြောသည်။

ကိုဗစ်ပထမအကြိမ်၌ ဆိုင်ထိုင်စနစ်ကို နှစ်လခန့် လုပ်ဆောင်ခဲ့ရပြီး ယခု ဒုတိယအကြိမ်၌လည်း နှစ်လခွဲခန့် ဆိုင်ဖွင့်ခွင့်မရသည့်အတွက် နေ့စဉ်ရောင်းအား၏ သုံးပုံနှစ်ပုံ ကျဆင်းသွားကြောင်း၊ ပြန်ဖွင့်ခွင့်ရပါကလည်း ကျေးရွာများ၌ သီးနှံပေါ်ချိန်နှင့် တိုက်ဆိုင်နေသဖြင့် အလုပ်သမားရှာမရသည့် အခက်အခဲများလည်းရှိနေကြောင်း လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဒေါ်စိန်မြင့်ထံမှ သိရသည်။

မကွေးဒေသတွင် စားဝတ်နေရေးအရ မဖြစ်မနေ အိမ်ပြင်ထွက်ကြရသူများပြားနေပြီး အကာအကွယ်တပ်ဆင်မှု အခြေအနေမှာလည်း ယခင်ကထက် ပိုများလာသည်ဟု ဒေသခံတစ်ဦးဖြစ်သူ ဦးမျိုးက ဆိုသည်။

မကွေးတိုင်းဒေသကြီးတွင် ယနေ့နံနက်ပိုင်းအထိ ကိုဗစ်အတည်ပြုလူနာ ၁၃၃၉ ဦးရှိပြီး ယင်းတို့ထဲမှ သက်ကြီးလူနာ သုံးဦး သေဆုံးခဲ့ကာ ရောဂါသက်သာ၍ ဆေးရုံဆင်းခွင့်ရသူ တစ်ထောင်ခန့်ရှိကြောင်း မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ဇေယျာတု( မကွေး)**

# ရာပြည့်ကြုံသည့် ရန်ကုန်တက္ကသိုလ်

## ပန်းတောင်းသန်းကြွယ်



### ဆောင်းပါးရှင်၏ ကိုယ်ရေးအကျဉ်း

- အမည်ရင်း ဦးသန်းကြွယ်ဖြစ်သည်။
- ၁၉၆၄ ခုနှစ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် ဆယ်တန်းအောင်မြင်ခဲ့သည်။
- ၁၉၇၄ ခုနှစ်တွင် ပထဝီဝင်အဓိကဖြင့် လုပ်သားများကောလိပ်မှ ဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။
- ၂၀၀၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ အသုံးချစိတ်ပညာ ဒီပလိုမာဘွဲ့ကို လည်းကောင်း၊ ၂၀၀၈ခုနှစ်တွင် လူမှုရေးပညာဘွဲ့လွန်ဒီပလိုမာကိုလည်းကောင်း ရရှိခဲ့သည်။
- ၁၉၆၉ ခုနှစ်မှစ၍ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးရုံအသီးသီးတွင် အောက်တန်းစာရေးဘဝမှစတင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် ဆေးလူမှုဆက်ဆံရေး အရာရှိရာထူးဖြင့် ရန်ကုန်ဆေးရုံကြီးမှ အငြိမ်းစားယူခဲ့သည်။

**"မြကျွန်းညိုညို ကွန်းခိုရာ တက္ကသိုလ်မှာကြုံ x x x စာပေဂီတနဲ့သာ အနုပညာအစစမှာ လည်းစုံ x x x တေးပဥ္စင်ငြိမ့်ငြိမ့်ညောင်း x x x စုပေါင်းပါလို့ သီကျူးပုံ x x x တေးမဂ်လာ ဘဝင်မှာအေးလို့ x x x x x ငြိမ်းချမ်းကြစေကုန် x x x "**

လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်က မြန်မာ့အသံရေဒီယိုမှ အကြိမ်ကြိမ် လွှင့်ပျံ့ခဲ့သော ရန်ကုန်တက္ကသိုလ်အား ဂုဏ်ပြုစပ်ဆိုထားသည့် **"မြကျွန်းညိုညို"** သီချင်းသံကို ယခုတက္ကသိုလ်ရာပြည့်ကာလတွင် တစ်ဖန်ပြန်လည်ကြားယောင်မိလေသည်။ အင်းလျားကန်၊ ကံ့ကော်နန်းနှင့် စိန်ပန်းပြာတို့ ကြီးစိုးရာဟု တင်စားကြရသည့် ရန်ကုန် တက္ကသိုလ်ကား လှပဆဲနုပျိုဆဲပင် ဖြစ်လေသည်။

### နှစ်တစ်ရာတင်းတင်း ပြည့်လေပြီ

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလက ဖွင့်လှစ်ခဲ့သော ရန်ကုန်တက္ကသိုလ်၏ သက်တမ်းသည် ယခု ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် နှစ်တစ်ရာတင်းတင်း ပြည့်လေပြီ။ နှစ်တစ်ရာကာလအတွင်း တက္ကသိုလ်၏ အဖြစ်အပျက်တို့ကား မျိုးစုံလှပေသည်။ အဓိကကျသော ကျောင်းသားတို့၏ ကြိုးပမ်းမှု၊ လှုပ်ရှားမှု၊ နိုင်ငံရေးနိုးကြားမှု၊ အမျိုးသားရေးစိတ်ဓာတ်ပြင်းပြမှု စသည်တို့သည်ကား အံ့မခန်းဖြစ်ရလေသည်။ ပြော၍မကုန်၊ ရေး၍ မကုန်အောင် ဂုဏ်ယူတမ်းတဖွယ်ဖြစ်ရပေသည်။

၁၈၅၂ ခုနှစ်တွင် စတင်ဖြစ်ပွားခဲ့သော ဒုတိယအင်္ဂလိပ် – မြန်မာစစ်ပွဲအပြီး ၁၈၅၃ ခုနှစ်၌ အောက်မြန်မာနိုင်ငံတစ်ခုလုံးကို ဗြိတိသျှတို့က သိမ်းပိုက်လိုက်လေသည်။ အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် နှစ်ပေါင်း ၂၀ ကြာပြီးနောက် ၁၈၇၃ ခုနှစ်က ရန်ကုန် ဟိုက်စကူးလ်ကျောင်းကို တည်ထောင်ခဲ့သည်။ ယင်းကျောင်းသည် ၁၈၈၄ ခုနှစ် တွင် ရန်ကုန်ကောလိပ်ဖြစ်လာပြီး ကာလကတ္တားတက္ကသိုလ်တွင် ဘွဲ့သင်တန်းများ တက်ရောက်ရန် ဥပစာတန်းများကို သင်ကြားပေးခဲ့သည်။

မြန်မာနိုင်ငံကို အိန္ဒိယနှင့် ပေါင်းစည်းထားခြင်းအား ခွဲထုတ်ရန်နှင့် ပညာရေးတွင်လည်း ကာလကတ္တားလက်အောက်ခံ မဟုတ်ဘဲ သီးခြားလွတ်လပ်သည့် တက္ကသိုလ်တည်ထောင်ပေးရန် မြန်မာတို့၏ တောင်းဆိုမှုများ ပြင်းထန်လာခြင်းကြောင့် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို လေးနှစ်ခန့်ကြာအောင် ရေးဆွဲခဲ့ပြီး ၁၉၂၀ ပြည့်နှစ် ဇွန်လတွင် ပြည်သူများသို့ ချပြခဲ့သည်။ ထိုအက်ဥပဒေတွင် မြန်မာပြည်သူတို့ မနှစ်သက်သည့် အချက်အလက်များ ပါဝင်လာခဲ့သည် –

(၁) အင်္ဂလိပ်ဘာသာနှင့် အခြားဘာသာရပ်တစ်ခုတွင် ထူးချွန်စွာအောင်မြင်မှ တက္ကသိုလ်ဝင်ခွင့်ရမည်။

(၂) တက္ကသိုလ်တွင် အစမ်းသင်ကြားပြီးမှ ဆက်သင်ခွင့်ရ/မရ ဆုံးဖြတ်မည်။

(၃) မြန်မာပြည်တွင် တက္ကသိုလ်တစ်ခုသာရှိပြီး ထိုတက္ကသိုလ်လက်အောက်တွင် ကောလိပ်ကျောင်းတစ်ကျောင်းသာ ရှိရမည်။

(၄) ကျောင်းသားအားလုံး ကျောင်းအိပ် ကျောင်းစား နေကြရမည်ဟူသောအချက်များ ဖြစ်လေသည်။

### ကျွန်ပညာရေး အလိုမရှိ

နယ်ချဲ့အစိုးရသည် မြန်မာပြည်တွင် တက္ကသိုလ်ကျောင်းတစ်ကျောင်းကို မဖြစ်မနေ တည်ထောင်ပေးလိုက်ရသည့်တိုင်အောင် မြန်မာလူမျိုးတို့အား အထက်တန်းပညာရပ်များကို သင်ကြားမပေးလိုဘဲ ပညာသင်စရိတ်ကြီးမားစေရန် ဖန်တီးထားပြီး ပညာတတ်နည်းနိုင်သမျှ နည်းပါးစေရန် ရည်ရွယ်လုပ်ကြံထားခြင်းပင် ဖြစ်သည်။ ပညာတတ်နည်းပါးပြီး အောက်တန်းကျသည့်အလုပ်များကို လုပ်ကိုင်နိုင်စေရန် ရည်ရွယ်ထားခြင်းကြောင့် မြန်မာတို့က ဝေဖန်ပြစ်တင်ကာ **"ကျွန်ပညာရေး အလိုမရှိ"** ဟူသော ကြွေးကြော် သံများဖြင့် နယ်ချဲ့တို့အား ပထမဆုံးအကြိမ်အဖြစ် စတင်အန်တုလာကာ နိုင်ငံရေးနိုးကြား လာခဲ့ကြသည်။

၁၈၃၅ ခုနှစ်တွင် ပညာရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌဖြစ်လာသည့် လော့ဒ်မကော့လေး၏ မှတ်တမ်းကိုအခြေခံ၍ မြန်မာနိုင်ငံကို ကျွန်သက်ရှည်အောင် အဓိကရည်ရွယ်ကာ ချမှတ်ခဲ့သော ရန်ကုန်တက္ကသိုလ် အက်ဥပဒေပင် ဖြစ်သည်။ မကော့လေး၏ ပညာရေးမှတ်တမ်းတွင် အခြေခံမူ(၃)ချက် ပါဝင်ခဲ့သည် –

(၁) အရှေ့တိုင်းပညာရပ်နှင့် စာပေကို အားပေးချီးမြှင့်ရန်အစား အနောက်တိုင်း ပညာရပ်နှင့် အင်္ဂလိပ်စာကို အားပေး ချီးမြှင့်ရန်၊

(၂) အင်္ဂလိပ်ဘာသာ စာပေကို သင်ကြားမှု မဏ္ဍိုင်အဖြစ် အသုံးပြုရန်၊

၃) အသားအရောင်အားဖြင့် ညိုသော်လည်း အင်္ဂလိပ်စာပေကို တတ်ကျွမ်းပြီး အင်္ဂလိပ်တို့ကဲ့သို့ တွေးခေါ်ကာ အင်္ဂလိပ်စိတ်ပေါက်နေသော လူတန်းစားတစ်ရပ် မွေးထုတ်၍ ထိုလူတန်းစားကို တိုင်းရင်းသားလူမျိုးများနှင့် အုပ်စိုးသူတို့ကြားတွင် ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်စေရန်တို့ ဖြစ်သည်။

ဤသုံးရပ်သည် အုပ်စိုးသူဗြိတိသျှတို့ကို လက်အောက်ခံတိုင်းရင်းသားတို့က အထင်ကြီးစိတ်၊ ကြည်ညိုစိတ်၊ သစ္စာရှိစိတ်တို့ကို တစိမ့်စိမ့်ဖြစ်ပေါ်လာစေပြီး တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအခြေခံများကို တစ်စတစ်စ ပျောက်ကွယ်သွားစေမည့်အပြင် အမျိုးသားရေးစိတ်၊ အမျိုးသားအားမာန်များကိုပါ ပျောက်ကွယ်သွားစေမည့် မူများပင် ဖြစ်သည်။

### ပညာရေးအက်ဥပဒေကြမ်းကို ပြင်ဆင်

၁၉၁၈ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံတက္ကသိုလ်ကော်မတီကို ဖွဲ့စည်း၍ ပညာရေးအက်ဥပဒေကြမ်းကို ပြင်ဆင်ခဲ့သည်။ ပြင်ဆင် ရေးဆွဲထားသော ဥပဒေကြမ်းကို ဘဏ္ဍာရေးခန့်မှန်းချက်များနှင့်အတူ ပညာရေးမင်းကြီး က ၁၉၂၀ ပြည့်နှစ် ဇူလိုင်လတွင် ဘုရင်ခံ၏ ကောင်စီအစည်းအဝေးသို့ တင်သွင်းခဲ့သည်။ ထိုနှစ် ဩဂုတ်လ ၂၈ ရက်တွင် ကျင်းပသော ဥပဒေပြုလွှတ်တော် အစည်းအဝေးတွင် ယင်းဥပဒေကြမ်းကို အမတ်များဖြစ်ကြသော ဦးချစ်ဖေ၊ ဦးမြင့်နှင့် ဦးလှဖေတို့က ကန့်ကွက်ခဲ့ကြသည်။ ယင်းဥပဒေကြမ်းအရ တည်ထောင်မည့် တက္ကသိုလ်မျိုးကို မလိုလားကြသောကြောင့် ဥပဒေပြုလွှတ်တော်အတွင်း ၌လည်းကောင်း၊ ပြင်ပ၌လည်းကောင်း အပြင်းအထန် ကန့်ကွက်၍ လိုလားချက်များကို တောင်းဆိုခဲ့ကြသည်။

မြန်မာနိုင်ငံပြုပြင်ရေးအသင်း(Burma Reform League)၊ ဝိုင်အမ်ဘီအေအသင်းနှင့် အခြား အလားတူအသင်းများကလည်း အထွေထွေ ကောင်စီအစည်းအဝေးများ ကျင်းပကာ ကန့်ကွက်ခဲ့ကြသည်။ ဝိုင်အမ်ဘီအေကကြီးမှုး၍ တက္ကသိုလ်ဥပဒေကြမ်းကို ကန့်ကွက်သည့် လူထုအစည်းအဝေးပွဲကြီး တစ်ရပ်ကို ဂျူဗလီဟောတွင် တစ်ခဲနက် ကျင်းပကာ အဆို ၆ ရပ်ကို တင်သွင်းခဲ့လေသည်။

ဗြိတိသျှအစိုးရသည် ပညာမင်းကြီး မစ္စတာမက်သယူးဟန်းတား ဦးဆောင်သော အဖွဲ့ဝင် ၃၀ ပါသည့် ယူနီဗာစီတီအက်ဥပဒေရေးဆွဲရေးကော်မတီကို ၁၉၁၈ ခုနှစ် ဇွန်လတွင် ဖွဲ့စည်းခဲ့သည်။ မြန်မာလူမျိုး အဖွဲ့ဝင်များအဖြစ် ဝိုင်အမ်ဘီအေမှ ဝတ်လုံတော်ရ ဦးမေအောင်၊ ဦးမောင်ကြီး (အမ်အေ)၊ ဦးဘဖေ(ဘီအေ)၊ ဦးကွမ်း(ဘီအေ) ပုသိမ်၊ ဦးဘလှိုင် (ဘီအေ)နှင့် ဦးအမ်အုံးခိုင်တို့ ခြောက်ဦး ပါဝင်ခဲ့သည်။ မြန်မာကိုယ်စားလှယ်များက ဝိဇ္ဇာသိပ္ပံပညာရပ်များသင်ကြားသည့် ကောလိပ်များကို ဆက်သွယ်နိုင်မည့် တက္ကသိုလ်တစ်ခုထူထောင်ရန် ထောက်ခံတင်ပြခဲ့ကြ၏။ သို့သော် မက်သယူးဟန်းတားဦးဆောင်သော ကော်မတီဝင်အများစုက ကောလိပ်တစ်ခုသာ ပါဝင်သည့် သိပ္ပံယူနီဗာစီတီ ထူထောင်ရန် တက္ကသိုလ်အက်ဥပဒေကို ရေးဆွဲခဲ့လေသည်။

### အတည်ပြုခဲ့

ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ၁၉၂၀ ပြည့်နှစ် ဩဂုတ်လ ၂၀ ရက်တွင် အတည်ပြုခဲ့သည်။ ထိုအက်ဥဒေကို တစ်တိုင်းပြည်လုံးက မနှစ်သက်သဖြင့် သတင်းစာများက အကြီးအကျယ် ကန့်ကွက်ကြလေသည်။ သို့သော် အင်္ဂလိပ်အစိုးရက အလျှော့မပေးသဖြင့် သတင်းစာများက မိမိတို့ တာဝန်နှင့် တိုင်းပြည်တာဝန်ကျေပြီးဖြစ်၍ ထိုဥပဒေကို တိုက်ဖျက်ရန်မှာ ကောလိပ်ကျောင်းသားတို့၏ တာဝန်သာ ကျန်တော့ကြောင်း ရေးသားကြလေသည်။ တိုင်းပြည်ခေါင်းဆောင်တို့ကလည်း ကောလိပ်ကျောင်းသားကြီးအချို့နှင့် ဆွေးနွေးတိုင်ပင်ကြလေသည်။

ထိုနှစ် ဒီဇင်ဘာလဆန်းလောက်တွင် ရန်ကုန်တက္ကသိုလ်နှင့် ယုဒသန်ကောလိပ်တို့မှ ကျောင်းသားကြီး ၁၁ ဦးတို့သည် ရွှေတိဂုံစေတီတွင် ဆွေးနွေးတိုင်ပင်ကြသည်။

စာမျက်နှာ ၁၁ သို့



၁. မြို့မ-ဦးသန်းကြွယ် (နောင်အခါ ဗဟိုအမှုဆောင် ဖဆပလ အဖွဲ့ချုပ်)
၂. ဦးသန်းဆွေ (နောင်အခါ သံအမတ်ကြီး)
၃. ဦးပေါ်သိမ်း (နောင်အခါ ဒုတိယ ဝန်ကြီး)
၄. ဦးကျင်လှိုင် (နောင်အခါ ဒုတိယ ဝန်ကြီး)
၅. ဦးသာထွန်း (နောင်အခါ နိုင်ငံတော် ရှေ့နေချုပ်)
၆. ဦးမျိုးသန့် (နောင်အခါ ပါလီမန်ခေတ် ပြည်ထောင်စုအစိုးရ သတင်း ပြန်ကြားရေးမှူး)

နယ်ချဲ့ ဆန့်ကျင်ရေး မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကာလ ၁၉၄၆-၁၉၄၇ ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂ၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ ခေါင်းဆောင်များအား ရန်ကုန်တက္ကသိုလ် ကျောင်းသားများ သမဂ္ဂ အဆောက်အအုံရှေ့ မြက်ခင်းတွင် တွေ့မြင်ရသော သမိုင်းဝင် ဓာတ်ပုံ

# ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ်ဆောင်းပါး



*စာမျက်နှာ ၁၀ မှ*

နေ့ခင်းတွင် အမျိုးသား ပညာဝန် ဦးဖိုးကျား၊ ကျောက်စာဝန် ဦးလူဖေဝင်း၊ ဝန်ထောက် ဦးဖိုးလတ်၊ ပြည်အမျိုးသား ကျောင်းအုပ်ကြီး ဦးဘဦး စသူတို့ ဦးဆောင် ပါဝင်ခဲ့ကြလေသည်။ ဆွေးနွေးပွဲတွင် ကျောင်းသားများကို အစည်းအဝေးခေါ်ယူရန် ဆုံးဖြတ်ကြပြီး ထိုဒီဇင်ဘာလ ၄ ရက်တွင် ဗဟန်းကြားတောရလမ်းရှိ ကျောင်းတစ်ကျောင်းတွင် ကျောင်းသားတို့၏အစည်းအဝေးကို ကျင်းပခဲ့လေသည်။ အစည်းအဝေးတွင် တက္ကသိုလ် အက်ဥပဒေကို ကန့်ကွက်ရန် အားလုံး သဘောတူဆုံးဖြတ်ကြလေသည်။ အချို့က လိုလားချက်ကို အစိုးရထံ တင်ပြတောင်းခံမည်၊ မရမှသာ သပိတ်မှောက်မည်။ အချို့ကမူ ဦးစွာ သပိတ်မှောက်မည်၊ ပြီးမှ လိုလားချက်များကို တောင်းမည်ဟု သဘောကွဲလွဲခဲ့ကြသော်လည်း မဲခွဲဆုံးဖြတ်ရာ ဦးစွာ သပိတ်မှောက်မည့်ဘက်က အနိုင်ရရှိသွားလေသည်။

ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ၁၉၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၈ ရက်တွင် ပညာမင်းကြီး မက်ဟာန်းတားက တင်သွင်းပြီး ဥပဒေပြုကောင်စီက အတည်ပြုခဲ့သည်။ စက်တင်ဘာလ ၂၆ ရက်တွင် ဒုတိယဘုရင်ခံက သဘောတူ၍ အောက်တိုဘာလ ၂၄ ရက်တွင် ဘုရင်ခံချုပ်က သဘောတူလိုက်သည်။ ဒီဇင်ဘာလ ၁ ရက်တွင် ဥပဒေအာဏာတည်လေသည်။ ဥပဒေတည်လျှင်တည်ချင်းပင် တက္ကသိုလ်အဖွဲ့အသီးသီးကို ဖွဲ့စည်းရန် စတင်ဆောင်ရွက်သည်။ တက္ကသိုလ်ဆီးနိတ်အဖွဲ့ကို ဖွဲ့စည်းပြီး ပါမောက္ခများကို ခန့်အပ်သည်။ ဆီးနိတ်က ခွင့်ပြုသောအဖွဲ့များကိုလည်း ဖွဲ့စည်းလေသည်။ စာပေသင်ကြားရေး၊ စာမေးပွဲစစ်ဆေးရေးလုပ်ငန်းများကိုလည်း ချက်ချင်းပင် ဆောင်ရွက်ခဲ့သည်။

**ရွှေ့ပြောင်းပေးခဲ့**

ဆာရယ်ဂျီနယ် ကရက်ဒေါက်က ရန်ကုန်ယူနီဗာစီတီကို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် ဖွင့်လှစ်မည်ဟု ကြေညာခဲ့ရာ ကောလိပ်ကျောင်းသားများက ကန့်ကွက် စည်းဝေးပွဲပြုလုပ်ကာ သံတွဲကိုဘဦးအား ခေါင်းဆောင်တင်မြှောက်ခဲ့လေသည်။ ဥပဒေကိုမပြင်ဘဲ ဆက်လက်လုပ်ဆောင်ပါက ကျောင်းသားများနှင့် ပြည်သူများ ပူးပေါင်း၍ လှုပ်ရှားမှုပြုလုပ်မည်ဖြစ်ကြောင်း ဖော်ထုတ်တောင်းဆိုခဲ့သဖြင့် တက္ကသိုလ် ဖွင့်မည့်ရက်ကို ဒီဇင်ဘာလ ၇ ရက်သို့ ရွှေ့ပြောင်းပေးခဲ့သည်။

ကျောင်းသားတို့၏ ကန့်ကွက်ဆန္ဒပြပွဲများကိုလည်း ဆောင်ရွက်ခဲ့ကြရာ ထိုနှစ် ဒီဇင်ဘာလ ၂၀ ရက် နတ်တော်လဆုတ် ၈ ရက်နေ့သည် မြန်မာပြည်ကြီးကို အံ့ဩတုန်လှုပ်စေခဲ့၏။ ထိုနေ့တွင် ရန်ကုန်မြို့ အတွင်းဝန်ရုံးကြီးကို ရန်ကုန်ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူတို့သည် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီကျော်အထိ ပိတ်ဆို့ထားကြ၏။ မြန်မာပြည်ကြီးကို ကြိုးကိုင်အုပ်ချုပ်နေသော အစိုးရအဖွဲ့မဏ္ဍိုင်ကြီးကို လေးနာရီတိတိ အလုပ်ရပ်ဆိုင်းစေခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်ပင် မိမိတို့လုပ်ငန်းအောင်ပြီဟု တပျော်တပါး ပြန်ကြရန် လေးယောက်တစ်တွဲစီ တန်းစီကာ ရေးရှုလာကြသော ကျောင်းသားတပ်ကြီးကို ရန်ကုန်ပုလိပ်အဖွဲ့က စပတ်လမ်းထဲတွင် မြင်းနှင့်တိုက်၊ တုတ်ဖြင့်ရိုက်ကာ အတင်းအဓမ္မ လူစုခွဲခဲ့ကြ၏။ ဆေးရုံကြီးသို့ တချို့၊ ကျောင်းဆေးရုံသို့ တချို့၊ ကျောင်းဆောင်များသို့တချို့၊ အိမ်များသို့တချို့၊ သွေးသံရဲရဲဖြင့် ပို့လိုက်ရသော ကျောင်းသား ကျောင်းသူများ၏ ညည်းညူသံများဖြင့် ထိုနေ့ကို အဆုံးသတ်ခဲ့ရလေသည်။

ဒီဇင်ဘာလ ၃ ရက် နတ်တော်လဆုတ် ၁၁ ရက်သည်ကား မြန်မာတစ်ပြည်လုံးကို တုန်လှုပ်ချောက်ချားစေခဲ့၏။ ထိုနေ့တွင် ယုဒသန်ကောလိပ်ကျောင်းသား ကိုအောင်ကျော်မှာ ရရှိခဲ့သော ဒဏ်ရာများပြင်းထန်လွန်းသဖြင့် ဆေးရုံကြီးတွင် ကွယ်လွန်သွားသောကြောင့် ဖြစ်လေသည်။ ဦးခေါင်းတွင် နံပါတ်တုတ် ဒဏ်ရာ သုံးချက်တွေ့ရှိရပြီး ဦးခေါင်းခွံကွဲသွားခဲ့ခြင်း ဖြစ်လေသည်။ ကြားရသော သတင်းကြောင့် ကျောင်းသား ကျောင်းသူများနှင့် ပြည်သူတို့၏ တောက်ခေါက်သံ၊ ဒေါသသံ၊ ခံပြင်းသံတို့ဖြင့် ထိုနေ့ကို အဆုံးသတ်ရတော့သည်။ ဒီဇင်ဘာလ ၂၆ ရက် နတ်တော်လကွယ်နေ့တွင် အာဇာနည် ဗိုလ်အောင်ကျော်၏ ရုပ်အလောင်းကို သမဂ္ဂပေါင်းစုံ အသင်းအဖွဲ့ပေါင်းစုံမှ ကြံတောသချိုင်းသို့ ပို့ဆောင်လိုက်ကြ၏။ ကြက်ပျံမကျ ထူးကဲစွာ စည်ကားလှသော ဈာပနအခမ်းအနား၌ ယောကျ်ားရင့်မာကြီးများပင်လျှင် နာကြည်းကြေကွဲစွာ “အာဇာနည်ကြီး” ဟု ရေရွတ်တမ်းတငိုကြွေးကြခဲ့ကြလေသည်။

ကျွန်ပညာရေးစနစ်ကို ကန့်ကွက်ဆန့်ကျင်ကြောင်း ကြွေးကြော်ဆန္ဒပြကြရာမှ တက္ကသိုလ် ကျောင်းသားသပိတ် ကြီးပေါ်ပေါက်ခဲ့ကာ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ ကျောင်းသားများက ထောက်ခံခဲ့လေသည်။

မျိုးချစ်ဝံသာနုပုဂ္ဂိုလ်များ၏ ကူညီပံ့ပိုးမှုများကြောင့် အမြို့မြို့အနယ်နယ်တွင် အမျိုးသားကျောင်းများ ပေါ်ထွန်းလာခဲ့သည်။ အမျိုးသားကျောင်းများ ပေါ်ထွန်းလာခြင်းကြောင့် မြန်မာစာပေ၊ မြန်မာ့သမိုင်းနှင့် မြန်မာယဉ်ကျေးမှုတို့ကို လက်ဆင့်ကမ်းနိုင်ခဲ့ကာ အမျိုးသားရေး စိတ်ဓာတ်ခွန်အားများ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သည်။ ယူနီဗာစီတီကောလိပ်ကျောင်းသပိတ်ကြီးဟု ထင်ရှားခဲ့သည့် အမျိုးသားရေးလှုပ်ရှားမှုသည် မြန်မာတိုင်းရင်းသားများအား အမျိုးသားရေး စိတ်ဓာတ်များ နိုးထစေခဲ့ပြီး ဆုံးရှုံးခဲ့ရသည့် မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ရန်အတွက် ကြီးမားသော တွန်းအားတစ်ရပ် ဖြစ်ခဲ့ပေသည်။

**ပထမဦးဆုံးဘွဲ့နှင်းသဘင်**

မြန်မာနိုင်ငံ ပထမဆုံးတက္ကသိုလ်ဖြစ်ရုံသာမက အရှေ့တောင်အာရှ၏ အစောဆုံးတက္ကသိုလ်တစ်ခုဖြစ်ခဲ့သော ရန်ကုန်တက္ကသိုလ်ကို ၁၈၇၈ ခုနှစ်တွင် ဗြိတိသျှအိန္ဒိယ ကာလကတ္တားတက္ကသိုလ်၏ လက်အောက်ခံ ရန်ကုန်ကောလိပ်အဖြစ် စတင်တည်ထောင်ခဲ့သည်။ ၁၉၀၄ ခုနှစ်တွင် အစိုးရကောလိပ်ဟု အမည်ပြောင်းခဲ့ပြီး ၁၉၂၀ တွင် ယူနီဗာစီတီ ကောလိပ်နှင့် ယုဒသန်(ဂျပ်ဆင်)ကောလိပ် ဟူ၍ ပေါ်ထွက်လာခဲ့၏။ ရန်ကုန်တက္ကသိုလ်ကို အင်္ဂလန်ရှိ အောက်စဖို့ဒ်နှင့် ကိန်းဘရစ် တက္ကသိုလ်များ၏ စနစ်အတိုင်း တည်ထောင်ခဲ့၏။ ၁၉၄၀ နှင့် ၁၉၅၀ ပြည့်နှစ် ကာလများအတွင်း အရှေ့တောင်အာရှ၏ အကောင်းဆုံး တက္ကသိုလ် ဖြစ်ခဲ့ရုံသာမက အာရှထိပ်တန်း အဆင့်ဝင် တက္ကသိုလ်ဖြစ်ခဲ့သောကြောင့် အာရှနိုင်ငံများမှ ကျောင်းသားများ လာရောက်၍ ပညာဆည်းပူးရာ တက္ကသိုလ်ကြီးပင် ဖြစ်ခဲ့သည်။ ထိုကာလများသည် ရန်ကုန်တက္ကသိုလ်၏ လက်လက်ထစေခဲ့သော ဂုဏ်ယူဝင့်ကြွားဖွယ်ရာ ရွှေရောင်နေ့ရက်များဟု မှတ်တမ်းတင်ထိုက်ပေသည်။

စစ်ကြိုခေတ် ရန်ကုန်တက္ကသိုလ်၏ ပထမဦးဆုံးဘွဲ့နှင်းသဘင်ကို ၁၉၂၁ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ဂျူဗလီဟော၌ ကျင်းပခဲ့သည်။ အဆိုပါ ဘွဲ့နှင်းသဘင်တွင် ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ကို အဂ္ဂမဟာပဏ္ဍိတ လယ်တီဆရာတော်ဘုရားကြီးအား ပေးအပ်ခဲ့သည်။ အလားတူပင် ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ကို ၁၉၅၅ ခုနှစ်တွင် ယူဂိုဆလပ်နိုင်ငံ သမ္မတမ ရှယ်တီးတိုးအား လည်းကောင်း၊ ၁၉၅၈ ခုနှစ်တွင် မြောက်ဗီယက်နမ်သမ္မတ ဟိုချီမင်းအား လည်းကောင်း၊ ၁၉၆၁ ခုနှစ်တွင် အစ္စရေးနိုင်ငံ ဝန်ကြီးချုပ် ဘင်ဂူရီယန်အား လည်းကောင်း ရန်ကုန်တက္ကသိုလ်က ပေးအပ်ချီးမြှင့်ခဲ့လေသည်။

ကျွန်တော်ကိုယ်တိုင် ရန်ကုန်တက္ကသိုလ်မှ ချီးမြှင့်သည့် ဝိဇ္ဇာ(ပထဝီဝင်)ဘွဲ့ကို ၁၉၇၄ ခုနှစ်က ရရှိခဲ့ပါသည်။ ၂၀၀၄ ခုနှစ်က အသုံးချစိတ်ပညာဘွဲ့လွန် ဒီပလိုမာကို လည်းကောင်း၊ ၂၀၀၈ ခုနှစ်က လူမှုရေးပညာဘွဲ့လွန်ဒီပလိုမာကိုလည်းကောင်း မိခင်တက္ကသိုလ်မှ ချီးမြှင့်ခြင်းကို ခံယူရရှိခဲ့ပါသည်။ ကျေးဇူးကြီးမားလှသော ရန်ကုန်တက္ကသိုလ်အား ယခုနှစ်ရာပြည့်ကာလတွင် ဤစာစုဖြင့် ဦးခိုက်ကန်တော့လိုက်ပါသည်။

မြန်မာ့သမိုင်း၊ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်း၊ အမျိုးသားလွတ်လပ်ရေးသမိုင်း၊ ဒီမိုကရေစီတော်လှန်ရေး သမိုင်းတို့တွင် ရန်ကုန်တက္ကသိုလ်သည် ထိပ်ဆုံးတန်းက ပါဝင်ခဲ့သည်။ မြန်မာနိုင်ငံ၏ ပညာတတ်များ၊ အမျိုးသားခေါင်းဆောင်များသာမက စာပေ၊ ဂီတ အနုပညာရှင်များစွာကိုလည်း မွေးထုတ်ပေးနိုင်ခဲ့သည်။

နိုင်ငံရေး နယ်ပယ်ဘက်တွင် လွတ်လပ်ရေးဖိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်လကျာ်၊ သခင်သိန်းဖေ၊ သခင်ဗဟိန်း၊ ဗိုလ်အောင်ကျော်၊ ဝန်ကြီးချုပ်ဦးနု၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်း စသည်တို့မှာ ထင်ရှားကြသည်။ ပါမောက္ခနှင့် စာတတ်ပေတတ်ဆရာကြီးများတွင် ဦးဖေမောင်တင်၊ ဦးခင်ဇော်(ကေ)၊ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ ဦးမျိုးမင်းတို့ ကဲ့သို့ တက္ကသိုလ် ဆရာများ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်၊ ဦးတင်ထွဋ်၊ ဒေါက်တာထင်အောင်၊ ဒေါက်တာသန်းထွန်း(သမိုင်း) တို့ကဲ့သို့ ပညာတတ်ပုဂ္ဂိုလ်များ၊ သိပ္ပံမောင်ဝ၊ ဒဂုန်တာရာ၊ မောင်ထင်၊ လူထုဒေါ်အမာ၊ တက္ကသိုလ် ဘုန်းနိုင်၊ မိုးမိုး(အင်းလျား)တို့ကဲ့သို့ စာရေးဆရာများ စသည့် ပုဂ္ဂိုလ်ကျော်များသည် ရန်ကုန်တက္ကသိုလ်ကြီး၏ ဇာတ်ညွှန်းကို အခမ်းနားဆုံး၊ အကြီးကျယ်ဆုံး၊ အကောင်းဆုံး ဖြစ်အောင် ဖော်ညွှန်းရေးသားခဲ့ကြပေသည်။

**အထိမ်းအမှတ် ဝိညာဉ်များအဖြစ် ရှင်သန်နေ**

ရန်ကုန်တက္ကသိုလ်၏ ဖွားဖက်တော် ၁၉၂၀ ပထမကျောင်းသားသပိတ်၊ လွတ်လပ်ရေးရသည်အထိ အရှိန်ညီးညီး တိုးတက်သွားစေခဲ့သည့် ကိုအောင်ဆန်း၊ ကိုနုတို့၏ ၁၉၃၆ ကျောင်းသားသပိတ်တို့မှစကာ ၁၉၆၂ ခုနှစ် ဆဲဗင်းဇူလိုင်နှင့် ကျောင်းသားသမဂ္ဂ အဆောက်အအုံသမိုင်း၊ ၁၉၇၄ ဒီဇင်ဘာ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ဦးသန့် ဈာပနတိုက်ပွဲ၊ ၁၉၈၈ ခု ဇူလိုင်၊ ဩဂုတ် ရှစ်လေးလုံး ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံသမိုင်း စသည်တို့သည် ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း၌ အထိမ်းအမှတ် ဝိညာဉ်များအဖြစ် ရှင်သန်နေပေသည်။

**“နတ္ထိ သမံ ဝိဇ္ဇာ မိတ္တံ”** ဟူသော ရန်ကုန်တက္ကသိုလ်၏ ဆောင်ပုဒ်ကိုက ယဉ်ကျေးလှပနေပေသည်။ ပညာနှင့်တူသော မိတ်ဆွေမရှိ၊ ပညာကဲ့သို့သော ယုံကြည် စိတ်ချရသော၊ ချစ်ခင်ပေါင်းသင်းအပ်သော မိတ်ဆွေကို မိမိတို့ မည်သည့်နေရာတွင်မျှ ရှာဖွေ၍ မရနိုင်ဟူ၍ အဓိပ္ပာယ်ရရှိပေသည်။

ရန်ကုန်တက္ကသိုလ်ကြီးသည် မိမိ၏ ဘဝခရီးလမ်းတစ်လျှောက်လုံး နိုင်ငံအကျိုးပြု ခေတ်မီပညာရပ်များ ပို့ချဖြန့်ဖြူးပေးခြင်း၊ သုတေသနပြုလုပ်ခြင်းတို့ဖြင့် နိုင်ငံတော်ကို ဖြည့်ဆည်းပံ့ပိုးပေးခဲ့သော နိုင်ငံဂုဏ်ဆောင် တက္ကသိုလ်ကြီးပင် ဖြစ်သည်။ သူ့ကျွန်ဘဝမှ လွတ်မြောက်အောင်၊ လွတ်လပ်ရေးကြီး ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြသော နိုင်ငံ့ခေါင်းဆောင်၊ နိုင်ငံ့သားကောင်းများစွာကိုလည်း မွေးထုတ်ပေးခဲ့သည်။ ဝိဇ္ဇာသိပ္ပံ ပညာသင် တက္ကသိုလ်များ၊ သက်မွေးဝမ်းကျောင်း တက္ကသိုလ်များနှင့် စစ်တက္ကသိုလ်တို့ကို ပေါ်ထွန်းလာအောင် မွေးဖွားပေးခဲ့သော မိခင်ကောင်းတက္ကသိုလ်ကြီးလည်း ဖြစ်ပေသည်။

ယခုအခါ ရန်ကုန်တက္ကသိုလ်ကြီးကို ရှေးယခင်က အာရှတစ်ခွင်တွင် ထွန်းလင်းတောက်ပခဲ့သည့်အတိုင်း ပညာရပ်များ ခေတ်မီ မြင့်မားကာ ကမ္ဘာ့အဆင့်မီတက္ကသိုလ်ကြီးဖြစ်အောင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သောအစိုးရအဖွဲ့ဝင်များ၊ ပါမောက္ခများ၊ ဆရာဆရာမများ၊ ကျောင်းသားများနှင့် ပြည်သူလူထုကြီးကပါ စီမံဆောင်ရွက်လျက်ရှိပြီဖြစ်ရာ မြကျွန်းညိုညိုမှာ ပို၍ပို၍ တောက်ပ ထွန်းလင်းလာပေတော့မည်။ မြေကြီးလက်ခတ်မလွဲပင်တည်း။ ။

**“၁၉၄၀ နှင့် ၁၉၅၀ ပြည့်နှစ် ကာလများအတွင်း အရှေ့တောင်အာရှ၏ အကောင်းဆုံးတက္ကသိုလ် ဖြစ်ခဲ့ရုံသာမက အာရှထိပ်တန်းအဆင့်ဝင် တက္ကသိုလ်ဖြစ်ခဲ့သောကြောင့် အာရှနိုင်ငံများမှ ကျောင်းသားများ လာရောက်၍ ပညာဆည်းပူးရာ တက္ကသိုလ်ကြီးပင်ဖြစ်ခဲ့သည်။ ထိုကာလများသည် ရန်ကုန်တက္ကသိုလ်၏ လက်လက်ထစေခဲ့သော ဂုဏ်ယူဝင့်ကြွားဖွယ်ရာ ရွှေရောင်နေ့ရက်များဟု မှတ်တမ်းတင်ထိုက်ပေသည်”**

# ကိုဗစ်ကုသရေး ဆေးရုံ/ဗဟိုဌာနများ

# ကိုဗစ်ကုသရေး ရောဂတီစင်တာသို့ ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ကာကွယ်ကုသရေးပစ္စည်းများ လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂၈**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသော ကိုဗစ်ကုသရေး ရောဂတီစင်တာသို့ Singapore Association of Myanmar & Canon (Myanmar Golden Rock) က ကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ကာကွယ်ကုသရေးပစ္စည်းများကို ယနေ့ နံနက်ပိုင်းက လာရောက်လှူဒါန်းခဲ့ရာ ရောဂတီဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးဇော်ဇော်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

Singapore Association of Myanmar & Canon (Myanmar Golden Rock) သည် ကျပ်သိန်း ၁၀၀ တန်ဖိုးရှိ PPE Level-3 ဝတ်စုံ ၁၅၀၀၊ KN95 Masks အခု ၆၅၀၊ 3M N95 Masks အခု ၇၀၀၊ လက်အိတ်အစုံ ၂၀၀ နှင့် Shoe Cover အခု ၂၀၀ တို့ကို ကိုဗစ်ကုသရေး ရောဂတီစင်တာများတွင် အသုံးပြုရန် လှူဒါန်းခဲ့ခြင်း ဖြစ်သည်။ ရောဂတီဖောင်ဒေးရှင်းသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရသူများအား ကုသပေးရန် ကိုဗစ် ကုသရေး ရောဂတီစင်တာများကို ရန်ကုန်နှင့် မန္တလေးမြို့ တို့တွင် တည်ဆောက်ပေးထားပြီး ကျန်းမာရေးဆိုင်ရာ ကုသရေး လုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ကာ နေ့စဉ်အစားအသောက် အကျွေးအမွေးနှင့် အခြားလုပ်ငန်းလိုအပ်ချက်များကို ရောဂတီဖောင်ဒေးရှင်းက တာဝန်ယူဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ ရန်ကုန်နှင့် မန္တလေးမြို့ရှိ ကိုဗစ်ကုသရေး ရောဂတီစင်တာများတွင်အရေးပေါ်လူနာများကုသနိုင်သည့် စင်တာများအပါအဝင် လူဦးရေ ၁၄၀၀ နီးပါး ကုသနိုင်ရန် ဆောင်ရွက်ပေးထားပြီး ရောဂါလက္ခဏာခံစားနေရသူများကို စစ်ဆေးပေးနိုင်မည့် Test & Care ရောဂတီစင်တာကိုပါ ထည့်သွင်းတည်ဆောက်ပေးထားသည်။




**ရဲရင့်ရှိန်း၊ ဓာတ်ပုံ-ကိုမိုး**

# ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကနဦးမော်တော်ယာဉ်မှတ်ပုံတင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ရက်ချိန်းရယူခြင်းအား ကြိုတင်စာရင်းသွင်းသည့်စနစ် (Online Booking System)သို့ ပြောင်းလဲကျင့်သုံးမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ ခွင့်ပြုချက်အရ ကနဦး(နေပြည်တော်၊ ရန်ကုန်-ထောက်ကြန့်၊ ရန်ကုန်-ရွာသာကြီး၊ မန္တလေး)ရုံး(၄)ရုံး၏ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို (၁.၁၂.၂၀၂၀) ရက် (အင်္ဂါနေ့)မှစတင်၍ ပြန်လည်ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ရာတွင် ပြည်သူများအဆင်ပြေစေရေးနှင့် လူစုလူဝေးမဖြစ်ပေါ်စေရေး အတွက် ကနဦးမော်တော်ယာဉ်မှတ်ပုံတင်ဆောင်ရွက်ရန် ရက်ချိန်းရယူခြင်းအား ကြိုတင်စာရင်းသွင်းသည့်စနစ် (Online booking System) ဖြင့် (၁.၁၂.၂၀၂၀)ရက် (အင်္ဂါနေ့) မှစတင်၍ ပြောင်းလဲကျင့်သုံးသွားမည်ဖြစ်ပါသည်။

၃။ ကနဦးမော်တော်ယာဉ် မှတ်ပုံတင်ခြင်းလုပ်ငန်းဆောင်ရွက်လိုသည့် ယာဉ်ပိုင်ရှင်များသည် မိမိကနဦးမှတ်ပုံတင် လုပ်ငန်းဆောင်ရွက်လိုသည့်နေ့ရက်ကို www.rtad.gov.mm Website တွင် Online booking ကို ၂၈.၁၁.၂၀၂၀ ရက် (စနေနေ့)မှစတင်၍ အနည်းဆုံး(၁)ရက်မှ အများဆုံး (၃၀)ရက်အထိ ကြိုတင်ရယူနိုင်ပါသည်။

၄။ ရုံးဖွင့်ရက်တစ်ရက်လျှင်ရုံးများအလိုက် အောက်ပါစီးရေအတိုင်း အချိန်များခွဲခြား၍ လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပါသည် -

(စီးရေ)

| စဉ် | အကြောင်းအရာ | နံနက်ပိုင်း | | နေ့လယ်ပိုင်း | |
|---|---|---|---|---|---|
| | | ၉:၀၀ မှ ၁၀:၃၀ ထိ | ၁၀:၃၀ မှ ၁၂:၀၀ ထိ | ၁၃:၀၀ မှ ၁၄:၃၀ ထိ | ၁၄:၃၀ မှ ၁၅:၃၀ ထိ |
| (က) | ကနဦး(နေပြည်တော်) | ၁၀ | ၁၅ | ၁၅ | ၁၀ |
| (ခ) | ကနဦး(ရန်ကုန်-ထောက်ကြန့်) | ၃၅ | ၃၅ | ၃၅ | ၃၅ |
| (ဂ ) | ကနဦး(ရန်ကုန်-ရွာသာကြီး) | ၁၀ | ၁၅ | ၁၅ | ၁၀ |
| (ဃ) | ကနဦး(မန္တလေး) | ၁၅ | ၂၅ | ၂၅ | ၁၅ |

၅။ Online အသုံးပြုရန် အသေးစိတ်အချက်အလက်များအား www.motc.gov.mm, www.myanmarrtad.com, www.rtad.gov.mm Website များနှင့် RTADHQ Facebook တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ Online Booking လျှောက်ထားသည့် Appointment Letter ၌ ကြိုတင်ဖော်ပြထားသည့် COVID-19 ကာကွယ်ရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အချက်များအား သေချာစွာဖတ်ရှု၍ တိကျစွာ အလေးထားလိုက်နာ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ မရှင်းလင်းသည်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင် ပါသည် -

**နေပြည်တော်**
- ရုံးချုပ်(နေပြည်တော်) - ၀၆၇-၃၄၀၅၀၉၉
- ကနဦး(နေပြည်တော်) - ၀၉-၄၄၂၀၀၁၁၆

**ရန်ကုန်တိုင်းဒေသကြီး**
- တိုင်းဒေသကြီးရုံး(ရန်ကုန်) - ၀၁-၅၇၀၉၆၇
- ကနဦး(ထောက်ကြန့်) - ၀၉-၅၁၀၇၅၂၆
- ကနဦး(ရွာသာကြီး) - ၀၉-၂၅၀၇၅၀၉၁၁

**မန္တလေးတိုင်းဒေသကြီး**
- တိုင်းဒေသကြီးရုံး(မန္တလေး) - ၀၂-၄၀၃၆၁၁၃
- ကနဦး(မန္တလေး) - ၀၉-၄၂၃၃၃၇၂၂၄

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကျင်းပနိုင်ရန် ပြိုင်ပွဲပုံစံနှစ်မျိုးဖြင့် စီစဉ်ထား

**ရန်ကုန် နိုဝင်ဘာ ၂၈**

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အာဆီယံဒေသတွင်း အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲ ကျင်းပနိုင်ရန် ပြိုင်ပွဲပုံစံနှစ်မျိုးဖြင့် စီစဉ်ထားသည်။

အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ၂၀၂၁ ခုနှစ် ဧပြီ ၁၁ ရက်မှ မေ ၈ ရက်အထိကျင်းပရန် နိုဝင်ဘာ ၂၄ ရက်ကပြုလုပ်သည့် အာဆီယံဘောလုံးအဖွဲ့ချုပ် ကွန်ဂရက်တွင် ထပ်မံအတည်ပြုခဲ့ပြီး ပြိုင်ပွဲ ရွှေ့ဆိုင်းရခြင်းမဖြစ်ပေါ်စေရန် ပြိုင်ပွဲပုံစံနှစ်မျိုးဖြင့် စီစဉ်ထားခြင်းဖြစ်သည်။ အာဆီယံဘောလုံး အဖွဲ့ချုပ်သည် ၂၀၁၈ ပြိုင်ပွဲပုံစံအတိုင်းကျင်းပရန် ဦးစားပေးစီစဉ်ထားသော်လည်း ပြိုင်ပွဲဝင်အသင်းများ ခရီးသွားလာရန်ခက်ခဲပါက ပွဲစဉ်အားလုံးကို တစ်နိုင်ငံ သို့မဟုတ် နှစ်နိုင်ငံတွင် ကျင်းပမည့် ဒုတိယ ဦးစားပေးပုံစံကိုလည်း လျာထားခြင်းဖြစ်သည်။ ၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် အုပ်စုပွဲစဉ် များကိုပါ အိမ်ရှင်နိုင်ငံ သီးခြားရွေးချယ်ခြင်းမရှိတော့ဘဲ ပြိုင်ပွဲဝင်တစ်သင်းလျှင် အုပ်စုလေးပွဲကို အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲ ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကိုမူ အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲကို ပုံမှန်အရ ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပရမည်ဖြစ်သော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် လာမည့်နှစ်သို့ ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့်ကာလတွင် အရှေ့တောင်အာရှနိုင်ငံများ၌ ရောဂါအခြေအနေထိန်းချုပ်ပြီး ပုံမှန်အတိုင်း ခရီးသွားလာနိုင်ပါက ၂၀၁၈ ပြိုင်ပွဲပုံစံအတိုင်း ကျင်းပမည်ဖြစ်သည်။

မြန်မာအသင်းသည် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကျင်းပသည့် ၁၉၉၆ ခုနှစ်ကတည်းက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ နှစ်ကြိမ်တိုင် တက်ရောက်နိုင်ခဲ့သည်။ နောက်ဆုံး ကျင်းပသည့် ၂၀၁၈ ပြိုင်ပွဲတွင် ဗီယက်နမ်၊ မလေးရှား၊ ကမ္ဘောဒီးယား၊ လာအိုတို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့ကာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး၊ ခုနစ်မှတ်ဖြင့် အုပ်စုတတိယနေရာသာရပြီး ဆီမီးဖိုင်နယ်တက်ရောက်ခွင့်နှင့် လွဲချော်ခဲ့ရခြင်းဖြစ်သည်။

ညီမြတ်သော်တာ

# ပရီမီယာလိဂ် ပွဲစဉ်(၁၀) လီဗာပူးတို့ အဝေးကွင်းတွင် ဘရိုက်တန်ကို သရေကျ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၁၀)မှ နိုဝင်ဘာ ၂၈ ရက် (စနေနေ့)ညတွင် ယှဉ်ပြိုင်ခဲ့သည့် ဘရိုက်တန်နှင့် လီဗာပူးပွဲစဉ်တွင် တစ်ဖက် တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင် ဘရိုက်တန်သည် ၃-၄-၂-၁ ကစားကွက်ဖြင့် မူပေးကို အထောင် တိုက်စစ်တွင် အသုံးပြုခဲ့ပြီး ဧည့်သည် လီဗာပူးအသင်းသည် ဒဏ်ရာပြဿနာများ ကြောင့် ၄-၂-၃-၁ ပုံစံဖြင့် ပွဲထွက်ခဲ့ကာ ဖာမီနိုကို အထောင်ထားခဲ့သည်။ ပထမပိုင်း ပွဲချိန် မိနစ်၂၀ တွင် ဘရိုက်တန်အသင်း ပယ်နယ်တီအခွင့်အရေးရရှိခဲ့ရာ တိုက်စစ်မှူး မူပေး ကန်သွင်းခဲ့သော်လည်း ဂိုးပေါက်မတည့် ခဲ့ပေ။ ပထမပိုင်းတွင် ဂိုးရနိုင်သည့်အခွင့် အရေးများ နှစ်သင်းစလုံး ဆုံးရှုံးခဲ့ရပြီး ဒုတိယပိုင်း မိနစ် ၆၀ တွင် ဂျိုတာက လီဗာပူး အတွက် ဦးဆောင်ဂိုးကို သွင်းယူပေးခဲ့သည်။ သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်ပြီး နာကျင် အချိန်ပိုတွင် အိမ်ရှင် ဘရိုက်တန်အသင်း ပယ်နယ်တီအခွင့်အရေး ထပ်မံရရှိကာ ပက်စ်ကယ်ဂရော့စ်က ကန်သွင်းပြီး (ယာပုံ) ချေပဂိုးအဖြစ် ပြောင်းလဲပေးနိုင်ခဲ့သည်။ ယင်းပွဲတွင် ဘောလုံးပိုင်ဆိုင်မှုအနေဖြင့် လီဗာပူးက အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့် ခြောက်ကြိမ်အနက် နှစ်ကြိမ် ဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့သည်။ ဘရိုက်တန်အသင်း သည် ဂိုးကန်သွင်းခွင့် ၁၁ ကြိမ် ရရှိခဲ့ပြီး သုံးကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ လီဗာပူးအသင်းသည် ရမှတ် ၂၁ မှတ် ရရှိထားပြီး ဘရိုက်တန်အသင်းသည် ရမှတ် ၁၀ မှတ်ဖြင့် တန်းဆင်းဇုန်အထက်တွင် ဆက်လက်ရုန်းကန်ရဦးမည် ဖြစ်သည်။

ပရီမီယာလိဂ် ပွဲစဉ်(၁၀)၏ အစောဆုံး ပွဲစဉ်ဖြစ်သော ပဲလေ့စ်နှင့် နယူးကာဆယ် ပွဲစဉ်ကို နိုဝင်ဘာ ၂၈ ရက် နံနက်တွင် ယှဉ်ပြိုင် ကစားခဲ့ရာ အဝေးကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့် နယူးကာဆယ်အသင်း အနိုင်ရရှိခဲ့သည်။ နယူးကာဆယ်အတွက် အနိုင်ဂိုးများကို ပွဲချိန် ၈၈ မိနစ်တွင် ဝီလ်ဆန်နှင့် မိနစ် ၉၀ တွင် ဂျိုလင်တန်တို့က သွင်းယူခဲ့ခြင်းဖြစ် သည်။ နယူးကာဆယ် သည် ရမှတ် ၁၄ မှတ် ဖြင့် ပဲလေ့စ်အသင်းကို တစ်မှတ်ဖြတ်ထား နိုင်ခဲ့သည်။ မန်စီးတီးနှင့် ဘန်လေပွဲစဉ်တွင် အီတီဟတ်ကွင်း၌ ငါးဂိုး-ဂိုးမရှိဖြင့် မန်စီးတီး အသင်း ဂိုးပြတ် အနိုင်ရရှိခဲ့သည်။ **သီဟ**



# သန်လျင်မြို့နယ်၌ နေအိမ်အတွင်း ဝင်ရောက်လုယက်ခံရသည်ဟု လိမ်လည်တိုင်တန်းသူအား ဥပဒေနှင့်အညီ အရေးယူမည်

**နေပြည်တော် နိုဝင်ဘာ ၂၈**

သန်လျင်မြို့နယ်၌ နေအိမ်အတွင်း ဝင်ရောက်လုယက်ခံရသည်ဟု လိမ်လည် တိုင်တန်းသူအား ဥပဒေနှင့်အညီ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်၌ သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက်နေ ဒေါ် . . . သည် နိုဝင်ဘာ ၂၁ ရက် နံနက် ၁ နာရီခန့်တွင် နေအိမ်၌ သမီးဖြစ်သူ နှင့်အတူရှိနေစဉ် မျက်နှာကို ပုဆိုးဖြင့်အုပ်စည်းထားသော အမျိုးသား နှစ်ဦးသည် နေအိမ်ရှေ့တံခါးမှဝင်လာပြီး ဓားဦးချွန်တစ်ချောင်းပြ ခြိမ်းခြောက်၍ ငွေနှင့်ရွှေထည်ပစ္စည်း တန်ဖိုးငွေကျပ် ၉၄ သိန်းကို ယူဆောင်သွားခဲ့ကြောင်း သန်လျင်မြို့မရဲစခန်းသို့ လာရောက်တိုင်တန်းသဖြင့် ဥပဒေနှင့်အညီ အမှုရေးဖွင့် ဆောင်ရွက်ခဲ့ကြောင်း။

တရားခံဖမ်းဆီးရမိရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးအမှုစစ်အဖွဲ့များက အခင်းဖြစ်ပတ်ဝန်းကျင် စစ်ဆေးခြင်းနှင့် အိမ်နီးချင်းများ၏ ထွက်ဆိုချက်များအရ လုယက်ခံရမှုနှင့်ပတ်သက်၍ မသင်္ကာတရားခံမှာ တရားလိုပြုလုပ်တိုင်တန်း သူသာဖြစ်နိုင်ကြောင်း ထင်မြင်ယူဆသဖြင့် တရားလို ဒေါ် . . . အား စစ်ဆေး ခဲ့ရာ ၎င်းသည် တရားမဝင် နှစ်လုံးထီလောင်းကစားဒိုင်ပြုလုပ်ခဲ့ရာ အရှုံးပေါ် ခဲ့သဖြင့် ခင်ပွန်းဖြစ်သူနှင့် ပြဿနာဖြစ်မည်ကိုစိုးရိမ်ပြီး လုယက်ခံရသည့် သဏ္ဍာန်ပြုလုပ်ကာ မရိုးမဖြောင့်သောနည်းဖြင့် ရဲစခန်းသို့ လာရောက်အမှုဖွင့် တိုင်တန်းခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဥပဒေနှင့်အညီ ဆက်လက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

သတင်းစဉ်

# တာချီလိတ်နှင့် တောင်ကြီးမြို့တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ဆန်ဆိုင်းကျေးရွာ အမှတ်(ဆဆ/၇၀) အနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ အိုက်ရွက် (ခ) အိုက်ဆမ်နှင့် စိုင်းနန်ဝုန်းတို့အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၇၁ ပြားကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၅ နာရီတွင် တောင်ကြီး မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် ဗုဒ္ဓဂါယာလမ်း အမှတ်(၅၀၆)နေ ညိုမင်းထွန်း(ခ) မိုးကောင်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၆၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ အတည်ပြုလူနာ ၁၃ သန်းကျော်ရှိကြောင်း ဂျွန်ဟော့ကင်း တက္ကသိုလ် ဖော်ပြ

နယူးယောက် နိုဝင်ဘာ ၂၈

**အမေရိကန်ပြည်ထောင်စု၏ ကိုဗစ်-၁၉ အတည်ပြု ကူးစက်ခံရသူပေါင်းသည် နိုဝင်ဘာ ၂၇ ရက်က ၁၃ သန်းကျော်လွန်လာပြီဖြစ်ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ် သိပ္ပံနှင့် အင်ဂျင်နီယာဌာန၏ ဖော်ပြချက်အရ သိရသည်။**

အမေရိကန်ပြည်ထောင်စု၏ ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက်သည် နိုဝင်ဘာ ၂၇ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၂၆ မိနစ်အချိန်အထိ ၁၃၀၄၇၂၀၂ ဦးအထိ ရောက်ရှိလာပြီး သေဆုံးသူပေါင်းမှာလည်း ၂၆၄၆၂၄ ဦးအထိရှိလာပြီဖြစ်ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ် သိပ္ပံနှင့် အင်ဂျင်နီယာဌာန၏ စာရင်းဖော်ပြချက်အရ သိရသည်။

အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်သည် ကိုဗစ်-၁၉ ကူးစက်မှုအများဆုံးဖြစ်ကာ စုစုပေါင်း ကူးစက်ခံရသူ ၁၂၀၆၂၄၈ ဦးရှိသည်။ ထို့နောက် ကယ်လီဖိုးနီးယား ပြည်နယ်သည် ဒုတိယကူးစက်ခံရမှုအများဆုံးပြည်နယ်ဖြစ်ကာ စုစုပေါင်း ကူးစက်ခံရသူ ၁၁၇၉၈၅၇ ဦးရှိသည်။ ကိုဗစ်-၁၉ ကူးစက်ခံရမှု တတိယအများဆုံး ပြည်နယ်မှာ ဖလော်ရီဒါဖြစ်ပြီး ကူးစက်ခံရသူပေါင်း ၉၇၉၀၂၀ ရှိသည်။ အီလီနွိုက်သည် ကူးစက်ခံရသူ ၇၀၅၀၆၃ ဦးဖြင့် စတုတ္ထအများဆုံးဖြစ်ပြီး နယူးယောက်ပြည်နယ်သည် ကူးစက်ခံရသူပေါင်း ၆၂၈၃၇၅ ဦးဖြင့် ပဉ္စမနေရာ ရောက်ရှိနေကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃၅၀၀၀၀ ကျော်ရှိသော တခြားပြည်နယ်များတွင် ဂျော်ဂျီယာ၊ အိုဟိုင်းယိုး၊ ဝစ္စကွန်ဆင်း၊ မီချီဂန်၊ တင်နက်ဆီနှင့် မြောက်ကာရိုလိုင်းနား တို့ပါဝင်သည်။ ယခုအချိန်အထိ အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာ့နိုင်ငံများထဲတွင် ကိုဗစ်-၁၉ ရိုက်ခတ်မှုကို အဆိုးဆုံးခံစားနေရသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၏ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် တစ်ကမ္ဘာလုံး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု၏ ၂၀ ရာခိုင်နှုန်းကျော် ရှိသည်။

ကိုဗစ်-၁၉ ကူးစက်မှုသည် တစ်နိုင်ငံလုံးတွင် ဖြစ်ပွားလျက်ရှိရာ စတိုးဆိုင်များအားလုံး ရောဂါကူးစက်ဖြစ်ပွားမှု မရှိစေရေး အစီအမံများပြုလုပ်ထားကြောင်း သိရသည်။ ထို့အတူ စတိုးဆိုင်များနှင့် ဈေးဆိုင်များသို့ သွားရောက်ဝယ်ယူသည့် ဈေးဝယ်သူဦးရေ ကျဆင်းလာသောကြောင့် အွန်လိုင်းမှ ဈေးဝယ်ယူမှုပြုလုပ်ရန် ဈေးရောင်းသူများက အားပေးတိုက်တွန်းထားကြောင်းလည်း သိရသည်။

ဆင်ဟွာ



အမေရိကန်ပြည်ထောင်စု၊ အီလီနွိုက်ရှိ ဖက်ရှင်ဆိုင်တစ်ဆိုင်တွင် ဈေးဝယ်သူတစ်ဦးကို ကိုယ်ပူချိန်စစ်ဆေးပေးနေသည့် ဝန်ထမ်းတစ်ဦးကို နိုဝင်ဘာ ၂၇ ရက်က တွေ့ရစဉ်။

# စင်ကာပူနိုင်ငံတွင် နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ခံရသူ လေးဦးတွေ့ရှိကြောင်း အတည်ပြု

**စင်ကာပူ နိုဝင်ဘာ ၂၈**

စင်ကာပူကျန်းမာရေးဝန်ကြီးဌာနက နိုဝင်ဘာ ၂၇ ရက်တွင် နောက်ထပ် ကိုဗစ်-၁၉ အတည်ပြုလူနာ လေးဦး ထပ်မံတွေ့ရှိခဲ့ကြောင်း ဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ အတည်ပြုလူနာ စုစုပေါင်း ၅၈၁၉၉ ဦး ရှိလာပြီဖြစ်သည်။

ထပ်မံတွေ့ရှိအတည်ပြုခဲ့သည့် ကိုဗစ်-၁၉ လူနာလေးဦးစလုံးမှာ ပြည်ပမှ ပြန်လည်ဝင်ရောက်လာပြီး စောင့်ကြည့်မှုခံယူနေသူများဖြစ်ကြသည်။ နိုဝင်ဘာ ၂၇ ရက်က နောက်ထပ် ကိုဗစ်-၁၉ လူနာ ခုနစ်ဦး ဆေးရုံမှ ဆင်းနိုင်ခဲ့ခြင်း သို့မဟုတ် လူထုအခြေပြုသီးသန့်စောင့်ကြည့်မှုဌာနမှ ရောဂါကင်းရှင်းသဖြင့် ပြန်လည်စေလွှတ်ခံခဲ့ရကြောင်း သိရသည်။ ယခုအချိန်အထိ ကိုဗစ်-၁၉ ရောဂါမှ အပြည့်အဝပြန်လည်ကောင်းမွန်လာသူပေါင်း ၅၈၁၁၁ ဦးရှိကြောင်း စင်ကာပူကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

လတ်တလောတွင် ဆေးရုံ၌ တက်ရောက်၍ ဆေးကုသမှုခံယူနေသော ကိုဗစ်-၁၉ ဝေဒနာရှင်ပေါင်း ၃၁ ဦးရှိသည်။ ၎င်းတို့အနက် အများစုမှာ ကျန်းမာရေးအခြေအနေတည်ငြိမ်ကောင်းမွန်လျက်ရှိခြင်း သို့မဟုတ် တိုးတက်ခြင်းများရှိသည်။ သို့သော်လည်း တစ်ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

နောက်ထပ် ၂၉ ဦးမှာ ရောဂါလက္ခဏာမပြ သို့မဟုတ် အခြေအနေ ကောင်းမွန်လျက်ရှိသော်လည်း ကိုဗစ်-၁၉ ကူးစက်ခံနေရကြောင်း စစ်ဆေးတွေ့ရှိခဲ့သောကြောင့် သီးသန့်စောင့်ကြည့်လျက်ရှိသည်။ ကိုဗစ်-၁၉ ရောဂါကြောင့် ၂၈ ဦး သေဆုံးခဲ့ပြီးဖြစ်သည်။

ဆင်ဟွာ




စင်ကာပူနိုင်ငံ၏ ကူးစက်ရောဂါဆိုင်ရာ အမျိုးသားဗဟိုဌာနကို တွေ့ရစဉ်။

# တိုကျိုတွင် နိုဝင်ဘာ ၂၈ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်သူဦးရေ ၅၆၁ ဦးရှိကြောင်း ဖော်ပြ

**တိုကျို နိုဝင်ဘာ ၂၈**

တိုကျိုမြို့တွင် နိုဝင်ဘာ ၂၈ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူအရေအတွက် ၅၆၁ ဦးရှိကြောင်း တိုကျိုအစိုးရအရာရှိများက အတည်ပြုဖော်ပြခဲ့သည်။

တိုကျိုအရာရှိများက တိုကျိုမြို့၌ နိုဝင်ဘာ ၂၇ ရက်တွင် ကိုဗစ်-၁၉ ရောဂါပြင်းထန်စွာခံစားနေရသူ ခြောက်ဦး တိုးလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ရောဂါဝေဒနာအပြင်းအထန်ခံစားနေရသူပေါင်း ၆၇ ဦး ရှိလာကြောင်း ပြောကြားလိုက်သည်။ အဆိုပါပမာဏသည် လွန်ခဲ့သော မေလနှောင်းပိုင်းက တစ်နိုင်ငံလုံး အသွားအလာကန့်သတ်ပိတ်ဆို့မှုကို ဖယ်ရှားလိုက်ချိန်မှ ယခုအချိန်အထိ ကိုဗစ်-၁၉ ရောဂါကို ပြင်းထန်စွာ ခံစားနေကြရသည့် အမြင့်ဆုံးပမာဏဖြစ်သည်။

မြို့တော်တိုကျိုတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူဦးရေ ၅၀၀ ကျော်ရှိလာသည့်ရက်မှာ နှစ်ရက်ဆက်တိုက် ရှိလာပြီဖြစ်သည်။ နိုဝင်ဘာ ၂၈ ရက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် အစောပိုင်းရက်ကထက် ပိုများသည်။

တိုကျိုတွင် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၄၀၂၁၀ အထိ ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# ဂျာမနီတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ တစ်သန်းကျော်ရှိလာ

**ဘာလင် နိုဝင်ဘာ ၂၈**

ဂျာမနီနိုင်ငံ၏ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူအရေအတွက်သည် နိုဝင်ဘာ ၂၇ ရက်တစ်ရက်တည်း ၂၂၈၀၆ ဦးတိုးလာပြီးနောက် နိုင်ငံတစ်ဝန်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်းမှာ တစ်သန်းကျော်အထိ ရှိလာကြောင်း ရောဘတ်ကို့ချ်အင်စတီကျူက နိုဝင်ဘာ ၂၇ ရက်က ကြေညာလိုက်သည်။

နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ဆက်စပ်သေဆုံးသူ ဦးရေသည် ဆက်လက်တိုးလျက်ရှိပြီး နိုဝင်ဘာ ၂၇ ရက်တွင် ထပ်မံသေဆုံးသူ ၄၂၆ ဦးနှင့်အတူ စုစုပေါင်း သေဆုံးသူ ၁၅၆၈၆ ဦးအထိ ရှိလာခဲ့သည်။

အထူးကြပ်မတ်ကုသဆောင်ရှိ ကိုဗစ်-၁၉ လူနာအရေအတွက်မှာ အောက်တိုဘာလလယ်တွင် ၆၅၅ ဦးရှိရာမှ ယခုအချိန်တွင် ၃၃၉၅ ဦး အထိ ကြောက်ခမန်းလိလိ တိုးလျက်ရှိသည်။ ကူးစက်မှုအရေအတွက် ဆက်လက်တိုးနေသော်လည်း အရှိန်အဟုန်မှာမူ တဖြည်းဖြည်း အကျဘက်သို့ ဦးတည်လျက်ရှိသည်။ ကူးစက်မှုများ တိုးလာသည့်အတွက် ဂျာမန်ပြည်သူများအနေဖြင့် ၎င်းတို့ကိုယ်တိုင်၎င်းတို့ ကာကွယ်၊ ထိန်းချုပ်မှုများ လုပ်သင့်ကြောင်း ရောဘတ်ကို့ချ်အင်စတီကျူ၏ နေ့စဉ် ထုတ်ပြန်ချက်တွင် ဖော်ပြလိုက်သည်။

နောက်ထပ် လအနည်းငယ်အထိ အခက်အခဲများ တွေ့ရဦးမည်ဆိုသည်ကို သံသယဖြစ်စရာမလိုကြောင်း ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်က အောက်လွှတ်တော်တွင် နိုဝင်ဘာ ၂၆ ရက်က ပြောကြားလိုက်သည်။ ကိုဗစ်-၁၉ ဖြစ်ပွားနေချိန်တွင် မိမိတို့ တစ်ဦးတစ်ယောက်ချင်းစီက တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်မှသာ ယခုအချိန်ကို ကောင်းမွန်စွာ ကျော်လွှားနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်မှုတိုးလာပြီးနောက် ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများသည် တစ်စိတ်တစ်ပိုင်း အသွားအလာကန့်သတ်ပိတ်ဆို့မှုကာလကို တိုးမြှင့်ရန် သဘောတူခဲ့သည်။ ဂျာမန်အစိုးရသည် ကိုဗစ်-၁၉ ကူးစက်မှုနှုန်းကို လျှော့ချနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

ဆင်ဟွာ




ဂျာမနီနိုင်ငံ မြူးနစ်မြို့ရှိ ကိုဗစ်-၁၉ အန္တရာယ်ကင်းဝေးရေးသတိပေးဆိုင်းဘုတ် စိုက်ထူထားမှုကို တွေ့ရစဉ်။

# အိုင်ယာလန်နိုင်ငံတွင် ဒီဇင်ဘာ ၁ ရက်နေ့မှစတင်ကာ ကိုဗစ်-၁၉ ကန့်သတ်ချက်များဖြေလျှော့ပေးမည်

**ဒဗ္ဗလင် နိုဝင်ဘာ ၂၈**

အိုင်ယာလန်နိုင်ငံတွင် ကိုဗစ်- ၁၉ ကန့်သတ်ချက်ကို အဆင့် ငါးအထိ အမြင့်ဆုံးထုတ်ပြန်ထားရာ ဒီဇင်ဘာ ၁ရက် မှစတင်၍ အဆင့် သုံးသို့ ဖြေလျှော့ပေးတော့မည်ဟု အစိုးရကကြေညာခဲ့သည်။

လာမည့်ခရစ္စမတ်ကာလအတွင်း အထူးညှိနှိုင်းမှုများ ပြုလုပ်ပေးမည်ဖြစ်သည်။ အဆင့်သုံး ကန့်သတ်ချက် အောက်တွင် ဆံပင်ညှပ်ဆိုင်ကဲ့သို့သော လုပ်ငန်းများကို ပြန်လည်ဖွင့်လှစ်ခွင့်ရမည်ဖြစ်ပြီး တိုင်းပြည်အတွင်းမှ ပြည်ပသို့မထွက်မချင်း ပြည်သူများ လွတ်လပ်စွာ သွားလာခွင့်ပေးထားသည်။

ပြင်ပတွင်လည်းလူ ၁၅ ဦးထက်ပိုပြီး စုဝေးခွင့်ပေးမည်ဖြစ်သည်ဟု အိုင်ယာလန်အစိုးရရုံးဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ ခရစ္စမတ်ကာလကို အဓိပ္ပာယ်ရှိစွာ ဖြတ်သန်းနိုင်ရေးအတွက်လည်း အထူးအစီအစဉ်များကို ကဏ္ဍခွဲကာ ခွင့်ပြုပေးမည်ဟု ကြေညာချက်တွင် ပါရှိသည်။ ဒီဇင်ဘာ ၁ ရက်မှစတင်ကာ ပြတိုက်များ၊ ပြခန်းများ၊ စာကြည့်တိုက်များနှင့် ရုပ်ရှင်ရုံများကို ပြန်လည်ဖွင့်လှစ်ခွင့်ပေးမည်ဖြစ်သည်။

ဒီဇင်ဘာ ၄ ရက် မှစတင်ကာ စားသောက်ဆိုင်များတွင် ဆိုင်ထိုင်စားသောက်ခွင့် ရမည်ဖြစ်သည်။ သို့သော်လည်း လူဦးရေ၊ အချိန်နှင့် အသက်အရွယ်အပိုင်းအခြား ကန့်သတ်ချက်ထားရှိမည်ဖြစ်သည်။

အရက်ဆိုင်များတွင်မူ ဆိုင်ထိုင်စားသောက်ခွင့်မရှိဘဲ ပါဆယ်စနစ်သာခွင့်ပြုမည်ဖြစ်သည်။ ဒီဇင်ဘာ ၁၈ ရက်မှ ဇန်နဝါရီ ၆ ရက်အထိ ပြည်သူများသည် ပြည်ပသို့ထွက်ခွာပြီး ခရစ္စမတ်ကာလအတွင်း ဆွေမျိုးများနှင့်တွေ့ဆုံခွင့်ရရှိမည်ဖြစ်သည်။

ယင်းကာလအတွင်း နယ်စပ်ဖြတ်ကျော်ခွင့်ပေးထားမည်ဖြစ်သည်။ အိုင်ယာလန်နိုင်ငံတွင် ပြီးခဲ့သည့်လအတွင်းမှစတင်ကာ ကိုဗစ်-၁၉ ဒုတိယလှိုင်းကြောင့် အဆင့်ငါး ကန့်သတ်ချက်ကို ထုတ်ပြန်ထားခြင်းဖြစ်သည်။

**ဆင်ဟွာ**



# အီရန် ထိပ်တန်း နျူကလီးယား သိပ္ပံပညာရှင်တစ်ဦး လုပ်ကြံခံရ

**တီဟီရန် နိုဝင်ဘာ ၂၈**

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်များတွင် အဓိကနေရာမှ ပါဝင်လှုပ်ရှားနေသည့် သိပ္ပံပညာရှင်တစ်ဦး လုပ်ကြံခံခဲ့ရပြီး သေဆုံးခဲ့ကြောင်း သိရသည်။

အီရန် နျူကလီးယားဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနခွဲ ထိပ်တန်းသိပ္ပံပညာရှင် မိုဆန် ဖက်ကရီဇာဒက် လိုက်ပါလာသည့် မော်တော်ယာဉ်တစ်စီး တိုက်ခိုက်ခံရမှု နိုဝင်ဘာ ၂၇ ရက်တွင်ဖြစ်ပွားခဲ့ ရာ အဆိုပါ သိပ္ပံပညာရှင်မှာ ဆေးရုံသို့ရောက်ရှိပြီးနောက် သေဆုံးခဲ့ကြောင်း သတင်းမီဒီယာများက ဖော်ပြသည်။

အီရန်နျူကလီးယားသိပ္ပံပညာရှင် လိုက်ပါလာသည့် မော်တော်ယာဉ်သည် တီဟီရန်မြို့စွန်၌ တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်ပြီး တိုက်ခိုက်မှုမှ ထွက်ပေါ်လာသည့် ပေါက်ကွဲသံနှင့် သေနတ်ပစ်ခတ်သံများကို အနီးဝန်းကျင်မှကြားရကြောင်း သိရသည်။

မိုဆန် ဖက်ကရီဇာဒက်သည် နျူကလီးယား နည်းပညာဆိုင်ရာ သုတေသနပညာရှင်တစ်ဦးအဖြစ် လူသိများပြီး နျူကလီးယားနှင့် တိုက်ချင်းပစ်ဒုံးကျည် အကောင်အထည်ဖော်ရေး လုပ်ဆောင်မှုများတွင် အဓိကကျသည့်နေရာမှ ပါဝင်ဆောင်ရွက်ခဲ့သူအဖြစ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဖော်ပြခဲ့သည်။ သို့ရာတွင် အီရန်အစိုးရက နျူကလီးယားလက်နက်များထုတ်လုပ်ရန် လုပ်ဆောင်နေသည်ဆိုခြင်းမှာ မဟုတ်ကြောင်း ငြင်းဆန်ထားသည်။

ယင်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီးနောက်တွင် အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗက် ဇာရစ်ဖ်က ယင်းကိစ္စတွင် အစ္စရေးတို့ ပါဝင်ပတ်သက်နေသည့် အရိပ်အယောင်ရှိကြောင်း တွစ်တာပေါ်၌ ရေးသားဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**



ကွယ်လွန်သူ အီရန်နျူကလီးယားသိပ္ပံပညာရှင် မိုဆန် ဖက်ကရီဇာဒက်။

# အိန္ဒိယနိုင်ငံတွင် ဇူလိုင်လမှ စက်တင်ဘာလအတွင်း ဂျီဒီပီ ၇ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်း

**နယူးဒေလီ နိုဝင်ဘာ ၂၈**

ဇူလိုင်လမှ စက်တင်ဘာလအထိ အိန္ဒိယနိုင်ငံ၏ ဂျီဒီပီသည် ယခင်နှစ်ကနှင့် နှိုင်းယှဉ်လျှင် ၇ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းသွားသည်ဟု သိရသည်။

**၂၃ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်း**

ကိုဗစ်-၁၉ ကူးစက်မှုမှ ကာကွယ်ရန်အတွက် မတ်လနှောင်းပိုင်းမှ စတင်ကာ နိုင်ငံတစ်ဝန်းအသွားအလာပိတ်ဆို့မှုချမှတ်ခဲ့ပြီးနောက် စီးပွားရေးလုပ်ငန်းများရပ်တန့်သွားပြီး ဧပြီလမှ ဇွန်လအတွင်း ၂၃ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ဇွန်လနောက်ပိုင်းတွင် အစိုးရသည် စီးပွားရေးပြန်လည် နာလန်ထူရေးအတွက် ဦးစားပေးဆောင်ရွက်ခဲ့ပြီး ကိုဗစ် -၁၉ ကန့်သတ်ချက်များကို ဖြေလျှော့ပေးခဲ့သည်။

ယင်းအချက်ကြောင့် ကုန်ပစ္စည်းထုတ်လုပ်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် ပြန်လည်နာလန်ထူနိုင်ခဲ့သည်။

သို့သော်လည်း ဝန်ဆောင်မှုပေးသည့် ကဏ္ဍတွင်မူ တိုးတက်မှုနှေးကွေးနေဆဲဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ခံထားရသူ ကိုးသန်းကျော်ရှိပြီး ကမ္ဘာပေါ်တွင် ဒုတိယမြောက် ကူးစက်မှု အမြင့်ဆုံးနိုင်ငံလည်းဖြစ်သည်။

**ခန့်မှန်းထား**

ကူးစက်မှုများမှာ ဆက်လက်မြင့်တက်နေဆဲဖြစ်ပြီး တစ်နှစ်တာကာလအတွင်း စီးပွားရေးတိုးတက်မှုမှာ ၉ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းသွားနိုင်သည်ဟု နိုင်ငံ၏ဗဟိုဘဏ်က အောက်တိုဘာလအတွင်း ခန့်မှန်းထားသည်။

**အင်န်အိတ်ချ်ကေ**



ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ လုပ်သားတစ်ဦးကို တွေ့ရစဉ်။

## ဂျပန်နိုင်ငံတစ်ဝန်းရှိ ဆေးရုံများတွင် ကိုဗစ်-၁၉ လူနာများ စုပုံလာသည့်အတွက် အခက်အခဲဖြစ်ပေါ်

**တိုကျို နိုဝင်ဘာ ၂၈**

ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသည့် လူနာအရေအတွက် ပိုမိုတိုးပွားလာလျက်ရှိရာ ဆေးရုံများတွင် လူနာများဖြင့် ပြည့်နှက်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

နိုဝင်ဘာ ၂၅ ရက်က ကိုဗစ်-၁၉ လက္ခဏာများဖြင့် ဆေးရုံတက်ရောက်ကုသရသည့် လူနာ အရေအတွက် ၇၈၂၆ ဦးရှိခဲ့ရာ ယခင်ရက်သတ္တပတ်ကထက် ၃၂ ရာခိုင်နှုန်းတိုးလာကြောင်း သိရသည်။ နိုင်ငံအတွင်းရှိ ခရိုင် ၄၇ ခု အနက် ခရိုင် ၄၀ တို့တွင် ကိုဗစ်-၁၉ လူနာများအတွက် ပြင်ဆင်ထားရှိသည့် လူနာခုတင်အရေအတွက်မှာလည်း တိုးလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လူနာအရေအတွက် များပြားလာမှုသည် ဟိုကိုခရိုင်၌ ၆၈ ရာခိုင်နှုန်းအထိ တိုးလာပြီး အိုဆာကာခရိုင်၌ ၅၅ ရာခိုင်နှုန်းတိုးလာခဲ့ကာ ဟော့ကိုင်းဒိုး၌ ၄၇ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ ဆေးရုံတက်ရောက်ရသည့် လူနာအရေအတွက် ၂၅ ရာခိုင်နှုန်းနှင့်အထက် တိုးပွားလာမှုကို သတိပေးချက်အဆင့် လေးဆင့်အနက် ဒုတိယအမြင့်ဆုံး အဆင့်ဖြစ်သည့် သတိပေးနှိုးဆော်ချက်အဆင့်သုံး သတ်မှတ်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ဘန်ကောက်ရှိ လမ်းမများထက်တွင် ဆန္ဒပြသူများ တစ်ဖန်ပေါ်ထွက်လာ

**ဘန်ကောက် နိုဝင်ဘာ ၂၈**

ထိုင်းနိုင်ငံတွင်အစိုးရဆန့်ကျင်ရေး ဆန္ဒပြသူများသည် ဘန်ကောက်မြို့ရှိ အဓိကလမ်းမကြီးများထက်တွင် တစ်ဖန်ထွက်ပေါ်လာကြောင်း သိရသည်။

ပြီးခဲ့သည့်သီတင်းပတ်အတွင်း ၎င်းတို့ ၏အဓိကတောင်းဆိုချက်ကို လွှတ်တော်အမတ်များက ပယ်ချပြီးနောက် လူငယ်များအစုပါဝင်သည့် ဆန္ဒပြသူများ၏လှုပ်ရှားမှုမှာ ပိုမိုပြင်းထန်လာခဲ့သည်။ ဆန္ဒပြသူများသည် ဘန်ကောက်မြို့ရှိ လူအစည်ကားဆုံးလမ်းဆုံတွင် နိုဝင်ဘာ ၂၇ ရက်က ဆန္ဒပြခဲ့ကြသည်။

၎င်းတို့သည် ရဲများ၏ဖြိုခွင်းမှုမှ ရှောင်ရှားရန်အတွက် နေရာပေါင်းစုံ၌ လာရောက်စုဝေးခဲ့ကြသည်။ ထို့နောက် ဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာ နုတ်ထွက်ပေးရေးနှင့် ဘုရင်စနစ်ပြုပြင်ပြောင်းလဲရေးတို့ကို တောင်းဆိုခဲ့ကြသည်။

ပြီးခဲ့သည့်ဆန္ဒပြပွဲများအတွင်း ရဲများနှင့် ဆန္ဒပြသူများအကြား ပဋိပက္ခများပေါ်ပေါက်ခဲ့သည်။ မငြိမ်သက်မှုများကို နှိမ်နင်းရန်အတွက် အာဏာပိုင်များသည် ပိုမိုတင်းကျပ်ခဲ့ကြသည်။ တက္ကသိုလ်ကျောင်းသားများပါဝင်သည့် ဆန္ဒပြခေါင်းဆောင်များမှာ တရားရုံးအသီးသီးတွင် ထောင်ဒဏ် ၁၅ နှစ်အထိကျခံနိုင်သည့်အမှုနှင့်ရင်ဆိုင်ရဖွယ်ရှိသည်။ သို့သော်လည်း အစိုးရကို ဖိအားပေးသွားရန် စုဝေးပွဲများ ဆက်လက်ပြုလုပ်မည်ဟု ကတိပြုခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**

# အခြေအနေကောင်းလာတာနဲ့အမျှ ဖြေလျှော့ပေးသွားမယ်



ရောဂါပြန့်ပွားမှုနှုန်းတွေ တက်နေတဲ့နေရာတွေမှာတော့ Stay at Home ကြေညာရပါလိမ့်မယ်။ ဒါကထိန်းဖို့ ပိုပြီးတော့ ပြန့်ပွားမှုမရှိအောင် ထိန်းဖို့ပေါ့။ လျော့ကျသွားတဲ့နေရာတွေကို ကြည့်ပြီးတော့ ဖြေလျှော့ပေးပါမယ်။ ကိုဗစ်နဲ့ပတ်သက်လို့ အချိန်ကလည်း နည်းနည်းကြာလာပြီ၊ တော်တော် အတွေ့အကြုံများလာပြီဆိုတော့ ဘယ်ကဏ္ဍတွေမှာ လျှော့ပေးလို့ရမလဲ၊ ဘယ်ကဏ္ဍတွေမှာ ဆက်ပြီး ခပ်တင်းတင်းကျပ်ကျပ် စည်းမျဉ်းစည်းကမ်းတွေ ကန့်သတ်ထားရမလဲ၊ ဘယ်ကဏ္ဍတွေမှာ နည်းနည်း ပိုပြီးတော့ စည်းမျဉ်းစည်းကမ်းတင်းတင်းကျပ်ကျပ် လုပ်ဖို့လိုတယ်ဆိုတာကို မြင်လာပါတယ်။ ဒါကြောင့် အခြေအနေကောင်းလာတာနဲ့အမျှ ဖြေလျှော့ပေးမှာဖြစ်ပါတယ်။ နောက်အခြေအနေ နည်းနည်းပိုပြီးတော့ သတိထားရမယ့်နေရာတွေမှာဆိုရင် ပိုပြီးတော့တင်းကျပ်ရပါလိမ့်မယ်။ လိုတိုး ပိုလျှော့ပေါ့။ ဒါကလည်း တစ်ချိန်လုံး ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနနဲ့ ကျန်တဲ့သက်ဆိုင်ရာဌာန တွေက လေ့လာပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀–၁၁–၂၀၂၀ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြင်ဦးလွင် မဟာအံ့ထူးကံသာဘုရား၌ ယခုနှစ်တွင် တန်ဆောင်တိုင်မီးပုံးပျံပွဲ မပြုလုပ်ဖြစ်သော်လည်း မသိုးသင်္ကန်းကပ်လှူပူဇော်မည်

ပြင်ဦးလွင် နိုဝင်ဘာ ၂၈

ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာ(ပြည်ချစ်)ဘုရားကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော တန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကြီးကို ယခုနှစ်တွင် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်–၁၉ ကြောင့် ကျင်းပနိုင်ခြင်း မပြုနိုင်သော်လည်း မသိုးသင်္ကန်းကပ်လှူပူဇော်မည် ဖြစ်ကြောင်း ဘုရားကြီးဂေါပက အတွင်းရေးမှူး ဦးကျော်ဌေးကိုက ပြောသည်။

"နှစ်စဉ်ပူဇော်နေမြဲဖြစ်တဲ့ မသိုးသင်္ကန်းကိုတော့ ဆရာတော်ကြီးတွေရဲ့ဩဝါဒကိုခံယူတော်မူပြီး ဘုရားကြီးဂေါပက အဖွဲ့ဝင်တွေနဲ့ ကပ်လှူပူဇော်သွားမှာပါ" ဟု ဂေါပကအတွင်းရေးမှူးဦးကျော်ဌေးကိုက ပြောကြားသည်။ ယခုနှစ်တွင်တန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကျင်းပခဲ့ပါက (၁၆)ကြိမ်မြောက်ဖြစ်မည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ပြင်ဦးလွင်မြို့၌ ယခုနှစ်တွင် (၁၆) ကြိမ်မြောက် တန်ဆောင်တိုင်မီးပုံးပျံပွဲတော် ကျင်းပနိုင်ခြင်းမရှိသောကြောင့် ရပ်ကွက်၊ ကျေးရွာများ၌ နှစ်စဉ်ပြုလုပ်နေကျဖြစ်သော မီးပုံးပျံကြီးများပြုလုပ်ကြခြင်းမရှိတော့ကြောင်း၊ ယခင်နှစ်များက ပြိုင်ပွဲဝင်မီးပုံးပျံများနှင့်အတူ အပျော်တမ်းလွှတ်တင်သည့် မီးပုံးပျံများရှိခဲ့ကြောင်း တစ်မြို့နယ်လုံး အတိုင်းအတာဖြင့် ညမီးကျည်၊ စိန်နားပန်မီးပုံးပျံ စုစုပေါင်း အလုံးရေ ရာနှင့်ချီ၍ မီးပုံးပျံပညာရှင်များက ပြုလုပ်ပေးနေရကြောင်း ယခုနှစ်တွင် ကိုဗစ်–၁၉ ရောဂါ အခြေအနေကြောင့် မီးပုံးပျံလွှတ်တင်မည့်သူများ မရှိတော့သလို လွှတ်တင်ခွင့်ပြုခြင်းလည်း မရှိကြောင်း မီးပုံးပျံပညာရှင် ကိုဇော်ထိုက်က ပြောသည်။

ပြင်ဦးလွင်မြို့၌ နှစ်စဉ်ပြုလုပ်နေကျ မီးပုံးပျံကြီးများဖြစ်သော ညမီးကျည်နှင့် စိန်နားပန်မီးပုံးပျံကြီးများမှာအလတ်စား၊ အငယ်စားတစ်လုံးလျှင် ငွေကျပ် ၁၀ သိန်းမှ ငွေကျပ်သိန်း ၂၀ အထိလည်းကောင်း၊ အကြီးစားမီးပုံးပျံကြီးများမှာ ငွေကျပ်သိန်း ၂၀ မှ ငွေကျပ်သိန်း ၃၀ ကျော်အထိလည်းကောင်း ကုန်ကျစရိတ်ရှိကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

နေပြည်တော် နိုဝင်ဘာ ၂၈

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီ မှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသန ဦးစီးဌာနတွင် ဆေးသုတေသန ဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။ **သတင်းစဉ်**

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ

## COVID-19 ရောဂါကုသရန် သွေးရည်ကြည်အလှူရှင်များဖိတ်ခေါ်ခြင်း

- ❖ COVID–19 ရောဂါပိုးကူးစက်ခံရပြီး ရောဂါပျောက်ကင်းသူများ၏ သွေးရည်ကြည်ထဲတွင် ကိုရိုနာဗိုင်းရပ်(စ်)ပိုး (severe acute respiratory syndrome coronavirus 2– SARS–CoV–2) ကို ခုခံကာကွယ်နိုင်သော ပဋိပစ္စည်း ( Antibody) များ ကျန်ရစ်သည့် ၎င်းတို့၏ သွေးရည်ကြည် (Convalescence Plasma) အား အသုံးပြု၍ COVID–19 ရောဂါ ပြင်းထန်သောလူနာများကို ကုသရာတွင် ရောဂါသက်သာ ပျောက်ကင်းရန် အထောက်အကူပြုကြောင်း တွေ့ရှိရပါသည်။
- ❖ ကိုရိုနာဗိုင်းရပ်(စ်)ပိုး (SARS–CoV–2) ကူးစက်ခံရပြီး (၂၈) ရက်တိတိ ပကတိ ပြန်လည်နေထိုင်ကောင်းလာသူများအနေနှင့် ၎င်းတို့၏ သွေးရည်ကြည်ကို လှူဒါန်းခြင်းဖြင့် ကိုဗစ်ရောဂါ ပြင်းထန်စွာခံစားနေသော လူနာများ၏အသက်ကို ကယ်တင်ပေးနိုင်မည်ဖြစ်သည်။
- ❖ သွေးရည်ကြည်အလှူရှင်ထံမှ သွေးရည်ကြည်ထုတ်ယူရာတွင် ယခုအခါ သွေးရည်ကြည်ထုတ်စက် (Apheresis machine) ကို အသုံးပြု၍ သွေးရည်ကြည် (၄၀၀) စီစီမှ (၆၀၀)စီစီအထိ ထုတ်ယူနိုင်၍ လူနာ(၂)ဦးမှ (၃)ဦးအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။ သွေးရည်ကြည်လှူဒါန်းရာတွင် အလှူရှင်၏ သွေးနီဥများကို အလှူရှင်၏ ကိုယ်ခန္ဓာတွင်းသို့ စက်မှတစ်ဆင့် ပြန်လည်သွင်းပေးခြင်းဖြင့် သွေးရည်ကြည်အလှူရှင်မှာ သွေးအားလျော့နည်းသွားခြင်းမရှိပါ။
- ❖ ဤကဲ့သို့ သွေးရည်ကြည်လှူဒါန်းခြင်းကို (၂)ပတ်မှ (၄)ပတ် တစ်ကြိမ် (၃)ကြိမ်ထိ လှူဒါန်းနိုင်၍ သွေးရည်ကြည်လှူဒါန်းသူတစ်ဦးမှ တစ်ဦးထက်မကသော ကိုဗစ်လူနာအသက်များကို ကယ်တင်နိုင်မည် ဖြစ်ပါသည်။
- ❖ သွေးရည်ကြည်အလှူရှင်သည် ကိုရိုနာဗိုင်းရပ်(စ်)ပိုး ( SARS–CoV–2) ကူးစက်ခံရပြီး (၂၈) ရက်ထက်မနည်း နေကောင်းနေသူ ဖြစ်ရပါမည်။ အသက်(၁၈)နှစ်မှ (၆၀)နှစ် ရှိရမည်။ ကိုယ်အလေးချိန် ပေါင် ၁၂၀ (ကျား) နှင့် ပေါင် ၁၁၀ (မ) အနည်းဆုံးရှိရပါမည်။ ကျန်းမာနေကောင်းရမည်။ သာမန်သွေးလှူရှင်များ၏ ကျန်းမာရေးကို မထိခိုက်စေရန် ဆောင်ရွက်သော စည်းကမ်းများအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်သည်။ သွေးရည်ကြည်မလှူဒါန်းမီ ကျန်းမာရေးစစ်ဆေးပေးမည်ဖြစ်သည်။
- ❖ အမျိုးသားသွေးဌာနမှ COVID–19 ရောဂါမှ ပြန်လည်ကောင်းမွန်သူများ၏ သွေးရည်ကြည် စုဆောင်းသည့်လုပ်ငန်းကို ဆောင်ရွက်နေပြီး ရန်ကုန်မြို့၊ ဦးဝိစာရလမ်း၊ ဇီဝကလမ်းခွဲရှိ ဆေးသုတေသနဦးစီးဌာနတွင် သွေးရည်ကြည် လှူဒါန်းနိုင်ရန် သီးသန့်အခန်း ဖွင့်လှစ်ထားပါသည်။ COVID–19 ရောဂါ ပြင်းထန်သောလူနာများ၏ အသက်ကိုကယ်တင်နိုင်ရန် စေတနာရှင် သွေးရည်ကြည်အလှူရှင်များကို ဖိတ်ခေါ်အပ်ပါသည်။
- ❖ သွေးရည်ကြည်လှူဒါန်းရန် အောက်ပါဖုန်းနံပါတ်နှင့် Website တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပါသည်။
  - ၀၉–၅၁၃၀၄၁၈
  - ၀၉–၅၄၀၂၀၉၈
  - ၀၉–၉၆၅၁၃၀၄၁၈
  - www.donatebloodmyanmar.org

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၈-၁၁-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၂၇-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၄၂၈) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မင်္ဂလာဒုံ | ၈၂ |
| | | သင်္ဃန်းကျွန်း | ၇၀ |
| | | ရွှေပြည်သာ | ၆၀ |
| | | အင်းစိန် | ၅၇ |
| | | တောင်ဥက္ကလာပ | ၄၆ |
| | | လှည်းကူး* | ၄၃ |
| | | မြောက်ဥက္ကလာပ | ၄၀ |
| | | သန်လျင် | ၃၈ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၃၆ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၃၃ |
| | | မှော်ဘီ | ၃၁ |
| | | လှိုင်သာယာ | ၃၁ |
| | | ဗဟန်း | ၃၁ |
| | | မရမ်းကုန်း | ၂၆ |
| | | တာမွေ | ၂၂ |
| | | ကမာရွတ် | ၂၂ |
| | | ရန်ကင်း | ၁၉ |
| | | မင်္ဂလာတောင်ညွန့် | ၁၃ |
| | | ဒေါပုံ | ၁၃ |
| | | လှိုင် | ၁၂ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၁၂ |
| | | ဒလ | ၁၂ |
| | | ဒဂုံ | ၁၂ |
| | | အလုံ | ၁၂ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၁ |
| | | ဗိုလ်တထောင် | ၁၁ |
| | | ဆိပ်ကြီးခနောင်တို | ၁၁ |
| | | တိုက်ကြီး | ၁၀ |
| | | သာကေတ | ၉ |
| | | စမ်းချောင်း | ၉ |
| | | ပုဇွန်တောင် | ၈ |
| | | လမ်းမတော် | ၆ |
| | | ကျောက်တံတား | ၅ |
| | | ကွမ်းခြံကုန်း | ၄ |
| | | ပန်းဘဲတန်း | ၄ |
| | | ကျောက်တန်း | ၃ |
| | | လသာ | ၃ |
| | | ခရမ်း | ၃ |
| | | သုံးခွ | ၂ |
| | | တွံတေး | ၁ |
| | | ကြည့်မြင်တိုင် | ၁ |
| | | ထန်းတပင် | ၁ |
| | | စုစုပေါင်း | ၈၆၅ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | အမရပူရ | ၅၇ |
| | | အောင်မြေသာစံ | ၄၃ |
| | | ချမ်းအေးသာစံ | ၃၁ |
| | | မဟာအောင်မြေ | ၂၉ |
| | | ချမ်းမြသာစည် | ၂၃ |
| | | ပြည်ကြီးတံခွန် | ၁၀ |
| | | ပုသိမ်ကြီး | ၅ |
| | | ပျော်ဘွယ် | ၅ |
| | | စဉ့်ကိုင် | ၅ |
| | | ကျောက်ဆည် | ၃ |
| | | ရမည်းသင်း | ၂ |
| | | ဝမ်းတွင်း | ၂ |
| | | မြစ်သား | ၁ |
| | | ကျောက်ပန်းတောင်း | ၁ |
| | | မြင်းခြံ | ၁ |
| | | နွားထိုးကြီး | ၁ |
| | | မိုးကုတ် | ၁ |
| | | တံတားဦး | ၁ |
| | | သာစည် | ၁ |
| | | စုစုပေါင်း | ၂၁၂ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၆၅ |
| | | ရွှေတောင် | ၁၄ |
| | | ဖြူး | ၁၂ |
| | | ဒိုက်ဦး | ၈ |
| | | ဇီးကုန်း | ၇ |
| | | မင်းလှ | ၆ |
| | | ရေတာရှည် | ၅ |
| | | မိုးညို | ၃ |
| | | လက်ပံတန်း | ၁ |
| | | ကြို့ပင်ကောက် | ၁ |
| | | သနပ်ပင် | ၁ |
| | | စုစုပေါင်း | ၁၂၃ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | မော်လမြိုင်ကျွန်း | ၃၈ |
| | | ဒေးဒရဲ | ၁၂ |
| | | ဟင်္သာတ | ၉ |
| | | ကျုံပျော် | ၆ |
| | | ဘိုကလေး | ၆ |
| | | ကျိုက်လတ် | ၄ |
| | | ကန်ကြီးထောင့် | ၂ |
| | | ဝါးခယ်မ | ၂ |
| | | ရေကြည် | ၂ |
| | | လေးမျက်နှာ | ၁ |
| | | မအူပင် | ၁ |
| | | မြောင်းမြ | ၁ |
| | | ညောင်တုန်း | ၁ |
| | | ပုသိမ် | ၁ |
| | | စုစုပေါင်း | ၈၆ |
| ၅။ | မွန်ပြည်နယ် | သထုံ | ၁၉ |
| | | မော်လမြိုင် | ၁၂ |
| | | ရေး | ၅ |
| | | ပေါင် | ၂ |
| | | ချောင်းဆုံ | ၁ |
| | | ကျိုက်မရော | ၁ |
| | | စုစုပေါင်း | ၄၀ |
| ၆။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၁၈ |
| | | ထားဝယ် | ၂ |
| | | လောင်းလုံ | ၁ |
| | | ရေဖြူ | ၁ |
| | | စုစုပေါင်း | ၂၂ |
| ၇။ | ရခိုင်ပြည်နယ် | အမ်း | ၆ |
| | | သံတွဲ | ၅ |
| | | ကျောက်ဖြူ | ၃ |
| | | ကျောက်တော် | ၂ |
| | | မြေပုံ | ၁ |
| | | ပုဏ္ဏားကျွန်း | ၁ |
| | | စစ်တွေ | ၁ |
| | | စုစုပေါင်း | ၁၉ |
| ၈။ | ရှမ်းပြည်နယ် | တာချီလိတ် | ၅ |
| | | တောင်ကြီး | ၄ |
| | | နမ့်ဆန် | ၃ |
| | | လားရှိုး | ၁ |
| | | ကွတ်ခိုင် | ၁ |
| | | နောင်ချို | ၁ |
| | | ပင်လောင်း | ၁ |
| | | မိုင်းဆတ် | ၁ |
| | | စုစုပေါင်း | ၁၇ |
| ၉။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေး | ၅ |
| | | ဆားလင်းကြီး | ၃ |
| | | ယင်းမာပင် | ၃ |
| | | ခင်ဦး | ၁ |
| | | စစ်ကိုင်း | ၁ |
| | | ဝက်လက် | ၁ |
| | | စုစုပေါင်း | ၁၄ |
| ၁၀။ | မကွေးတိုင်းဒေသကြီး | အောင်လံ | ၈ |
| | | မြိုင် | ၂ |
| | | မကွေး | ၁ |
| | | စလင်း | ၁ |
| | | ရေနံချောင်း | ၁ |
| | | စုစုပေါင်း | ၁၃ |
| ၁၁။ | ကရင်ပြည်နယ် | ဘားအံ | ၆ |
| | | ကော့ကရိတ် | ၄ |
| | | စုစုပေါင်း | ၁၀ |
| ၁၂။ | ကချင်ပြည်နယ် | ဖားကန့် | ၃ |
| | | ရွှေကူ | ၁ |
| | | စုစုပေါင်း | ၄ |
| ၁၃။ | နေပြည်တော် | ပုဗ္ဗသီရိ | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၄။ | ချင်းပြည်နယ် | တီးတိန် | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၅။ | ကယားပြည်နယ် | လွိုင်ကော် | ၁ |
| | | စုစုပေါင်း | ၁ |
| | (၂၇-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၄၂၈) ဦး |

* ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ (၁) ဦးအား အသွားအလာကန့်သတ်ထားရှိလျက်ရှိပါသည်။

မှတ်ချက်။ (၂၇-၁၁-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၄၂၈)ဦးတွင် အနံ့မရရှိသူ (၂၉၅) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ညောင်တုန်းမြို့နယ်အတွင်းရှိ ပြည်သူများ နှာခေါင်းစည်းတပ်ဆင်ရေး အသိပညာပေးလှုပ်ရှားမှုဆောင်ရွက်

ညောင်တုန်း နိုဝင်ဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရန်နှင့် ပြည်သူများနေအိမ်ပြင်ပသို့ သွားလာပါက နှာခေါင်းစည်းတပ်ဆင်၍ သွားလာစေရန် Mask Campaign ပြုလုပ်ခြင်းကို ယနေ့နံနက် ၈ နာရီက လမ်းမတော်လမ်း (၈) လမ်းထိပ်လမ်းဆုံ အမှတ် (၆) ရပ်ကွက် ထိပ်လမ်းဆုံနှင့် မြို့အဝင် ကြို့ဆိုပါ၏ ဆိုင်းဘုတ်အနီးတို့၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် ကိုဗစ် – ၁၉ ထိန်းချုပ်ရေးနှင့်အရေးပေါ် တုံ့ပြန်ရေးကော်မတီနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ရောဂါကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ပြည်သူများ နှာခေါင်းစည်းတပ်ဆင်သွားလာကြစေရန် အသိပညာပေးခြင်း၊ နှာခေါင်းစည်းမတပ်ဆင်သူများအား နှာခေါင်းစည်းများ ဝေငှပေးခြင်းနှင့် တပ်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ "နေအိမ်တွင်သာ နေထိုင်ရေး အစီအစဉ် (Stay at home)"တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသော မြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **"COVID-19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေး အသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှု စီမံချက် (Mask and Face Shield Campaign)"** ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင်

- ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေးစည်းရုံး လှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေး ပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ပေးဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှု ကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကိုပုံမှန်အနေအထားအတိုင်း အမြန်ဆုံးပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ၂၈-၁၁-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၃၄၅၄၃၄၆ | ၇၉၄၅၅၈၅ | ၂၇၀၀၂၉ |
| ၂။ | အိန္ဒိယ | ၉၃၅၁၂၂၄ | ၈၇၅၉၉၆၉ | ၁၃၆၂၃၈ |
| ၃။ | ဘရာဇီး | ၆၂၃၈၃၅၀ | ၅၅၃၆၅၂၄ | ၁၇၁၉၉၈ |
| ၄။ | ရုရှား | ၂၂၄၂၆၃၃ | ၁၇၃၉၄၇၀ | ၃၉၀၆၈ |
| ၅။ | ပြင်သစ် | ၂၁၉၆၁၁၉ | ၁၅၉၉၁၅ | ၅၁၉၁၄ |
| ၆။ | စပိန် | ၁၆၄၆၁၉၂ | စိစစ်ဆဲ | ၄၄၆၆၈ |
| ၇။ | ဗြိတိန် | ၁၅၈၉၃၀၁ | စိစစ်ဆဲ | ၅၇၅၅၁ |
| ၈။ | အီတလီ | ၁၅၃၈၂၁၇ | ၆၉၆၆၄၇ | ၅၃၆၇၇ |
| ၉။ | အာဂျင်တီးနား | ၁၄၀၇၂၇၇ | ၁၂၃၅၂၅၇ | ၃၈၂၁၆ |
| ၁၀။ | ကိုလံဘီယာ | ၁၂၉၀၅၁၀ | ၁၁၈၉၄၄၉ | ၃၆၂၁၄ |

# ပျော်ဘွယ်၊ နောင်ချိုနှင့် ဒက္ခိဏသီရိမြို့နယ်တို့၌ ကိုဗစ်-၁၉ ရောဂါ ထောက်ခံချက်အတုများ တွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၈**

ပျော်ဘွယ်၊ နောင်ချိုနှင့် ဒက္ခိဏသီရိမြို့နယ်တို့၌ ကိုဗစ်–၁၉ ရောဂါ ထောက်ခံချက်အတုများ တွေ့ရှိခဲ့ရကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် တပ်ကုန်းမြို့နယ်ညောင်လွန့်စစ်ဆေးရေးဂိတ်၌ နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် 9A/6861 Dyna ယာဉ်မှ ယာဉ်မောင်း ဦးစိန်ဝင်းထွန်း၊ စည်ပင်တာဘက္ကာကျေးရွာ ရမည်းသင်းမြို့နယ်နေသူနှင့် 8M/7441 Canter ခြောက်ဘီးယာဉ်မှ ယာဉ်မောင်း/ ယာဉ်ပိုင်ရှင် ဦးအောင်ဇော်မြင့်၊ ရှမ်းပွဲရပ်ကွက် ပျော်ဘွယ်မြို့နေသူတို့အားပေပင်လေးစစ်ဆေးရေးဂိတ်မှ စစ်ဆေးပေးသော RDT စစ်ဆေးချက်လက်မှတ်ကို မသင်္ကာသဖြင့် တပ်ကုန်းမြို့နယ် ဆရာဝန်ကြီးမှ ပျော်ဘွယ်မြို့နယ် ဆရာဝန်ကြီးထံသို့ Viber ဖြင့် ပေးပို့တိုက်ဆိုင်စိစစ်ချက်အရ အဆိုပါ RDT စစ်ဆေးချက်လက်မှတ်မှာ အတုဖြစ်သည်ဟုသိရကြောင်း။

၎င်းတို့အား စစ်မေးချက်အရ ထောက်ခံချက်(အတု)များအား ပျော်ဘွယ်မြို့ မြင်းဘက်ရပ်ကွက် တောင်ဂိတ်တာဝန်ကျ ရန်လင်းဦးထံမှ ရယူခဲ့ကြောင်းသိရပြီး ယင်းနေ့ညတွင် ရန်လင်းဦးအား ပျော်ဘွယ်မြို့ မြင်းဘက်ရပ်ကွက်၌ ဖမ်းဆီးရမိခဲ့ရာ ရှမ်းပွဲရပ်ကွက်ရှိ "ငွေစတား" ကွန်ပျူတာဆိုင်မှ ထက်အောင်(၂၆ နှစ်) ထံက ဝယ်ယူခဲ့ကြောင်းသိရှိရ၍ နိုဝင်ဘာ ၂၆ ရက်တွင် ထက်အောင်အား "ငွေစတား" ကွန်ပျူတာဆိုင်၌ Samsung တံဆိပ်ပါ မော်နီတာတစ်လုံး၊ Mega Power System Box တစ်လုံး၊ Epson L–805 ကာလာပရင်တာ တစ်လုံး၊ Canon L–100 ပရင်တာတစ်လုံး ဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိသဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း။

အလားတူ နိုဝင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းက နောင်ချိုမြို့နယ် ကိုဗစ် – ၁၉ ကာကွယ် ထိန်းချုပ်ရေး စစ်ဆေးရေးဂိတ်၌ မန္တလေးမှလားရှိုးသို့ တင်ဇော်လေး ချမ်းအေးသာစံမြို့နယ်နေသူ မောင်းနှင်သော DD/7838 AD Van ယာဉ်ကိုစစ်ဆေးရာ မတ္တရာမြို့နယ် ပြည်သူ့ကျန်းမာရေးဌာနမှထုတ်ပေးထားသော ကိုဗစ်–၁၉ ရောဂါမရှိကြောင်း ထောက်ခံချက်စာရွက်အား ၎င်းကိုယ်တိုင် အတုပြုလုပ်ကိုင်ဆောင်ထားသည်ကို တွေ့ရှိသဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း။

ထို့အတူ ညနေပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် စီလမ်းဆုံ ပူးပေါင်းစစ်ဆေးရေးဂိတ်သို့ ဦးဝင်းအောင် လှည်းကူးမြို့နယ်နေသူပါ အမျိုးသား ၂ ဦးသည် Cokaspa ကုမ္ပဏီမှ 6Q–6872 ကွန်တိန်နာယာဉ်ဖြင့် အသီးအရွက်နှင့် အသားငါးများ တင်ဆောင်ရောက်ရှိလာသဖြင့် ကျန်းမာရေးမှူးနှင့် အဖွဲ့ကစစ်ဆေးရာ ကိုဗစ်–၁၉ ဓာတ်ခွဲနမူနာ စစ်ဆေးချက်ထောက်ခံချက်စာရွက်မှာ အတုဖြစ်နေသည်ကို စိစစ်တွေ့ရှိရ၍ ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ကိုဗစ်–၁၉ ကပ်ရောဂါကို အလေးထားကာကွယ်ထိန်းချုပ်နေစဉ်ကာလအတွင်း ယခုကဲ့သို့ အတုအပပြုလုပ်၍ မသမာသောနည်းလမ်းဖြင့် ဆောင်ရွက်မှုအားလုံးကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ ထိရောက်စွာဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၈- ၁၁ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၅၂၇၉၉၉ | ၄၄၁၉၈၃ | ၁၆၆၄၆ |
| ဖိလစ်ပိုင် | ၄၂၇၇၉၇ | ၃၈၈၀၆၂ | ၈၃၃၃ |
| မြန်မာ | ၈၇၉၇၇ | ၆၇၅၈၈ | ၁၈၈၇ |
| မလေးရှား | ၆၃၁၇၆ | ၅၁၃၁၄ | ၃၅၄ |
| စင်ကာပူ | ၅၈၂၀၅ | ၅၈၁၁၁ | ၂၈ |
| ထိုင်း | ၃၉၆၆ | ၃၇၉၈ | ၆၀ |
| ဗီယက်နမ် | ၁၃၄၁ | ၁၁၇၉ | ၃၅ |
| ကမ္ဘောဒီးယား | ၃၀၈ | ၂၉၉ | ၀ |
| ဘရူနိုင်း | ၁၅၀ | ၁၄၅ | ၃ |
| လာအို | ၃၉ | ၂၄ | ၀ |

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၂၀) ရပ်ကွက်တွင် သီလရှင်ကျောင်းပေါင်း ၇၄ ကျောင်းရှိ သီလရှင် ဆရာကြီးဆရာလေးအပါး ၃၀၀ တို့အားကိုဗစ်–၁၉ ထိန်းချုပ်ကာလအတွင်း ဆွမ်းအခက်အခဲရှိကြောင်း သိရှိရသဖြင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ဆန်လေးပြည်ဝင်အိတ် ၃၀၀၊ ဆီ တစ်လီတာဘူး ၃၀၀၊ သား/ငါး ဆီသွတ်ဘူး ၆၀၀ ၊ အချိုရည်ဘူး ၆၀၀၊ မျက်နှာအကာ ၃၀၀ ကို နိုဝင်ဘာ ၂၈ ရက်က ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကိုယ်စား စုအသက်မွေးဝမ်းကျောင်းသိပ္ပံ (ရွှေပြည်သာ) တာဝန်ခံ ဦးဇော်မြတ်လင်းနှင့် အဖွဲ့က ဆက်ကပ်လှူဒါန်းစဉ်။

မြင့်သန်းကြည်(ရွှေပြည်သာ)



## COVID - 19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရန် ပြည်သူများအား နှိုးဆော်ခြင်း

မိမိတို့နိုင်ငံတွင် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုအား ဆက်လက်ထိန်းချုပ်ထားနိုင်ရန်အတွက် **အနည်းဆုံးအောက်ပါအချက် (၄) ချက်ကို ကိုယ်တိုင်မဖြစ်မနေ လိုက်နာကျင့်သုံးရုံသာမက မိမိ၏မိသားစုဝင်များနှင့် အခြားသူများပါ လိုက်နာကျင့်သုံးစေရန် တိုက်တွန်းပေးပါ။**

(က) တတ်နိုင်သမျှ မိမိတို့၏ နေအိမ်တွင်သာ နေထိုင်ပြီး လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

(ခ) ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို လူစုလူဝေးရှိရာ နေရာများသို့ သွားသည့်အခါတိုင်း မဖြစ်မနေ တပ်ဆင်ကြပါရန်။

(ဂ) အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး(၆) ပေအကွာမှသာနေထိုင်ပြောဆို ဆက်ဆံကြပါရန်။

(ဃ) လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့် (၂၀)ကြာအောင် စနစ်တကျ မကြာခဏဆေးကြောရန် (သို့မဟုတ်) လက်သန့်စင်ဆေးရည်နှင့် ဆေးကြောကြပါရန်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

❍ *ကျောဖုံးမှ*

မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ

(၂၈-၁၁-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၇,၉၂၄) ဦး | (၁,၁၃၂,၆၂၁) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၃၄၄) ဦး | (၈၇,၉၇၇) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၆၁၆) ဦး | (၆၇,၅၈၈) ဦး |
| သေဆုံးလူနာ | (၂၂) ဦး | (၁,၈၈၇) ဦး |

- ယနေ့ **သေဆုံးသူ (၂၂) ဦး** မှာ ပြည်သူ့ဆေးရုံများ၊ COVID–19 ရောဂါ ကုသရေးဌာနများနှင့် တပ်မတော်ဆေးရုံများမှဖြစ်ပြီး ၎င်းတို့အနက် ရောဂါအခံရှိသူ (၁၈) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၆၁၆) ဦးတွင်–
  - o ပြည်သူ့ဆေးရုံများ – (၆၄၆) ဦး
  - o COVID–19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၉၇၀) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၂၉၄) ဦးတွင်–
  - o Hotel Quarantine – (၃၄၃) ဦး
  - o Facility Quarantine – (၁၉၅) ဦး
  - o Community Based Facility Quarantine – (၇၀၉) ဦး
  - o Anosmia Center – (၄၇) ဦး

  ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# တက္ကသိုလ်မှာ ဝေတဲ့နှင်း

မောင်ဒဂုန်(မြန်မာ့မြေ)

**စာရေးသူ ဆယ်တန်းအောင်တော့ ၁၉၇၁ ခုနှစ်ပေါ့။ ဇာတိက မိတ္ထီလာ၊ ဘာသာတွဲက ဝိဇ္ဇာ/သိပ္ပံဆိုတော့ အဲဒီအချိန်က တောင်ကြီးနှင့် မကွေး ဒီဂရီကောလိပ်တွေကို တစ်လှည့်စီ ကျောင်းတက်ရတယ်။ စာရေးသူတို့အောင်တဲ့နှစ်က မကွေးကောလိပ်ကို အလှည့်ကျခဲ့တယ်။ ဒီတော့လည်း အဓိပတိလမ်းက ခုံတန်းရှည်၊ ဘွဲ့နှင်းသဘင်ခန်းမ၊ သစ်ပုပ်ပင်၊ ကုံကော်ပန်းတွေနှင့် လွမ်းစရာ့ ရန်ကုန်တက္ကသိုလ်အိပ်မက်ဟာ အဝေးမှာ ကျန်ခဲ့ပါတော့တယ်။**



ရန်ကုန်အဝေးသင်တက္ကသိုလ် စတုတ္ထအကြိမ် ဥပဒေပညာ ဘွဲ့လွန်ဒီပလိုမာ (၂၀၁၄) ကျောင်းသား ကျောင်းသူများ

### ရန်ကုန်တက္ကသိုလ်သည် စံပြတက္ကသိုလ်

မကွေးကောလိပ်မှာတက်ရင်း နောက်ဆုံးနှစ်ဖြစ်တဲ့ ၁၉၇၅ ခုနှစ်ရောက်တော့ ရန်ကုန်တက္ကသိုလ်က ဦးသန့်အရေးအခင်းဟာ နယ်တက္ကသိုလ်နှင့် ကောလိပ်များဆီကို ပျံ့နှံ့ကူးစက် ရောက်ရှိလာတယ်။ တစ်နိုင်ငံလုံးမှာ ၁၉၇၄၊ ၁၉၇၅၊ ၁၉၇၆ ခုနှစ်တွေဟာ အရေးအခင်းတွေ အများဆုံးပေါ့။ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမောင်မောင်ခနှင့် ပညာရေးဝန်ကြီးဌာန တာဝန်ရှိသူတွေလည်း ထိုစဉ်က မကွေးကောလိပ်ကို ရောက်ရှိလာပြီး ကျောင်းသားခေါင်းဆောင်တွေနှင့် ညှိနှိုင်းသေးတယ်။ အဲဒီအချိန်မှာ မကွေးကောလိပ် ကျောင်းအုပ်က ဒေါက်တာမောင်ဒီလို့ ထင်ပါတယ်။ ဒါပေမယ့် မကြာခင် တက္ကသိုလ်နဲ့ ကောလိပ်တွေအားလုံး ပိတ်လိုက်တာကြောင့် ကျောင်းဆောင်တွေကို အဝေးပြေးကားကြီးတွေ ရောက်လာပြီး ကျောင်းသား ကျောင်းသူတွေကို ဇာတိမြို့အရောက် ပြန်ပို့ပေးခဲ့တယ်။

ကံဆိုးမသွားလေရာ မိုးလိုက်လို့ရွာတယ် ပြောရမလား။ မကွေးကထွက်လို့ ကျောက်ပန်းတောင်းမရောက်မီ တောထဲမှာ သေနတ်ကို မိုးထောင်ဖောက် ကားကိုတားပြီး ဓားပြတိုက်ခံရပါတော့တယ်။ ဓားပြအချို့က တောထဲမှာ၊ အချို့က ကျောင်းသား ကျောင်းသူတွေကို "ကားပေါ်ကဆင်း၊ မော့မကြည့်နဲ့၊ ရှိတာအကုန်ထုတ်"ပေါ့။ ဦးထုပ်တစ်လုံးနဲ့ အလှူခံသလို ထည့်ခိုင်းတော့တာပါပဲ။ ခဏအကြာမှာ မကွေးဘက်ကမောင်းလာတဲ့ ကားငယ်တစ်စီးဟာ ဓားပြတွေတားတဲ့ကြားက ဇွတ်မောင်းပြီး ကျောက်ပန်းတောင်းဘက် ပြေးထွက်သွားခဲ့တယ်။ ကျောက်ပန်းတောင်းက သိပ်မဝေးတော့ သတင်းအရ ရဲလိုက်လာမှာ စိုးရိမ်တယ်။ ဓားပြရဲ့ အလှူခံဦးထုပ်လည်း မျက်နှာရှေ့အရောက်မှာ ကားပေါ်ကဆင်းစဉ်က နောက်ဆုံးဆင်းတဲ့ စာရေးသူဟာ "တက်တော့ နောက်ကျန်တစ်ယောက် သစ္စာဖောက်"ဆိုပြီး ရှေ့ဆုံးက ကျော်တက်လိုက်တာကြောင့် ဘယ်လိုကားပေါ် ရောက်သွားမှန်းမသိဘဲ ချမ်းသာရာ ရသွားခဲ့တယ်။

အမှတ်တရ ဇာတ်လမ်းလေးပါပဲ။ ဒါပေမယ့် ဇာတ်လမ်းက မသန်းဆိုသလို အပျော်တွေ ပျက်ပြန်ပါလေ၏။ အကြောင်းကတော့ တစ်လခန့်အကြာမှာ တက္ကသိုလ်နှင့် ကောလိပ် နောက်ဆုံးနှစ် စာမေးပွဲများကို ဇာတိမြို့က အထက်တန်းကျောင်းတွေမှာပဲ ရုတ်တရက် ဖြေလိုက်ရပြီး အောင်စာရင်း ထွက်လာခဲ့ပါတော့တယ်။

အဲဒီအချိန်ကစပြီး ရန်ကုန်တက္ကသိုလ် ကျောင်းသား ကျောင်းသူတွေဟာ အဓိပတိလမ်းက ခုံတန်းရှည်နှင့် ဝေးခဲ့ရသလို မကွေးကောလိပ်ကျောင်းသားကျောင်းသူတွေလည်း ထန်းတောညို၊ ကုက္ကိုတန်းနှင့် တမာလမ်းကို ခွဲခွာခဲ့ရတာပါ။ ခုအချိန်မှာ မြန်မာနိုင်ငံ တစ်နံတစ်လျားမှာ တက္ကသိုလ်တွေ အများအပြားရှိနေပါပြီ။ ဒါပေမယ့် ရန်ကုန်တက္ကသိုလ်ဟာ တက္ကသိုလ်များရဲ့ အဓိပတိ၊ တက္ကသိုလ်များရဲ့ စံပြ၊ ခေတ်အဆက်ဆက် ကောင်းတူဆိုးဖက်တွေပါပဲ။

### ဦးကျည်ပွေ့ထုံး နှလုံးမူ

မြန်မာ့သမိုင်းမှာ ဆရာတော် ဦးကျည်ပွေ့ဟာ သက္ကရာဇ် ၆၁၇ ခုနှစ် ပုဂံမှာ နရသီဟပတေ့ မင်းပြုစဉ်မှာ သက်တော် ၆၀ နှစ်ရှိနေပါပြီ။ တစ်နေ့တော့ ဆရာတော်ဟာ တံပူပစ်ချတဲ့ တွင်းမှာ တံပူတွေပြည့်နေတာကို မြင်ရတယ်။ ဒီတော့ "ငါလည်း တစ်နေ့စာတစ်ကြောင်း ဖြစ်ဖြစ် သင်အံလေ့ကျင့်ရင် ကျမ်းတတ်ပုဂ္ဂိုလ်ဖြစ်နိုင်တယ်"လို့ ယုံကြည်မိသတဲ့။ ဒါကြောင့် အသက် ၆၀ နှစ်မှာ စာသင်တယ်။ နောင်မှာ ဆရာတော်ဟာ သင်ပုန်းကြီးဋီကာနှင့် သဒ္ဒါကျမ်းတို့ကို ပြုစုနိုင်ခဲ့တယ်။

ပြောချင်တာက ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှာ စာရေးသူ နိုင်ငံ့တာဝန်က ဒုတိယညွှန်ကြားရေးမှူးချုပ် ရာထူးနှင့် အငြိမ်းစားယူခဲ့တယ်။ ဝန်ထမ်းဘဝ နှစ် ၄၀ လုပ်ကိုင်ပြီး အငြိမ်းစားယူလိုက်တော့ ဟိုဟာလုပ်ရကောင်းမလား၊ ဒီဟာလုပ်ရကောင်းမလားဆိုပြီး အချိန်တွေ ပိုနေတယ်။ ဒါနဲ့ တစ်နေ့တော့ မမျှော်လင့်ဘဲ အခွင့်အရေးတစ်ခုပေါ်လာတယ်။

မိတ်ဆွေတစ်ယောက် အိမ်ကိုရောက်လာပြီး ရန်ကုန်အဝေးသင်တက္ကသိုလ်မှာ သူ ဥပဒေပညာ ဘွဲ့လွန်ဒီပလိုမာ Online တက်နေကြောင်းနဲ့ မကြာမီ ပြီးတော့မယ်လို့ ပြောခဲ့တယ်။ ရေငတ်တုန်း ရေတွင်းထဲကျဆိုသလို သင်တန်းနှင့်ပတ်သက်လို့ အသေးစိတ် မေးလိုက်တယ်။ မူလရခဲ့တာက ဓာတုဗေဒ ဆိုပေမယ့် စိတ်ဝင်စားခဲ့တာက တကယ်တော့ ဥပဒေပါ။ ဥပဒေဆိုတာက လေ့လာလိုက်ရင် တော်တော် ကျယ်ပြန့်တယ်။ ပင်လယ်ထဲ ရေကူးသလို ကမ်းမမြင် လမ်းမမြင်၊ လေ့လာစရာက တစ်ပုံတစ်ပင်၊ ခေတ်ကလည်း ဒီမိုကရေစီခေတ်၊ ဘာပဲလုပ်လုပ် ဥပဒေနဲ့ညီဖို့ လိုတယ်။

### ရန်ကုန်တက္ကသိုလ်သို့ ခြေချခြင်း

မြေလတ် မကွေးကောလိပ်မှာ လေးနှစ်ကြာပြီးနောက် နိုင်ငံ့ဝန်ထမ်းဘဝ အိမ်ထောင်ကျတော့ ဇနီးဖြစ်သူက ပုသိမ်ကောလိပ်ဆင်းဖြစ်တယ်။ ဒါကြောင့် ဘွဲ့လက်မှတ်ကို ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမရှိရုံးခန်းကို ၁၉၇၈ ခုနှစ်မှာ လာထုတ်ရတယ်။ မော်ကွန်းထိန်းက ဒေါ်စိန်စိန်ပေါ့။ စာရေးသူ ရန်ကုန်တက္ကသိုလ်မြေကို ပထမဆုံး ခြေချခဲ့ဖူးခြင်းပါပဲ။

ဥပဒေ ဘွဲ့လွန်အတွက်တော့ သထုံလမ်းမှာရှိတဲ့ ရန်ကုန်အဝေးသင်တက္ကသိုလ် ဥပဒေဌာနကို ဒုတိယအကြိမ် ရောက်ရှိပြီး အိပ်မက်တွေ မက်ခွင့်ရခဲ့တာပါ။ အဲဒီအချိန်တုန်းက တက္ကသိုလ်ရိပ်သာလမ်းကနေ လှည်းတန်းဘက် မသွားချင်တဲ့ ကားတွေဟာ အင်းလျားလမ်းနဲ့ ပြည်လမ်းမကို ထွက်ပြီး ရန်ကုန်မြို့တွင်းဘက်သွားတဲ့ကားတွေဟာ သထုံလမ်းကို ဖြတ်မောင်းတာ အများကြီးပါပဲ။ ဒီတော့လည်း သထုံလမ်းဟာ လူတွေ ကားတွေနဲ့ စည်ကားနေခဲ့တယ်။ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းက အဆောင်တွေနဲ့ တက္ကသိုလ်ပုံနှိပ်တိုက်ကို တက္ကသိုလ်ရိပ်သာလမ်းက ကွေ့ဝင်လိုက်တာနဲ့ သထုံလမ်းဘေးမှာ တွေ့ရတယ်။ တက္ကသိုလ်အားကစားကွင်း၊ အားကစားရုံ၊ တင်းနစ်ကွင်းတွေလည်း ရှိတယ်။ တစ်ချိန်က ရန်ကုန်တက္ကသိုလ် အားကစားလောကနှင့် ကွယ်လွန်သူ ရုပ်ရှင်မင်းသားကြီး ကောလိပ်ဂျင်နေဝင်းကို သတိရမိတယ်။

စာရေးသူ သထုံလမ်းထဲ ဝင်လိုက်တာနဲ့ စိတ်ထဲမှာ အေးချမ်းသွားတယ်။ လမ်းဘေးက နှစ်ရှည် ပိတောက်ပင်ကြီးတွေကြောင့်လား၊ ဒါမှမဟုတ် ရန်ကုန်တက္ကသိုလ်ရဲ့ ရင်ခွင်ကို အသက် ၆၀ ကျော်မှ ဝင်ရောက်ခွင့်ရလို့လား၊ လူကတော့ နုပျိုလန်းဆန်းသွားတာ အမှန်ပဲ။

### ပညာခေတ်၏ စိန်ခေါ်မှု

ဥပဒေပညာ ဘွဲ့လွန်ဒီပလိုမာ သင်တန်းက First Semester မှာ (၅)ဘာသာ၊ Second Semester မှာ Term Paper အပါအဝင်(၅)ဘာသာ၊ စုစုပေါင်း (၁၀)ဘာသာ ရှိပါတယ်။ သာမန်အချိန်မှာတော့ Online က သက်ဆိုင်ရာဘာသာရပ်ရဲ့ Short Question တွေ၊ Asignment တွေ ဖြေရတယ်။ သက်ဆိုင်ရာ First Semester နှင့် Second Semester စာမေးပွဲတွေကိုတော့ ကိုယ်ပိုင် Laptop Computer နဲ့ အင်္ဂလိပ်လို ဖြေရတယ်။ မေးခွန်းတွေကတော့ ကျောင်းသားတစ်ဦးနှင့် တစ်ဦး မတူဘူး။ သင်တန်းတစ်ခုမှာ ဘယ်လောက်ပဲ တက်ခွင့်လျှောက်ထားပေမယ့် အရေအတွက် အကန့်အသတ်ဖြင့်သာ လက်ခံလေ့ရှိတယ်။ စာမေးပွဲ မကျရှုံးရင် တစ်နှစ်အတွင်း အောင်လက်မှတ်ရတယ်။

အဝေးသင် သင်ကြားရေးစနစ်ကို ကမ္ဘာမှာ ၁၇၂၈ ခုနှစ်ကစပြီး ကျင့်သုံးခဲ့တယ်။ အခုဆိုရင် နိုင်ငံတွေ အများအပြားမှာ အဝေးသင်တက္ကသိုလ်တွေ တိုးချဲ့ဖွင့်လှစ်ပြီး ခေတ်မီနည်းပညာတွေနဲ့ ပိုမိုထိရောက်တဲ့ သင်ကြားမှု၊ သင်ယူမှုတွေ ဆောင်ရွက်နေတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း Online မှ သင်ကြားပို့ချမှုတွေကို ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် ရန်ကုန်အဝေးသင်တက္ကသိုလ်တို့မှာ ပို့ချနေတယ်။ ရုပ်မြင်သံကြား အသံလွှင့်အစီအစဉ်တွေကိုလည်း နေ့စဉ် ထုတ်လွှင့်ပြသတယ်။

ပညာသင်ယူမှုဌာန (Learning Centre) တွေကို တိုးချဲ့ဖွင့်လှစ်ပြီး ဂြိုဟ်တုကတစ်ဆင့် ထုတ်လွှင့်မှုအစီအစဉ်(Data Broad-Casting System)နဲ့ ပညာရေးဆိုင်ရာ ပညာပေး သင်ခန်းစာတွေကို လေ့လာသင်ယူနိုင်အောင် စီစဉ်ပေးနေတယ်။ အဝေးသင်ရဲ့ သင်ကြားရေးစနစ်ကိုက သင်ယူသူတွေအနေနဲ့ ကိုယ်တိုင် လေ့လာမှုအပေါ် အခြေခံထားတဲ့ စနစ်ဖြစ်တယ်ဆိုတာ လေ့လာတွေ့ရှိရတယ်။ ကိုယ်တိုင် လေ့လာ သင်ယူရင်းနှင့် ထူးချွန်သွားတဲ့ ပုဂ္ဂိုလ်တွေလည်းရှိပါတယ်။

### ပညာလို အိုသည်မရှိ

ရန်ကုန်အဝေးသင်တက္ကသိုလ်မှာ စာရေးသူတက်တာက ဥပဒေပညာ ဘွဲ့လွန်ဒီပလိုမာ Online (၄/၂၀၁၄)ပါ။ နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာနက ညွှန်ကြားရေးမှူးချုပ် အငြိမ်းစား(အမျိုးသမီး)တစ်ဦးလည်း အတူတက်ခဲ့သေးတယ်။ ဒီလိုနဲ့ ၂၀၁၅ ခုနှစ် မတ်လ ၂၁ ရက် နံနက်မှာတော့ ရန်ကုန် အဝေးသင်တက္ကသိုလ် စတုတ္ထအကြိမ် ဥပဒေပညာ ဘွဲ့လွန်ဒီပလိုမာ Online (၄/၂၀၁၄) အပ်နှင်းပွဲနှင့် (၁၅၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနား ကျင်းပခဲ့တယ်။ ဘွဲ့နှင်းသဘင်ခန်းမနှင့် အဓိပတိလမ်းကတော့ ခေတ်တွေ၊ စနစ်တွေ ဘယ်လိုပြောင်းပြောင်း ဣန္ဒြေသိက္ခာ ကြီးမားစွာ ရပ်တည်နေတယ်။ နာဂစ်မုန်တိုင်း တိုက်ခတ်စဉ်က မလဲပြိုဘဲကျန်ခဲ့တဲ့ ဘွဲ့နှင်းသဘင်ခန်းမရှေ့က ဖိုးသက်ရှည် သစ်ပုပ်ပင်ကြီးက နေရောင်အောက်မှာ ဘွဲ့ယူမယ့် ကျောင်းသားကျောင်းသူတွေကို ဝမ်းပန်းတသာ ကြိုဆိုနေပြီး စိမ်းမြမြ ကုံကော်တန်းက လေယူရာတိမ်းလို့ ယိမ်းကနေတယ်။ နံနက် ၉ နာရီအချိန်မှာတော့ အခမ်းအနားကို မင်္ဂလာဆိုင်းဝိုင်းနဲ့ စတင် ဖွင့်လှစ်တယ်။

စင်မြင့်ပေါ်က ရန်ကုန် အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလှတင့်နှင့် ဆရာကြီး၊ ဆရာမကြီးတွေကို ဂုဏ်ယူစွာကြည့်ရင်း စာရေးသူ အိပ်မက်များ မက်နေသလားလို့ ထင်ခဲ့မိတယ်။

### ခေတ်အဆက်ဆက် တာဝန်မပျက်သော ရန်ကုန်တက္ကသိုလ်

ရန်ကုန်တက္ကသိုလ်ကို ၁၉၂၀ ပြည့်နှစ်မှာ တည်ထောင်ခဲ့တယ်။ ရန်ကုန်မြို့တော်ခန်းမနှင့် မြန်မာ့ရုပ်ရှင်ဟာလည်း အလားတူ စတင်ခဲ့တာ ၁၉၂၀ ပြည့်နှစ်မှာပါပဲ။ ဒါကြောင့် ဖွားဖက်တော်တွေလို့ဆိုရင် မမှားဘူးပေါ့။ ရန်ကုန်တက္ကသိုလ်ဟာ သမိုင်းအစဉ်အလာကြီးသလို မမေ့နိုင်စရာ၊ ဂုဏ်ယူစရာ၊ အထင်ကရတွေလည်း များစွာရှိတယ်။ အာရှနိုင်ငံတွေထဲမှာ အစောဆုံးတက္ကသိုလ်ဖြစ်တယ်။ ကွယ်လွန်သူ စင်ကာပူသမ္မတ လီကွမ်ယူဟာ ရန်ကုန်တက္ကသိုလ်ကိုတက်ဖို့ တစ်ချိန်တုန်းက ကြိုးစားခဲ့သေးတယ်။ အမေရိကန် သမ္မတ အိုဘားမားနဲ့ နယ်သာလန်နိုင်ငံ မိဖုရား မက်စီမာ တို့လည်း ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမမှာ လာရောက် ဟောပြောခဲ့ဖူးတယ်။

ရန်ကုန်တက္ကသိုလ်ဟာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့ဆိုရင် သက်တမ်း နှစ် ၁၀၀ ပြည့်ပြီ။ ဒီဇင်ဘာလဆိုတော့ ရန်ကုန်တက္ကသိုလ်မြေမှာ နှင်းတွေလည်း ဝေနေပြီပေါ့။ ဒါကြောင့် နှင်းတွေနဲ့အတူ အမိ ရန်ကုန်တက္ကသိုလ် ငြိမ်းချမ်းပါစေ၊ သာယာပါစေ၊ သက်တမ်းရာကျော်၊ ထောင်ကျော် ရှည်ပါစေလို့ ဆန္ဒပြုရင်း...။ ။

**"အဲဒီအချိန်ကစပြီး ရန်ကုန်တက္ကသိုလ် ကျောင်းသား ကျောင်းသူတွေဟာ အဓိပတိလမ်းက ခုံတန်းရှည်နှင့် ဝေးခဲ့ရသလို မကွေးကောလိပ် ကျောင်းသားကျောင်းသူတွေလည်း ထန်းတောညို၊ ကုက္ကိုတန်းနှင့် တမာလမ်းကို ခွဲခွာခဲ့ရတာပါ။ ခုအချိန်မှာလည်း မြန်မာနိုင်ငံ တစ်နံတစ်လျား တက္ကသိုလ်တွေ မှိုလိုပေါက်ပါပြီ။ ဒါပေမယ့် ရန်ကုန်တက္ကသိုလ်ဟာ တက္ကသိုလ်များရဲ့ အဓိပတိ၊ တက္ကသိုလ်များရဲ့စံပြ၊ ခေတ်အဆက်ဆက် ကောင်းတူဆိုးဖက်တွေပါပဲ"**



### ဆောင်းပါးရှင် မောင်ဒဂုံ(မြန်မာ့မြေ)၏ ကိုယ်ရေးအကျဉ်း

- အမည်ရင်း ရဲနိုင်အောင် ဖြစ်သည်။
- မကွေးကောလိပ်သို့(၁၉၇၁-၁၉၇၅) တွင် တက်ရောက်ခဲ့သည်။
- ရန်ကုန် အဝေးသင်တက္ကသိုလ်၌ ၂၀၁၄ ခုနှစ်တွင် ဥပဒေပညာ ဘွဲ့လွန် ဒီပလိုမာ Online (၄/၂၀၁၄) ကို တက်ရောက်ခဲ့သည်။
- မြန်မာနိုင်ငံ စာရေးဆရာအသင်းဝင်တစ်ဦးဖြစ်ပြီး လက်ရှိအချိန်တွင် တောင်ကြီးမြို့၌ နေထိုင်၍ ရှမ်းပြည်နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

# ကိုဗစ်-၁၉ ရောဂါကြောင့် မန်းရွှေစက်တော်ဘုရားပွဲ ကျင်းပဖြစ်တော့မည်မဟုတ်

**မင်းဘူး နိုဝင်ဘာ ၂၈**

ကိုဗစ်-၁၉ ရောဂါကြောင့် ယခုနှစ် မန်းရွှေစက်တော် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို တည်းခိုဆောင်များ၊ ဈေးဆိုင်များ ခင်းကျင်းကာ ကျင်းပရန် အစီအစဉ်မရှိတော့ဘဲ ဒေသဓလေ့ ထုံးတမ်းအရ တပို့တွဲလဆန်း ၅ ရက်တွင် ဩဝါဒဆရာတော်ကြီးများက အောက်စက်တော်ရာ ဖန်အုပ်ဆောင်းနှင့် အထက်စက်တော်ရာ ခြေတော်ရာ သံတံခါးကို ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ရွှေစက်တော်ဂေါပကအဖွဲ့မှ သိရသည်။

“အရင်နှစ် ပွဲတော်ကာလ တစ်ဝက်လောက် ကတည်းက ကိုဗစ်-၁၉ ရောဂါကြောင့် ပိတ်လိုက်ရပါတယ်။ ဒီနှစ်မှာလည်း မကျင်းပဖြစ်တော့ပါဘူး။ ပွဲတော်ကျင်းပမယ်ဆိုရင် နိုဝင်ဘာလကတည်းက ပြင်ဆင်ရတာပါ။ ခုက ပွဲတော်ကျင်းပမယ့် သောင်ပြင်ကို မပြင်တော့ဘူး။ တံတားတွေ မထိုးတော့ဘူး။ အထူးတံတားနေရာမှာ ဝါးတံတားလေးပဲ ရှိတယ်။ ဒီနှစ်က လေလံတွေ၊ ဆိုင်ခန်းတွေ၊ တည်းခိုဆောင်တွေလည်း လုပ်ဖို့ မလိုတော့ပါဘူး” ဟု ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်စိုးက ပြောသည်။

နိုဝင်ဘာ ၂၄ ရက်က မကွေးမြို့ ကျောင်းထိုင် ဘုန်းကြီးကျောင်းတွင် ဘုရားပွဲတော် ကျင်းပရေးအတွက် နှစ်စဉ်ပြုလုပ်မြဲဖြစ်သည့် ဩဝါဒခံယူပွဲ တစ်ရပ်ကို ကျင်းပခဲ့ပြီး ရွှေစက်တော်ဘုရားအတွက် သီးသန့်ဖွဲ့ထားသည့် ဩဝါဒါစရိယဆရာတော်ကြီး ကိုးပါး ကြွရောက်ခဲ့ကာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆရာတော်ကြီးများက တပို့တွဲလဆန်း ၅ ရက်အထိ ကိုဗစ်-၁၉ ဆိုင်ရာ ဖြေလျှော့မှုများ မရှိသေးပါက ထုံးတမ်းစဉ်လာအရ အောက်စက်တော်ရာ ဖန်အုပ်ဆောင်းနှင့် သံတံခါးပိတ်ထားသည့် အထက်စက်တော်ရာကို ဆရာတော်ကြီးငါးပါးအား ပင့်ပြီး အကျဉ်းရုံး၍ ဖွင့်လှစ်ပေးရန် ဩဝါဒပေးခဲ့သည်ဟု သိရသည်။

ဂေါပကအဖွဲ့ အတွင်းရေးမှူးက ရောဂါအခြေအနေ အပြောင်းအလဲများကြောင့် တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်အထိကို ပုံမှန် ဆက်လက်ကျင်းပခွင့်ရမည်ဆိုလျှင်လည်း အရေးပေါ်ပြင်ဆင်ရမည့် အခြေအနေဖြစ်ကြောင်း၊ လတ်တလောတွင်မူ လှေတင်တံတားမှနေ၍ ဘုရားဖူးများအား ဝင်ခွင့်မပြုဘဲ ပိတ်ထားပြီး ဘုရားဖူးမြော်ခွင့်မှာလည်း ကိုဗစ်-၁၉ ရောဂါအခြေအနေအပေါ် မူတည်ကြောင်း ပြောကြားသည်။

**ဇေယျာတု(မကွေး)**

# ညောင်တုန်းမြို့၌ နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့တွင်းလှည့်လည် အပူဇော်ခံပွဲ ကျင်းပမည်

**ညောင်တုန်း နိုဝင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်း အထင်ကရ ဘာသာရေးပွဲဖြစ်သည့် တန်ဆောင်တိုင် နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့တွင်းရပ်ကွက်များသို့ လှည့်လည် အပူဇော်ခံပွဲကို နိုဝင်ဘာ ၂၉ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ ကျန်းမာရေး စည်းကမ်းများနှင့်အညီ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ညောင်တုန်းမြို့ မဟာဝိသုတာရာမတိုက်သစ် အတွင်း အပူဇော်ခံထားရှိသည့် နှစ်ကျိပ်ရှစ်ဆူဘုရားများကို နိုဝင်ဘာ ၂၄ ရက် ညနေပိုင်းက ညောင်တုန်းမြို့ ပီတိပရဟိတအဖွဲ့က ဦးဆောင်၍ အမှတ်(၁) ရပ်ကွက် ယာယီစံကျောင်းတော်သို့ ပင့်ဆောင်ထားပြီးဖြစ်ရာ နိုဝင်ဘာ ၂၉ ရက် ညနေပိုင်းတွင် မြို့တွင်းသို့ ဘောဂလမ်း- ဗိုလ်ချုပ်လမ်း - ရန်ကုန် - ညောင်တုန်း ကားလမ်း- သိမ်လာလမ်း - ဗိုလ်မင်းရောင်လမ်း - အာဇာနည်လမ်း၊ ဇက်ဆိပ်လမ်းမတော် မှ (၂၁)လမ်းအထိ (မြို့အရှေ့ပိုင်းသို့)လည်းကောင်း၊ (၂၁)လမ်းမှ ကျွန်းထိပ်ပိုင်းတာလမ်း- တောရကျောင်း (မြို့ပတ်တာ)လမ်း၊ တောရကျောင်းလမ်း၊ ဗိုလ်ချုပ်လမ်းမှ တိုက်သစ်လမ်း(မြို့အနောက်ပိုင်းသို့)လည်းကောင်း လှည့်လည်အပူဇော်ခံမည်ဖြစ်သည်။

ယခုနှစ် လှည့်လည်ရာတွင် ကိုဗစ်-၁၉ ကြောင့် ယခင်နှစ်များကဲ့သို့ နှစ်ရက် မလှည့်တော့ဘဲ ၂၉ ရက် တစ်ရက်တည်းသာ လှည့်လည်မည်ဖြစ်ကာ ဒေဝဝင်း၊ ရာဇာဝင်း၊ လှပျိုဖြူအမျိုးသမီးငယ်များ၊ ပဒေသာပင်များ၊ ဆင်အက၊ ဆီမီးရောင်စုံအက၊ ယိမ်းအကအလှနှင့် တေးဂီတများလည်း မပါဝင်တော့ဘဲ နှီးဆော်ရေး/ပြန်ကြားရေးအတွက် ယာဉ်တစ်စီး၊ ဝတ်ရွတ်အဖွဲ့အတွက် ယာဉ်တစ်စီး၊ နရီ တီးဝိုင်းအဖွဲ့အတွက် ယာဉ်တစ်စီးနှင့် ဘုရားပင့်မည့် ယာဉ်သုံးစီးတို့ဖြင့်သာ လှည့်လည်မည်ဖြစ်ကြောင်း၊ ထို့အပြင် ဘုရားများလှည့်လည် အပူဇော်ခံရာတွင် ဝတ်ရွတ်အဖွဲ့ယာဉ်မှလွဲ၍ အခြားမည်သည့်ယာဉ်မှ အသံချဲ့စက်၊ ဆောင်းဘောက်များ တပ်ဆင်သုံးစွဲမည် မဟုတ်ကြောင်း၊ ကိုဗစ်-၁၉ ကာလဖြစ်၍ ရိုးရာအစဉ်အလာမပျက်ရေးနှင့် အန္တရာယ်ကင်းစေရေးအတွက် တစ်ရက်တည်းသာ ကျင်းပသွားရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈ - ၁၁ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၁၅၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၂၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၁၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၈၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၂၄၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၃၀/၅၈၅ | ကျပ် | ၅၆၅/၅၉၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၄၀/၅၉၅ | ကျပ် | ၅၈၅/၆၁၀ | ကျပ် |
| အောက်တိန်း ၉၂ | ၅၀၅/၅၄၅ | ကျပ် | ၅၇၀/၅၈၅ | ကျပ် |
| အောက်တိန်း ၉၅ | ၆၃၅/၆၅၅ | ကျပ် | ၇၀၀/၇၂၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၁၄ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၆၄ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၇၈ . ၇၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၅၄ . ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၅၈ . ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၆၅ . ၈၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၉ . ၇၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၇၇၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၈ . ၇၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၁ . ၆၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၂၉၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၉၀၀ | ၇၇၉ | ၇၇၁၂၁၀၀ |
| MTSH | ၃၇၅၀ | ၃၇၀၀ | ၈၈၈၄ | ၃၂၈၉၉၇၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၁၀ | ၈၄၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၉၀ | ၁၉၈၀၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၂ | ၅၄၀၀ |
| EFR | ၃၉၀၀ | ၃၉၀၀ | ၄၁ | ၁၅၉၉၀၀ |

ခင်ရတနာ - စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-**၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm


HTOO
ကိုဗစ် ကူးစက်နှုန်း မြင့်မားနေသေးတာကြောင့် စတေးဟုမ်းကြပါလို့ ကြေညာချက်ထုတ်ပြန်ထားတယ်နော်....
ဘောလုံး ခြံအပြင် ထွက်သွားလို့ လိုက်ကောက်တာပါ...
ဟဲ့ကောင်..ပြေး.. အိမ်ထဲ ပြန်ဝင်စမ်း.. လူကြီးက ပြောနေတာကို ပမာမခန့်မလုပ်ရဘူး..တယ်ခက်ပါလား..
သူများတွေကို မထွက်နဲ့ ပြောပြီး.. သူကျတော့.....
အား..ဒီကောင်ကွာ...
ဟောဒီ ဘာဘတင့်က ရပ်ကွက်လူကြီးဆိုတော့ ရပ်ကွက်ကိစ္စတွေကြောင့် မထွက်မဖြစ်ထွက်နေရရှာတာကွ
ရှင်းပြလိုက် ကိုပေါက်စီ
ကြော်..မေးရဦးမယ်.. ဥသက မန်ယူပွဲ ဘယ်လိုဖြစ်သွားတယ်တဲ့လဲ ဦးတင့်..
ဘယ်သိမလဲ.. ကျုပ် ဘောလုံးပွဲ ဝါသနာမပါဘူး...
ဦးတင့်က အပြင်ထွက်နေတာဆိုတော့ သတင်းစုံကြားရတာလို့ မေးကြည့်တာ..ဟီး..
အားအား ယားယား အရပ်ထဲလည်ပြီး စပ်စုနေတယ်များ ထင်နေသလားကွာ... ငါ.....နော်...




ပလာတူး
ကာတွန်း စမ်းချောင်းကိုကိုအောင်
ပလာတူး၊ မင်းအဖေက မင်းကို မဆူတော့ပါလား၊
ငါတို့အိမ်က ဘာသံမှ မကြားရတော့ဘူး၊
မင်းအရင်လို ဖျောက်ရှုံးအောင် မဆော့တော့ဘူးပေါ့၊
ငါ ဖျောက်ရှုံးအောင်ဆော့လိုက်လို့ ငါ့အဖေ မျက်မှန် ကျကွဲသွားတာလေ..၊
သူက မျက်မှန်မပါရင် ဘာမှ မမြင်ရဘူးလေ...၊
မှန်လဲပြီးရင်တော့ ဆူသံတွေ ပြန်ကြားရမှာပါ၊


ချစ်ချစ်
သမီး ဘာကူလုပ်ပေးရမလဲ မေမေ
အမယ်.. တုံးတုံးဆန်းဆန်း
ဆရာမက ပြောထားတယ် မေမေရဲ့....
ကျောင်းပိတ်ရက်မှာ မေမေ့ရဲ့ မီးဖိုချောင်အလုပ်တွေကို ကူညီပေးရမယ်တဲ့
ဒါဆိုလည်း မေမေ ဟင်းချက်နေတုန်း သမီးက ဆန်ဆေးလေးထား ဟုတ်ပြီလား....
ဟုတ်ကဲ့ မေမေ..
ဆန်ဆေးလို့ ပြီးပါပြီ...
သေချာကော ပြောင်အောင် ဆေးရဲ့လား
ဆပ်ပြာမှုန့်နဲ့ သေသေချာချာ ဆေးထားပါတယ် မေမေရဲ့


ကာတွန်း ဆွေချစ်
ဟေ့.. ဝတုတ်လေး မနေ့က ဒီရပ်ကွက်ထဲ ရောက်တာ မကြာသေးဘူး.. လျှောက်သွားမနေနဲ့နော်..
လမ်းပျောက်နေဦးမယ်..
ရပါတယ် ကိုကြီးတို့ရဲ့.. ကျွန်တော်က ဒီရပ်ကွက်ကို ကျွမ်းသွားပါပြီဗျ..
အံမယ်.. ဟုတ်ပါ့မလားကွာ..
ဟုတ်ပါတယ်ဆိုမှ..
ဟဲ့.. ဒါဆို.. တို့ရပ်ကွက်ကို အရှေ့.. အနောက်.. တောင် မြောက်.. ဘယ်လိုခွဲခြားပြီး.. မှတ်မိသလဲ...
ပြောပါဦး
ဒီလိုလေ.. ရေခဲမုန့်ဆိုင်ရှိတာက အရှေ့.. ခေါက်ဆွဲကြော်ဆိုင်ရှိတာက အနောက်.. ကိတ်မုန့်တိုက်ရှိတာက တောင်.. မုန့်မျိုးစုံရောင်းတဲ့ဆိုင်က မြောက်..
အံမယ်..
ဒီလိုရောက်ကတည်းက.. မုန့်ပတ်စားပြီး မှတ်ထားတာလေ.. ဟီး.. ဟီး..
သူ့ဟာနဲ့သူတော့ ဟုတ်နေသားပဲ.. အတော်လည်တဲ့ ဝတုတ်.. အစားပုတ်ကလေး...
ဟုတ်ပါ့


ဘကျော်
ဘာဖြစ်နေတာလဲ ဘယ်ကျော်ရ...
ငါတို့သာ အခု ကျောက်ခေတ်မှာဆို သိပ်ကောင်းမှာကွ...
ဘာ... ဘယ်လို...
ကျောက်ခေတ်က လူတွေဆို သူတို့နေတဲ့ဂူနံရံပေါ်မှာ ပုံတွေဆွဲခဲ့ကြတာကွ
အခုဆို အဲဒီပန်းချီတွေကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်လို့တောင် သတ်မှတ်ထားကြပြီ...
ဟား...ဟား...ဟား... လက်စသတ်တော့ မင်းက နံရံပေါ်မှာ ပုံဆွဲချင်နေတာကိုး...
ပုံဆွဲချင်တာ မဟုတ်ဘူးဟေ့....နံရံပေါ်မှာ ပုံဆွဲလိုက်မိလို့ မေမေက ဆူလွှတ်လိုက်လို့ကွ...

## အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့

**INTERNATIONAL DAY OF PERSONS WITH DISABILITIES**

**"Building Back Better: toward a disability-inclusive, accessible and sustainable post COVID-19 World "**

"ပိုမိုကောင်းမွန်သည့် COVID –19 အလွန်ကမ္ဘာတည်ဆောက်ဖို့ မသန်စွမ်းသူများ လက်လှမ်းမီပါဝင်ပြီး ရေရှည်တည်တံ့စေရန် ကြိုးစားစို့"

နေပြည်တော် ၃.၁၂.၂၀၂၀

## ပေါက်တောမြို့နယ်၌ မြစိမ်းရောင်စီမံကိန်း ငွေကျပ် ၃၈၂ သိန်း ထုတ်ချေးပေး

**ပေါက်တော နိုဝင်ဘာ ၂၈**

ပေါက်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တောင်းဖူးကျေးရွာ၌ ယမန်နေ့က မြစိမ်းရောင်စီမံကိန်း ပဉ္စမအကြိမ် ငွေထုတ်ချေးပေးခြင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ် - ၁၉ ညွှန်ကြားချက်နှင့်အညီ ထုတ်ချေးပေးခဲ့သည်။

အဆိုပါ ငွေထုတ်ချေးပေးရာတွင် စုစုပေါင်းအသင်းသားဦးရေ ၁၁၃ ဦးအတွက် မြစိမ်းရောင်စီမံကိန်းလည်ပတ်ရန်ပုံငွေကျပ် ၃၈၂ သိန်းကို ကျေးရွာ မြစိမ်းရောင်ကော်မတီဝင်များမှ ထုတ်ချေးပေးမှုကို မြို့နယ်ဦးစီးမှူး ဦးဦးသန်းထွန်းနှင့် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## တောင်ငူတွင် မြို့တည်နန်းတည် ၅၁၀ ပြည့်နှစ် အထိမ်းအမှတ် အရဏ်ဆွမ်းလောင်းလှူ

**တောင်ငူ နိုဝင်ဘာ ၂၈**

(၈၉) ကြိမ်မြောက် နှစ်ကျိုပ်ရှစ်ဆူဘုရားများ ဒေသစာရီလှည့်လည်ပူဇော်ပွဲနှင့် ကေတုမတီ (တောင်ငူ)မြို့တည်နန်းတည် ၅၁၀ ပြည့်နှစ် အထိမ်းအမှတ် ကုသိုလ်အဖြစ် ယနေ့နံနက် ၄ နာရီတွင် တောင်ငူမြို့ ရွှေနှင်းဆီဓမ္မဗိမာန် ၃၆၅ ရက် အရုဏ်ဆွမ်းလောင်းအသင်းတွင် အလှူရှင် CB Bank ဥက္ကဋ္ဌကြီး မိသားစု၏ ကိုယ်စား တောင်ငူခရိုင် အုပ်ချုပ်ရေးမှူး ဦးမိုးထက် ဦးဆောင်ပြီး ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ် အုပ်ချုပ်ရေးမှူး၊ ခရိုင်သာသနာရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ ၃၆၅ ရက် အရဏ်ဆွမ်းလောင်းအသင်းသူ အသင်းသားများ၊ ပရဟိတအကျိုးဆောင်များက ဆွမ်းခံကြွရောက်လာသည့် ရဟန်းသံဃာတော် သီလရှင်များကို ကုသိုလ်ပြု လောင်းလှူခဲ့ကြကြောင်း သိရသည်။

**သူရ (တောင်ငူ)**

### ကျောင်းအလှူ လှူဒါန်းနိုင်

သာကေတ ၊ အောင်စကြာမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ကိုယ်ပိုင်ယောဂီခန်း ကျပ် (၁၂၅) သိန်း၊ ဓမ္မသဘင်ခန်းမဆောင်(၁၀)ပေ၊ တစ်ခန်းကျပ်သိန်း (၅၀)၊ ထေရာဝါသစံကျောင်း ၊ ကျပ်သိန်း (၁၅၀)၊ လှေခါးတခွင်ကျပ် (၂၅)သိန်း၊ တံခါးတစ်ပေါက် ကျပ် (၆)သိန်း၊ မျက်နှာကျက် (၁၀)ပေ၊ ကျပ်(၃)သိန်း၊ ကျွန်းပါကေး (၁၀)ပေ၊ ကျပ်(၆)သိန်း၊ တိုင်တစ်လုံး ကျပ် (၅)သိန်း လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။ ကမ္ပည်းရေးထိုးပေးပါမည်။

ဖုန်း - ၀၉၅၁၄၇၃၈၂၀၁-၅၄၇၀၂၈

### မြန်မာနိုင်ငံ ဗိသုကာအသင်း
### (Association of Myanmar Architects )
### ဗိသုကာသက်ကြီး ပူဇော်ပွဲ ဖိတ်ကြားခြင်း

မြန်မာနိုင်ငံ ဗိသုကာအသင်း၏ ဗိသုကာ သက်ကြီးပူဇော်ပွဲကို ယခုနှစ်တွင် Covid –19 အခြေအနေကြောင့် Online အစီအစဉ်ဖြင့် ကျင်းပပြုလုပ်သွားပါမည်။ အသင်းသူ/သားများ ပါဝင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် ။ ။ ၁၂-၁၂-၂၀၂၀ (စနေနေ့)
အချိန် ။ ။ နေ့လယ် ၁၄:၀၀ – ၁၆:၀၀
နေရာ ။ ။ Online (Zoom)

အခမ်းအနားသို့ ဝင်ရောက်ရန် Link ပေးပို့ပေးပါမည်။ တက်ရောက်ရန် AMA pageတွင် Register ပြုလုပ်ပါရန်။

ဗိသုကာသက်ကြီးပူဇော်ပွဲတွင် အသက် (၇၅) နှစ်နှင့် အထက် ဗိသုကာသက်ကြီး ပြည်တွင်း (၂၁) ဦးနှင့် ပြည်ပ (၆) ဦးတို့အား ပူဇော်ကန်တော့ကြမည်ဖြစ်သောကြောင့် အလှူငွေများအား အောက်တွင်ဖော်ပြထားသော ငွေလွှဲအကောင့်များသို့ ကြိုတင်ပေးပို့ လှူဒါန်းနိုင်ပါသည် –

K Pay– Daw Moe The Phyu (09–73154460)
Wave – Daw Hay Mar Myo Myat ( 09–73154460 )

လှူဒါန်းမှုအတွက် လက်ခံဖြတ်ပိုင်းနှင့်စာရင်းအားAMA Page တွင် တင်ပေးမည်ဖြစ်ပြီး အလှူရှင်မှ စစ်ဆေးအတည်ပြုပေးရမည်ဖြစ်ပါသည်။

အလှူပစ္စည်းများ ပေးပို့လှူဒါန်းလိုသူများ အနေဖြင့် 09–73154460 သို့ ရုံးချိန်အတွင်းဆက်သွယ်ကာ ကြိုတင်ချိန်းဆိုလှူဒါန်းနိုင်ပါသည်။

ငွေလွှဲရန် အခက်အခဲများရှိပါက– ဦးထင်ကျော်မြင့် 09–43003729
ဒေါ်မိုးသဲဖြူ 09–421016598

**ကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ**
**မြန်မာနိုင်ငံဗိသုကာအသင်း**
**ဖုန်း–၀၉–၇၃၁၅၄၄၆၀ ၊ ၀၉–၄၄၃၁၅၄၄၆၀**
**Amarchitects2001@gmail.com**







ကမ္ဘာ့အပူချိန်
လျှော့ချဖို့
အိုဇုန်းလွှာ
ကာကွယ်မှုနဲ့အတူ
ဆက်လက်
ဆောင်ရွက်စို့

နေရောင်အောက်က
သက်ရှိတွေကို
စောင့်ရှောက်ဖို့
အိုဇုန်းလွှာကို
ထိန်းသိမ်းစို့

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာချက်

မန္တလေးမြို့၊ အောင်မြေသာစံမြို့၊ မေဃာသီရိရပ်ကွက်၊ အမှတ် ၁၄၂ နေ ဦးအောင်ကို ၉/အမဇ(နိုင်)၀၃၆၆၆၇ သည် အောက်ဖော်ပြပါ **"ရွှေလက်ရာ"** ကုန်အမှတ်တံဆိပ်ကို မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မိမိ၏ တစ်ဦးတည်းမူပိုင်အမှတ်တံဆိပ်ဖြင့် မှတ်ပုံတင်ပြီး စဉ်ဆက်မပြတ်သုံးစွဲလျက်ရှိပါသည်။




၄/၉၃၇/၂၀၁၇

အထက်ပါ **"ရွှေလက်ရာ"** တံဆိပ်အမှတ်အသားကို အသုံးပြုကာ အထက်ပါကုန်အမှတ်တံဆိပ်မူပိုင်ရှင်သည် ငါးပိထောင်းအမျိုးမျိုးကို ထုပ်ပိုးမှုပုံစံအမျိုးမျိုး၊ ထုပ်ပိုးသည့်အရွယ်အစားအမျိုးမျိုး၊ ပလတ်စတစ်အိတ်များ၊ ပလတ်စတစ်ဘူးများ စသည်ဖြင့် ထုတ်လုပ်ထုပ်ပိုးကာ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချိလျက်ရှိပါသည်။

မည်သူမဆို ဦးအောင်ကို၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ အထက်ဖော်ပြပါ **"ရွှေလက်ရာ"** ကုန်အမှတ်တံဆိပ်ကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အတုပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း မပြုလုပ်ကြပါရန်နှင့် ထိုသို့ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်စိုးဝင်း LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၆၃၂)**
**အမှတ် ၁၅/ခ(၁)၊ အကွက် ၆၇၊ ပြည်ကြီးရန်လုံရပ်ကွက်၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း–၀၂–၄၀၇၅၅၆၀၊ ၀၉–၉၆၂၀၅၇၅၇၈၊ ၀၉–၇၈၂၀၅၇၅၇၈**

## စာအုပ်စာပေ လူ့မိတ်ဆွေ



**အမျိုးသားအောင်ပွဲနေ့ ရာပြည့်အထိမ်းအမှတ်စာအုပ်တွင် ဖော်ပြနိုင်ရန်အတွက်**
**ဓာတ်ပုံနှင့်မှတ်တမ်းအထောက်အထားများတောင်းခံခြင်း**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ မြို့မကျောင်းသားကျောင်းသူဟောင်းအသင်းနှင့် ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းတို့မှ ပူးပေါင်း၍ အမျိုးသားအောင်ပွဲနေ့ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်စာစောင် ထုတ်ဝေမည်ဖြစ်ပါသည်။

ထိုစာစောင်တွင် ဖော်ပြနိုင်ရန်အတွက် ၁၉၂၀ ပထမကျောင်းသားသပိတ်တွင် ကိုယ်တိုင်ပါဝင်ခဲ့သော ကျောင်းသားခေါင်းဆောင်ကြီးများ၏ မှတ်တမ်းဓာတ်ပုံများ၊ မှတ်စုလက်ရေးမူများနှင့် မြန်မာပြည်အရပ်ရပ်ရှိ အမျိုးသားကျောင်းများ၏ မှတ်တမ်းဓာတ်ပုံများ၊ မှတ်စုမှတ်ရာအထောက်အထားများကို ပေးပို့ကြပါရန် တောင်းခံအပ်ပါသည်။

| | |
|---|---|
| **ပေးပို့ရမည့်နောက်ဆုံးရက်** | – ၂၅-၁၂-၂၀၂၀ ရက် |
| **မှတ်တမ်းဓာတ်ပုံနှင့်အထောက်အထားများ** | – မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း |
| **ပေးပို့ရမည့်လိပ်စာနှင့်ဖုန်းနံပါတ်** | – အမှတ်(၆၈)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊<br>ဖုန်း-၀၁၈-၂၅၀၁၅၃<br>၀၁၈-၃၇၇၂၃၄၊ ၀၉-၇၆၅၇၁၁၇၀၇<br>Email-oldmyoma 100 @ gmail com |

**အမျိုးသားအောင်ပွဲနေ့ရာပြည့်အထိမ်းအမှတ်**
**စာအုပ်ဖြစ်မြောက်ရေးကော်မတီ**

# Invitation for Bids

Republic of the Union of Myanmar
Agricultural Development Support Project (ADSP)
Ministry of Agriculture, Livestock and Irrigation
Contract Title: Procurement of Machineries & Equipment for IWUMD
Reference No. ADSP/NCB/G-83

1. The Government of Myanmar has received financing from the International Development Association (IDA) of the World Bank Group toward the cost of the Agriculture Development Support Project, and intends to apply part of the proceeds toward payments under the contracts for ADSP/NCB/G83, Procurement of Machineries & Equipment for IWUMD
2. The Irrigation and Water Utilization Management Department, Ministry of Agriculture, Livestock and Irrigation, now invites sealed bids from eligible bidders for the supply of Machineries & Equipment for IWUMD
3. Bidding will be conducted through the National Competitive Bidding procedures as specified in the World Bank's Guidelines: Procurement of Goods, Works and Non-Consulting Services under IBRD Loans and IDA Credits &Grants by World Bank Borrowers[insert correct title and date of applicable Guidelines edition as per legal agreement] ("Procurement Guidelines"), and is open to all eligible bidders as defined in the Procurement Guidelines. In addition, please refer to paragraphs 1.6 and 1.7 setting forth the World Bank's policy on conflict of interest.
4. Interested eligible bidders may obtain further information from the address below and inspect the bidding documents during office hours e i.e. 09:00 to 16:00 hours Myanmar time at the address given below.
5. A complete set of bidding documents in English can be obtained by interested eligible bidders upon the submission of a written application to the address below. The Bidding Documents will be issued free of charge, through e-mail only.
6. Bids must be delivered to the address below on or before 29.12.2020, 14:00 hours, Myanmar time. Electronic bidding will not be permitted. Late bids will be rejected. Bids will be publicly opened in the presence of the bidders' designated representatives and anyone who choose to attend at the address below,
7. All bids must be accompanied by a Bid Securing Declaration (in accordance with the format provided in the Bidding Documents)
8. The address referred to above is:

Attention : Mr. KaungMyat Thein, Director of Procurement, Irrigation and Water Utilization Management Department, email: procurement1iwumd@gmail.com
Cc to Mr. Nyein Chan Soe, ADSP National Procurement Specialist, Email : nyeinchansoe02@gmail.com
Address: Ministry of Agriculture, Livestock and Irrigation, Irrigation and Water Utilization Management Department, Address: Building No.43, 1stfloor , MOALI, Nay Pyi Taw, Myanmar. Phone: +95-67-410316, Fax: + 95-67-410509]

**သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး**




MCB
Myanmar Citizens Bank

## မြန်မာနိုင်ငံသားများဘဏ်လီမိတက်
## အစုရှယ်ယာရှင်များသို့ ဖိတ်ကြားခြင်း

မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ၊ ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ စာရင်းရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာများကို အတည်ပြုရန်၊ ဒါရိုက်တာများရွေးချယ်တင်မြှောက်ရန်တို့အတွက် (၂၈)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကြီးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ အာဏာပိုင်များ၏ လမ်းညွှန်ချက်များအား လိုက်နာလျက် Online အသုံးပြု၍ အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအား Zoom Meeting ဖြင့် တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည် -

| | |
|---|---|
| **ကျင်းပမည့်နေ့ရက်** | – ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ (၂၀)ရက် (တနင်္ဂနွေနေ့) |
| **ကျင်းပမည့်အချိန်** | – နံနက် (၁၀:၀၀)နာရီ မှ မွန်းလွဲ (၁၂:၃၀)နာရီ အထိ |
| **ကျင်းပမည့်ပုံစံ** | – Zoom Online Meeting |

**မှတ်ချက်** - အစုရှယ်ယာရှင်များထံ အစည်းအဝေးတက်ရောက်ရမည့် Zoom Webinar Link အား SMS ဖြင့် ပေးပို့အကြောင်းကြားရမည်ဖြစ်ရာ အစုရှယ်ယာရှင်များ၏ ဘဏ်နှင့် YSX တို့တွင် မှတ်ပုံတင်ထားသည့် နေရပ်လိပ်စာနှင့် Mobile ဖုန်းနံပါတ်များ မှန်ကန်ရန်လိုအပ်ပါသည်။

- သို့ဖြစ်၍ အစုရှယ်ယာရှင်များအနေဖြင့် ဘဏ်မှပေးပို့သည့် ဖိတ်ကြားလွှာ ရောက်ရှိချိန်၌ ဖိတ်စာပေါ်တွင် ဖော်ပြထားသည့် ဘဏ်၌ မှတ်တမ်းတင်ထားသော အစုရှယ်ယာရှင်၏ Mobile ဖုန်းနံပါတ်အား မှန်/မမှန် စစ်ဆေးပေးရန်နှင့် (သို့မဟုတ်) Mobile ဖုန်းနံပါတ်ပေးထားခြင်းမရှိပါက ကွဲလွဲနေပါက မိမိတို့၏ Mobile ဖုန်းနံပါတ်အမှန်များအား 09-974039934 ထံသို့ ၁၅-၁၂-၂၀၂၀ နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ Message ပို့ပေးရန် မေတ္တာရပ်ခံအပ်ပါသည်။

**မြန်မာနိုင်ငံသားများဘဏ်လီမိတက်**

**THE REPUBLIC OF THE UNION OF MYANMAR**
**MINISTRY OF AGRICULTURE, LIVESTOCK AND IRRIGATION**
**Irrigation and Water Utilization Management Department (IWUMD)**
**Loan No. 3477-MYA: Irrigated Agriculture Inclusive Development Project (IAIDP)**

**INVITATION FOR EXPRESSIONS OF INTEREST**

**Position: National Procurement Officer – up to 12person-months**

The Republic of the Union of Myanmar has received a loan from the Asian Development Bank (ADB) for theIrrigated Agriculture Inclusive Development Project (IAIDP).The main objective of the consulting services is to assist IWUMDProject Administration Unit (PAU) in day-to-dayimplementation ofprocurement activities under the Project. Interested MyanmarNationalsmay submit their Expression of Interest (EOI) in the standard form: "Template for Expression of Interest (Individual Consultants)" which can be obtained via the following link:
https://www.adb.org/sites/default/files/page/82619/files/adb-tas-eio-ind.doc
Terms of Reference (TOR) for the above consulting position may be obtained by sending an e-mail to: iaidp.mm@gmail.comand CC to dr.myintnpt@gmail.com , jarnuco@yahoo.com and aungtunwinn7@gmail.com
EOIswith CVs per ADB Format must be submitted online via the same e-mail addresses given above.
OR Online via ADB's Consultant Management System (CMS) Web Link:
https://selfservice.adb.org/OA_HTML/adb/adbpos/jsp/DBCMSHomepage.jsp.
Remarks: After the completion of the initial 6 person-months contract, theconsultant's performance will be evaluated and, if found satisfactory, the contract may be extended accordingly.
Deadline for EOI submission is: 18 December2020 at 2:00 PM (Myanmar standard time). Late submission of EOIwill not be considered. Please note that only shortlisted candidate will be contacted for personal interview.

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်

- နေအပူချိန် မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်း ကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော် လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော် လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန် အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသော ရက်များတွင် ငါးများ ခေါင်းထောင်လျက် ကူးခပ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များ မောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေ့လှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေးဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန်(မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေ အပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကိုရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေးရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှု အခြေအနေများကို နေ့စဉ်နံနက် (၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေ ပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်**
**ဆည်မြောင်းဝန်ကြီးဌာန၊**
**ငါးလုပ်ငန်းဦးစီးဌာန**

ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် ရာပြည့်သဘင် အထိမ်းအမှတ် အခမ်းအနား
(Virtual Celebration)

CENTENARY OF THE UNIVERSITY OF YANGON

ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင် ၁၉၂၀ ၂၀၂၀

University of Yangon

နေရာ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမနှင့် MRTV Studio-1 တို့တွင် Virtual စနစ်ဖြင့် ကျင်းပပြုလုပ်မည်
နေ့ရက် ၁-၁၂-၂၀၂၀ (အင်္ဂါနေ့)
အချိန် ညနေ (၅) နာရီ

ON MRTV မြန်မာ့ရုပ်မြင်သံကြား MRTV Facebook Page

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
## အခြေခံကျောင်းသုံးစာအုပ်များ
## ခရိုင်အသီးသီးသို့ ပို့ဆောင်နိုင်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ရိုက်နှိပ်သော အခြေခံကျောင်းသုံး ပြဋ္ဌာန်းစာအုပ်များအား ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့ရှိ ပုံနှိပ်စက်ရုံများမှ မြန်မာပြည်အနှံ့အပြားရှိ ခရိုင်စုစုပေါင်း (၁၇၆)ခရိုင်သို့ ပို့ဆောင်နိုင်ရန် တင်ဒါခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို ၂၁-၁၂-၂၀၂၀ရက်မှ ၉-၁-၂၀၂၁ရက်အထိ နေ့စဉ်(ရုံးပိတ်ရက်မပါ) နံနက် ၉:၃၀နာရီမှ ညနေ ၄ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်နှင့် အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ရန်ကုန်ရုံးတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၁-၂၀၂၁ရက် နံနက် ၉:၃၀နာရီမှ ညနေ ၄နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
| **ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန** | **ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တင်ဒါလက်ခံရေးနှင့်** |
| **ပြန်ကြားရေးဝန်ကြီးဌာန** | **စိစစ်ရေးကော်မတီ** |
| **ရုံးအမှတ်(၇)၊ နေပြည်တော်** | **ပြန်ကြားရေးဝန်ကြီးဌာန** |
| **အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ရန်ကုန်ရုံး** | **ရုံးအမှတ်(၇)၊ နေပြည်တော်** |
| ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ | **အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ရန်ကုန်ရုံး** |
| ၀၁-၃၈၂၀၇၀၊ ၀၁-၃၈၀၈၀၄ | ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅၊ |
| | ၀၁-၃၈၂၀၇၀၊ ၀၁-၃၈၀၈၀၄ |

## မိုးကုတ် - မင်္ဂလာ ပဋ္ဌာန်းအဘိဓမ္မာကျမ်းများ

▲ သုံးချက်စုချုပ်ပို့စဉ် ▲ ယမကဝီထိမဂ္ဂရှိနှင့် အဘိဓမ္မာတံခွန် ▲ ညဝါတံခွန်

မိုးကုတ်ဆရာတော်ဘုရားကြီး စာချုပ်သဝနှင့် ဆရာကြီးဦးအုန်းတို့၏ ညွှန်ကြားချက်အရ

ခရစ်-၁၉၂၆၊ ကောဇာ-၁၂၈၈ ခုနှစ်မှစ၍ အကြိမ်ကြိမ်ပုံနှိပ်ထုတ်ဝေသည်။

မိမိတို့၏ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ အကြောင်းအကျိုးဖြစ် ချုပ်သဘောတို့ကို နည်းနယ အမျိုးမျိုးဖြင့် မြတ်ဘုရားဟောတော်မူသော အဘိဓမ္မာပိဋကမှ (ဓာတုကထာ၊ ယမိုက်၊ ပဋ္ဌာန်း) ဒေသနာတော်ကို ဂန္ထန္တရ အထောက်အထားများ၊ ဥပမာ၊ ဥပမေယျများ၊ နေ့စဉ်အကြောင်းအရာများဖြင့် ယှဉ်၍ လွယ်ကူစွာ ချပို့နိုင်၊ သင်နိုင်ကျင့်နိုင်၊ ထိုးထွင်းမြင်နိုင်ရန် - စာချ၊ စာသင်၊ အလွတ်လေ့လာသူတိုင်း (မှာယူ) ပူဇော်နိုင်ပါပြီ။

ပူဇော်နိုင်ပါပြီ။

ဖြန့်ချိရေး
၁။ ထုတ်ဝေသူ ဖုန်း - ၀၉ ၇၈၄ ၉၀၂ ၂၇၆ ၊ ၀၉ ၇၃ ၀၈၇ ၀၉၁။
၂။ ဣန္ဒာသယပိဋကတ်စာအုပ်ဆိုင်
ဆိုင် - ၂၇-၂၈-၂၉ , ရွှေတိဂုံဘုရားတောင်ဘက်မုခ်ဈေးတော်ရုံ၊ ရန်ကုန်မြို့။
အိမ် - ၇၀/၁, ပိုက်လုံးလမ်း (ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်နှင့် ကြားတောရလမ်းကပ်လျက်၊ ဗဟန်းဈေးအနီး)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၅၀ ၀၂၇ ၄၇၅ ၊ ၀၉ ၄၃ ၁၅၅ ၈၀၂။
၃။ အနန္တသုခပိဋကတ်စာအုပ်ဆိုင်
ဆိုင် - ဘီ-ရုံ (ပထမထပ်)၊ ဈေးချိုတော်၊ မန္တလေးမြို့။
အိမ် - ၃၈၆, ၈၁-လမ်း (၃၀,၃၁လမ်းကြား၊ အထက-၂ ရှေ့) ချမ်းအေးသာစံမြို့နယ်၊မန္တလေးမြို့။
ဖုန်း - ၀၉ ၉၁ ၀၀၀ ၇၇၅။

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ထိန်းသိမ်းရေးဌာနခွဲ၊ ဖောင်းတူရေလှောင်တမံတွင် အောက်ပါလုပ်ငန်းအား ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများသို့ မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-
(က) ဖောင်းတူရေလှောင်တမံပြုပြင်ရန်အတွက် လိုအပ်သည့် တမံဖို့ကျောက်ကြီး (၁၁၅၀၀)ကျင်း ဝယ်ယူစုဆောင်းခြင်းလုပ်ငန်း
(Tender No.09/DHPI(P&W)/2020-2021)

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ်(၁)ဦးသာ Covid-19 ရောဂါဆိုင်ရာအကာအကွယ် (Mask နှင့် Face Shield) များဝတ်ဆင်၍ လာရောက်ဝယ်ယူပေးပါရန် မေတ္တာရပ်ခံပါသည်-

| | | |
|---|---|---|
| တင်ဒါပုံစံ ရောင်းချမည့်ရက် | - | ၁-၁၂-၂၀၂၀ရက် မှ ၇-၁၂-၂၀၂၀ရက် အထိ |
| တင်ဒါပုံစံ ရောင်းချမည့်အချိန် | - | မွန်းလွဲ ၁နာရီမှ ၂:၃၀နာရီအတွင်း |
| တင်ဒါပုံစံ ရောင်းချမည့်နေရာ | - | ရုံးအမှတ်(၂၇)၊ ရှေ့အဝင်ဂိတ် |
| တင်ဒါအဆိုပြုလွှာတင်သွင်းရမည့်ရက် | - | ၃၀-၁၂-၂၀၂၀ရက် မွန်းလွဲ ၂နာရီ၊ လက်ထောက်ညွှန်ကြားရေးမှူး(၅)ရုံး၊ အမှတ်(၁)တည် ဆောက်ရေး၊ ပန်းခင်းလမ်း၊ ပန်းခင်း(၂)ရပ်ကွက်၊ ပျဉ်းမနားမြို့ |

၃။ တင်ဒါကြော်ငြာပုံစံကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moee.gov.mmတွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၈၄၊ ၈၁၀၄၂၉၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရွှေဘိုတက္ကသိုလ်
## ပစ္စည်းဝယ်ယူရေးလုပ်ငန်းများဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်မည့် ရွှေဘိုတက္ကသိုလ်၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါ ပစ္စည်းဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်း ရန်ဖိတ်ခေါ်ပါသည် -

1. Non Control Items ၄၂ မျိုး
2. Machinery and Equipment ၅ မျိုး
3. Office Equipment ၈ မျိုး
4. Furniture ၁၈ မျိုး

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** | - | ၁-၁၂-၂၀၂၀ ရက် (အင်္ဂါနေ့) (ရုံးချိန်အတွင်း) |
| ၃။ | **တင်ဒါပိတ်မည့်ရက်/အချိန်** | - | ၃၀-၁၂-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄:၀၀ နာရီအထိ |
| ၄။ | **တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ** | - | ဘဏ္ဍာဌာန၊ ရွှေဘိုတက္ကသိုလ် |
| ၅။ | **အိတ်ဖွင့်တင်ဒါတင်သွင်း ရမည့်နေရာ** | - | ဘဏ္ဍာဌာန၊ ရွှေဘိုတက္ကသိုလ် |

၆။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို ရွှေဘိုတက္ကသိုလ်ဘဏ္ဍာဌာနတွင် ငွေပေးသွင်းပြီး ငွေသွင်းပြေစာမိတ္တူကို ပူးတွဲလျက် အိတ်ဖွင့်တင်ဒါအဆိုပြုလွှာကို တင်သွင်းရမည်။

၇။ အသေးစိတ်သိရှိလိုပါက ရွှေဘိုတက္ကသိုလ်၏ ဖုန်း-၀၇၅-၂၀၂၁၆၀၄၊ ၀၉-၇၉၈၀၈၇၅၇၉၊ ၀၉-၂၅၀၃၄၁၅၆၁ ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရေးကော်မတီ**
**ရွှေဘိုတက္ကသိုလ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ လုပ်ငန်းတာဝန်ခံအဖွဲ့များတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါစက်သုံးဆီများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည် -

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ဒီဇယ်ဆီ | (၄၆၅၀၀၀)ဂါလန် |
| (ခ) | ပရီမီယံဒီဇယ်ဆီ | (၁၀၀၀၀၀)ဂါလန် |
| (ဂ) | ဓာတ်ဆီ(Octane 92 Ron) | (၄၁၀၀၀)ဂါလန် |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁-၁၂-၂၀၂၀ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၉-၁၂-၂၀၂၀ ရက် ၁၂ : ၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ် အချက်အလက်များကို ဖုန်း-၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရ
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ ရေရရှိရေးနှင့် ရေပေးဝေရေး လုပ်ငန်းတာဝန်ခံအဖွဲ့၊ လှော်ကားရေတွန်းစက်ရုံအမှတ်(၁)နှင့် ရေကူးရေတွန်းစက်ရုံတို့တွင် အောက်ဖော်ပြပါ Pump & Motor များ ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီ၊ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် နိုင်ငံခြားကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | 1000 KW Pump & Motor (၃)စုံ | 1 Lot |
| (ခ) | 275 KW Pump & Motor (၃)စုံ | 1 Lot |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁-၁၂-၂၀၂၀ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၉-၁၂-၂၀၂၀ ရက် (၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ (ပထမထပ်) ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကချင်ပြည်နယ်အစိုးရအဖွဲ့၊ နည်းပညာတက္ကသိုလ်(ဗန်းမော်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နည်းပညာတက္ကသိုလ်(ဗန်းမော်)တွင် ငွေလုံးငွေရင်း(စက်ပစ္စည်း)ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါပစ္စည်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည် -

| | | | |
|---|---|---|---|
| (က) | Non Control Item | (ဂ) | Office Equiment |
| (ခ) | Machinery Equipment | (ဃ) | Furniture |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၁၂-၂၀၂၀ ရက်တွင် နည်းပညာတက္ကသိုလ်(ဗန်းမော်)တွင် စတင်ရောင်းချမည်ဖြစ်ပြီး အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၃၀-၁၂-၂၀၂၀ ရက် ၁၅ : ၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဒုတိယပါမောက္ခချုပ်(ရုံး) ၀၉-၂၁၇၄၂၆၁ စီမံရေးရာဌာန ဖုန်း-၀၉-၂၅၉၀၆၈၉၆၈၊ ၀၉-၇၈၅၂၃၃၀၇၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ နည်းပညာတက္ကသိုလ်(ဗန်းမော်)**

ဖျံ့-၅-ကောင်
အမှတ်တံဆိပ်
ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(စာနယ်ဇင်း) ၂၁၄/၀၆၁၈
GENEVA GOLD STAR FOR QUALITY
ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
ရန်ကုန်မြို့ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
LONDON QUALITY CROWN QC 100
ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)
Ph.D (Alternative Medicines)
ဖျံ့-၅-ကောင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- 01- 838 0175 / 839 2594

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ပြင်ဦးလွင်ခရိုင်တရားရုံး
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၁၂၄

| | | | |
|---|---|---|---|
| ဒေါ်တင်တင်သန်း | နှင့် | ၁။ | ဒေါ်တင်တင်စိန် |
| | | ၂။ | ဦးသက်ထွန်း |
| **တရားလို** | | | **တရားပြိုင်များ** |

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ အမှတ်(၇၂)၊ ယူဂိုဆလပ်နေ (၁)တရားပြိုင် ဒေါ်တင်တင်စိန် (ယခုနေရပ်လိပ်စာမသိ)နှင့် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ အိမ်အမှတ် (၈၄)၊ ချယ်ရီလမ်းသွယ်နေ (၂)တရားပြိုင် ဦးသက်ထွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်တင်တင်သန်းက ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၃ရက် (၁၃၈၂ ခုနှစ် နတ်တော်လဆန်း ၉ရက်)မွန်းမတည့်မီ ၁၀:၁၀ နာရီတွင် အထက် အမည်ပါသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် နိုဝင်ဘာ ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန်းသီရိရွှေ)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
## စီမံကိန်းရေးဆွဲရေးဦးစီးဌာန
## ရခိုင်ပြည်နယ်အတွင်း
## ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်စီမံကိန်းဦးစီးရုံး၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အောက်ဖော်ပြပါ ခရိုင်/မြို့နယ်စီမံကိန်းဦးစီးရုံး ဝန်ထမ်းအိမ်ရာများကို ရေသန့်နှင့် လျှပ်စစ်လုပ်ငန်းများ အပါအဝင် ဆောက်လုပ်မည်ဖြစ်ပါ၍ တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-
(က) သံတွဲခရိုင်/မြို့နယ်စီမံကိန်းဦးစီးရုံးဝန်ထမ်းအိမ်ရာ RC(၂)ခန်းတွဲ (၂)ထပ် (၆၀'x၃၀')
(ခ) ရသေ့တောင်မြို့နယ်စီမံကိန်းဦးစီးရုံးဝန်ထမ်းအိမ်ရာRC(၂)ခန်းတွဲ(၂)ထပ် (၆၀'x၃၀')

| | | |
|---|---|---|
| ၂။ | **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** | - ၁-၁၂-၂၀၂၀ရက် |
